ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့ (8-2-2013) (၇၃၉၀)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် ကူညီရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ဥက္ကဋ္ဌ Mr.Haruhiko Kuroda ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းမြင့်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့✳

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ဥက္ကဋ္ဌ Mr.Haruhiko Kuroda အား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် သေနတ်သံချုပ်ငြိမ်းမှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မျှော်လင့်

နေပြည်တော် ဖေဖော်ဝါရီ ၇

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက နိုင်ငံတော်အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)တို့ ဖေဖော်ဝါရီ ၄ ရက်တွင် ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့မှုနှင့်ပတ်သက်၍ ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)ဆွေးနွေးရေးအဖွဲ့တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးအပြီး ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ကြိုဆိုပါကြောင်း၊ ကချင်ပြည်နယ်၌ စစ်မှန်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖြစ်ပေါ်လာအောင် ဆက်လက်ကြိုးပမ်းအားထုတ်သွားရန်လည်း တိုက်တွန်းပါကြောင်း၊ ယခုနောက်ဆုံးအကြိမ်ရရှိခဲ့သည့် နိုင်ငံတော်အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)တို့၏ ဆွေးနွေးသဘောတူညီချက်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ် သေနတ်သံချုပ်ငြိမ်းမှုကို ဖြစ်ပေါ်စေမည်ဟု မျှော်လင့်ထားကြောင်း ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ၎င်း၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာနမ်ဘီးယားသည် နိုင်ငံတော်အစိုးရတာဝန်ရှိသူများနှင့်အတူ ကချင်ပြည်နယ်အတွင်းရှိ ပဋိပက္ခများကြောင့် မိမိတို့၏ နေအိမ်များကိုစွန့်ခွာခဲ့သူ (IDP)စခန်းများသို့ သွားရောက်ခဲ့ပြီး အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အခြားသော မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် အတွင်းရေးမှူးချုပ်၏ အကျိုးဆောင်မှုများ၊ ဌာနေအေဂျင်စီများမှတစ်ဆင့် ကူညီပံ့ပိုးမှုများအပြင် လိုအပ်သည့် အကူအညီများပေးအပ်ရန်နှင့် မြန်မာပြည်သူများအတွက် ကူညီထောက်ပံ့ရန် ကတိကဝတ်ပြုထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

(သတင်းစဉ်)

မိဘပြည်သူများ စိတ်လက်ရွှင်လန်းကျန်းမာဖို့ နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းကို သွားကြစို့

သတင်းဆောင်းပါး
ဇော်မင်းအောင်(၁၀၇)

နိုင်ငံတော်အစိုးရသစ်လက်ထက်၌ ပွင့်လင်းမြင်သာသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာမှ မြန်မာနိုင်ငံအား အသိအမှတ်ပြုလာပြီး စိတ်ဝင်စားဖွယ်ရာ ခရီးစဉ်ဒေသတစ်ခုအဖြစ် သတ်မှတ်ကာ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ယခင်ကထက် ပိုမိုတိုးတက်ဝင်ရောက်လာသည်ကို တွေ့ရသည်။ နိုင်ငံခြားခရီးသွားဧည့်သည်များအား စိတ်ကျေနပ်မှုအပြည့်အဝပေးနိုင်မည့် နေရာတစ်ခုမှာ နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းပင် ဖြစ်ပေသည်။ (အောက်ပုံ)

စာမျက်နှာ ၉ ကော်လံ ၁ သို့❖

ယနေ့မိုးလေဝသ

ထူးခြားသည့် ညအပူချိန်များ

နမ့်စန်	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၅ ဒီဂရီစင်တီဂရိတ်

ကြော်ငြာအချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအပိုစာမျက်နှာ လေးမျက်နှာ ပါရှိပါသည်။

ကြေးမုံ စာတည်းရှုထောင့် ၈-၂-၂၀၁၃၊ သောကြာနေ့

ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ

သောင်ကျွန်းတစ်ကျွန်းတွင် ကိုင်းပင်များ ပေါက်ရောက်နေလျှင် ထိုကျွန်းမှာ ရေတိုက်စားသည့် ဒဏ်ခံနိုင်ရည်ရှိပြီး ကျွန်းသက်ရှည်တည်တံ့နိုင်လေသည်။ ထိုသို့ သောင်ကျွန်းရှိနေသဖြင့်လည်း ကိုင်းပင်များ ပေါက်ရောက်ရှင်သန်နိုင်ပါသည်။

ထို့အတူ လူမှုဘဝတွင်လည်း တစ်ဦးပေါ်တစ်ဦး အပြန်အလှန် အမှီသဟဲပြု၍ တစ်ဦးကိုတစ်ဦး အကျိုးပြုကာ ရပ်တည်နေထိုင်ကြရပေသည်။ ယင်းကို အကြောင်းပြု၍ "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" ဥပမာစကား ဖြစ်လာပါသည်။

မိသားစုတစ်စုတွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်တို့ တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အမှီသဟဲပြု၍ မိဘကသားသမီးများအပေါ် ညာတာထောက်ထား၊ ကရုဏာပွားပြီး အစဉ်သဖြင့် စောင့်ရှောက်မှုပြုကြ၍ သားသမီးများကလည်း မိဘများအပေါ် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ပြုကာ ကျေးဇူးတုံ့ပြန်ဆပ်ကြလေသည်။

နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည် တည်ထောင်မှုပြုကြရာတွင် ပွဲကိုင်သူတို့က တိုင်းသူပြည်သားများ၏အားကို ရယူဆောင်ရွက်ကြသကဲ့သို့ တိုင်းသူပြည်သားတို့ကိုလည်း နိုင်ငံအစိုးရတို့က ပြန်လည်ကြည့်ရှု စောင့်ရှောက်မှုပြုကြလေသည်။

လုပ်ငန်းကိုင်ငန်းတစ်ခုတွင်လည်း ထိုနည်းလည်းကောင်းဖြစ်သည်။ ထိုလုပ်ငန်းအောင်မြင်စေရန်အတွက် အလုပ်ရှင်က ထိုအလုပ်သမားများကို လိုအပ်သမျှလိုလေသေးမရှိအောင် ပံ့ပိုးဖြည်းဆည်းဆောင်ရွက်ပေးသောအခါ ထိုအလုပ်သမားများက အလုပ်ရှင်ကျေနပ်လောက်အောင်၊ လုပ်ငန်းအောင်မြင်သည်ထက် အောင်မြင်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်ကြလေသည်။

ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဟူသော မြန်မာစကားပုံအသွားသည် လူမှုဘဝနှင့်ထပ်တူကြ၍ မှန်ကန်ထက်မြက် ကောင်းမွန်သွက်လက်သည့် စကားတစ်ရပ်ဖြစ်ပေသည်။ ထိုပုံပမာစကားအတိုင်း လက်တွေ့အကောင်အထည်ဖော်ကြသော လူမှုအသိုက်အမြုံ၊ လုပ်ငန်းအပေါင်းတို့သည် အောင်မြင်ခြင်းတည်းဟူသော အကျိုးရလဒ်ကို ဧကန်မုချ ရရှိကြလေသည်။

တစ်ချိန်သောကာလက ဆင်းရဲချမ်းသာမရွေး၊ လူထုလူတန်းစား အလွှာမရွေး မိသားစုအသိုက်အမြုံတို့၏ ဘဝများမှာ မြန်မာ့ထုံးတမ်းစဉ်လာနှင့် ထိုစကားပုံသွားအတိုင်း လိုက်နာကျင့်သုံးကြသဖြင့် မိသားစုများ အဆင်ပြေချောမွေ့ပြီး သာယာချမ်းမြေ့သောဘဝများကို ပိုင်ဆိုင်ခဲ့ကြပါသည်။

နောက်ပိုင်းကာလ ဆုတ်ကပ်ကို ဝိဂြိုဟ်ပြုသောအခါ မြန်မာတို့၏ ထုံးတမ်းစဉ်လာနှင့် ထိုစကားပုံသွားတို့ ပါးလျားလာသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အမှီသဟဲပြုမှုတို့ အားနည်းလာသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော အပြုအမူများနှင့် ကြုံတွေ့လာရသည်။ ထိုအခါ ဝမ်းနည်းဖွယ်အဖြစ်များကို မကြာမကြာ ကြားသိရသည်။

လုပ်ငန်းကိုင်ငန်းများတွင်မူ ပြင်ပစီးပွားရေးလုပ်ငန်း အနည်းငယ်မှအပ လုပ်ငန်းအများစုမှာ ကိုယ်ကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အကျိုးပြုအလုပ်သမားများ၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ကြသဖြင့် ထိုအလုပ်သမားမှာ အလုပ်ကိုကြိုးစားအားထုတ်သောကြောင့် ထိုလုပ်ငန်းများမှာ အောင်မြင်လေသည်။

အစိုးရလုပ်ငန်းကိုင်ငန်းများတွင်မူ ယခင်ကလုပ်ပုံကိုင်ပုံများမှာ အစိုးရလခစားများဖြစ်သောကြောင့် အစိုးရကို အလေးထားကြသည်မှာ မှန်သော်လည်း အမှန်တကယ်တွင် အစိုးရအလုပ်သည် ပြည်သူကို ဦးတည်သည်ကို မေ့လျော့ခဲ့ကြရာ မအောင်မြင်သော လုပ်ငန်းအဖြစ် အချို့အလုပ်များကို မြင်တွေ့ကြရမည်ဖြစ်သည်။

ယခုကျင့်သုံးနေသောစနစ်သည် ပြည်သူကို မျက်ကွယ်မပြုဘဲ ဗဟိုပြုလုပ်ကိုင်ရမည့် စနစ်ဖြစ်သည်။ ထိုစနစ်မှာ အရာရာ အောင်မြင်သည့် "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" စနစ်ဖြစ်၍ ကောင်းမွန်သည့်စနစ်၊ မွန်မြတ်သည့် အလုပ်ဖြစ်သည်။

ထို့ကြောင့် မိမိတို့လုပ်ငန်းကိုင်ငန်းများသည် ပြည်သူကိုဗဟိုပြုသည့် လုပ်ငန်းများဖြစ်၍ ပြည်သူနှင့် အလုပ်၊ ပြည်သူနှင့်အစိုးရ၊ အစိုးရနှင့်အလုပ် အပြန်အလှန်အမှီသဟဲပြုကာ လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လူအင်အားနှင့် အခြားသောလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုအပေါ် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးများနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ရမည့်အင်အားနှင့် ဝတ်ဆင်ရမည့် ဝတ်စုံများနှင့် စပ်လျဉ်း၍ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မထသ ၃၉ ယာဉ်ကြီးလိုင်းမှယာဉ်တချို့ လမ်းကြောင်းသစ်ပြေးဆွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

မထသ ၃၉ ယာဉ်ကြီးလိုင်းမှ ယာဉ်စီးရေ ၂၇ စီးကိုခွဲထုတ်၍ လမ်းကြောင်းသစ်ဖြင့် ပြေးဆွဲပေးနေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက်တွင် မထသ (ဗဟို) တွင်ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

"ရိုးရိုးလိုင်းအဖြစ်နဲ့ပဲ ပြေးဆွဲတာပါ။ ခရီးစဉ်ကို ပိုင်းဖြတ်ပြီး တစ်ပိုင်းကို ငွေကျပ် ၅၀ နှုန်းနဲ့ ဂိတ်စ၊ ဂိတ်ဆုံးကို ငွေကျပ် ၂၀၀ သတ်မှတ်ထားတာဖြစ်ပါတယ်"ဟု မထသ (ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထိုသို့ ပြေးဆွဲခြင်းကို ယခုလ ၃ ရက်မှ စတင်ခဲ့ခြင်းဖြစ်ပြီး ကမာကြည်အိမ်ရာ (ဂိတ်ရင်း)မှ သာကေတ-သာကေတအဝိုင်း -ဧရာဝဏ်-နန္ဒဝန်ဈေး- ပါရမီလမ်း- ကမ္ဘာအေးစေတီလမ်း- နဝဒေးလမ်း- သုဓမ္မာလမ်း- ခြောက်ကွေ့-အမှတ် (၃)လမ်းမကြီး-ခရေပင်လမ်း(ဂိတ်ဖျား)အထိ ပြေးဆွဲပေးနေကြောင်း၊ ခရီးစဉ်တွင် ယာဉ်စီးခကောက်ခံမှုအတွက် ရှစ်ပိုင်းပိုင်းခြားကာ သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **(၆၈၀)**

နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော်၏ အခြေခံသဘာဝ သယံဇာတတစ်ခုဖြစ်သည့် မြေယာများကို အသုံးချစီမံခန့်ခွဲရာတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီစေရန် စနစ်တကျခွဲဝေအသုံးပြုနိုင်ရေးအတွက် မြေအသုံးချမှု မူဝါဒများ၊ ဥပဒေများပြဋ္ဌာန်းနိုင်ရေးသည် အခြေခံကျပြီးတစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ယမန်နေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသော မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ၏ တတိယအကြိမ်အစည်းအဝေးတွင် မြေယာခွဲဝေအသုံးချမှု စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြေယာခွဲဝေအသုံးချရေး စိစစ်ရေးကော်မတီကို ၁၈-၆-၂၀၁၂ ရက်တွင်ဖွဲ့စည်းခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ညှိနှိုင်းအစည်းအဝေးများ၊ နိုင်ငံတကာ

မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ အစည်းအဝေးကျင်းပ

ကျွမ်းကျင်သူ ပညာရှင်များနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးခဲ့သည့် နည်းပညာဆွေးနွေးပွဲနှင့် မြေအသုံးချမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ၏ အကြံပြုချက်များနှင့်အညီ ကော်မတီ၏လုပ်ငန်းများ၊ အကောင်အထည်ဖော်ရန် ပင်မလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် မြေအသုံးချမှုဆိုင်ရာ မူဝါဒများ၊ ဥပဒေများ၊ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ ရေးဆွဲပြဋ္ဌာန်း ချမှတ်နိုင်ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြေပြင်အချက်အလက် စာရင်းဇယားများကောက်ယူရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေအသုံးချမှု မူဝါဒ အောင်မြင်စွာ ရေးဆွဲနိုင်ရေးအတွက် ရှေ့ပြေးစာရင်းကောက်ယူခြင်းလုပ်ငန်းများကို တောင်ငူမြို့နယ်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ရှေ့ပြေးစာရင်းကောက်ယူခြင်းမှ ရရှိလာသော တွေ့ရှိချက်များအပေါ် အခြေခံ၍ မြေအသုံးချမှုဆိုင်ရာ မူဝါဒရေးဆွဲရေး လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ညှိနှိုင်းဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



၈.၂.၂၀၁၃ ရက်မှစတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသနေသောဇာတ်ကားများ

သမ္မတ ဖုန်း-၂၄၆၉၆၂၊ ၂၄၆၉၆၃	ဝင့်ကြွေး	ခန့်စည်သူ၊ ကျော်ဇော်ဟိန်း၊ ထူးခန့်ကျော်ထွန်းအိန္ဒြာဗို၊ သက်မွန်မြင့်၊ ခိုင်နှင်းဝေ
သွင် ဖုန်း-၃၇၂၅၉၄၊ ၀၉၇၃၂၃၅၆၀	ဝင့်ကြွေး	ခန့်စည်သူ၊ ကျော်ဇော်ဟိန်း၊ ထူးခန့်ကျော်ထွန်းအိန္ဒြာဗို၊ သက်မွန်မြင့်၊ ခိုင်နှင်းဝေ
မင်္ဂလာ (၁) သိမ်ကြီးဈေး ဖုန်း-၂၄၃၀၅၇၊ ၂၄၃၀၅၈	ဝင့်ကြွေး	ခန့်စည်သူ၊ ကျော်ဇော်ဟိန်း၊ ထူးခန့်ကျော်ထွန်းအိန္ဒြာဗို၊ သက်မွန်မြင့်၊ ခိုင်နှင်းဝေ
TOP ROYAL ဖုန်း-၀၉၇၃၀၀၅၅၀၂၊ ၀၉၅၂၀၀၈၂၉၀ ၀၉၅၂၀၀၈၂၉၂	ဝင့်ကြွေး	ခန့်စည်သူ၊ ကျော်ဇော်ဟိန်း၊ ထူးခန့်ကျော်ထွန်းအိန္ဒြာဗို၊ သက်မွန်မြင့်၊ ခိုင်နှင်းဝေ
နေပြည်တော် ဖုန်း-၂၅၀၂၇၇၊ ၂၅၀၂၈၈	Hansel & Gretel Witch Hunters 3D	Jeremy Renner, Gemma Arterton, Peter Stormare 3D
ရွှေဆောင် ဖုန်း-၂၅၂၀၀၃၊ ၃၈၈၀၃၄	CZ 12 Chinese Zodiac 12	Jackie Chan, Kwon Sang woo
မင်္ဂလာ (၂) မြို့ကွန်း ဆိုင်ခန်း ၂ ဖုန်း-၀၉၇၃၂၅၄၀၉၁၊ ၀၉၇၃၂၅၄၀၉၂	3 AM 3D	Apinya Sakuljaroensuk, Focus Jirakul, Shahkrit Yamnarm 3D

ပွဲချိန်သတ်မှတ်ချက် ၁၀:၀၀ နာရီ ၁၂:၃၀ နာရီ ၃:၃၀ နာရီ ၆:၃၀ နာရီ ၉:၃၀ နာရီ

ပြည်တွင်းရေးရာ

(၆၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုမိတ်ဆုံစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

(၆၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုမိတ်ဆုံစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော် သပြေကုန်းဈေး အနီးရှိ မောခမ်းနွံ-၃ ရှမ်းရိုးရာ စားသောက်ဆိုင်၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ တက်ရောက်အားပေးချီးမြှင့်သည်။ **(ယာပုံ)**

အဆိုပါမိတ်ဆုံစားပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများနှင့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားကို စတင်ကျင်းပရာ ရှမ်းတိုင်းရင်းသား၊ ရှမ်းပြည်နယ် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့က ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်တို့က တောကျွဲအင်း ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ဆယ်သိန်းစီကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်က ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့အတွက် အလှူငွေကျပ် ဆယ်သိန်းကိုလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စား ပါတီဒုတိယဥက္ကဋ္ဌ သူရဦးအေးမြင့်က အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ဂုဏ်ပြုမိတ်ဆုံစားပွဲသို့ တက်ရောက် ချီးမြှင့်ကြသည့် ပြည်ထောင်စု လွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးနှင့် ဧည့်သည်တော်များအား ရှမ်းရိုးရာအစားအသောက်များဖြင့် ဂုဏ်ပြုဧည့်ခံကျွေးမွေးပြီး ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်းလည်း ရှမ်းရိုးရာ အဆိုအကများဖြင့် ဖျော်ဖြေဧည့်ခံကြသည်။

(သတင်းစဉ်)

နို့ထွက်အစားအသောက်များသည် အရိုးကျန်းမာရေး ပိုကောင်းနိုင်ဟု လေ့လာချက်တစ်ရပ်ကဆို

မာမာစိုး

နွားနို့နှင့် ဒိန်ချဉ်များကဲ့သို့သော နို့ထွက်ပစ္စည်းများသည် နို့မလိုင်များထက် အရိုးကျန်းမာရေးအတွက် ပိုမိုအထောက်အကူ ပြုကြောင်း မကြာသေးမီက ပြုလုပ်ခဲ့သည့် လေ့လာချက်တစ်ရပ်အရ သိရသည်။

အဆီလျှော့စားနေစဉ်ကာလတွင် အဆီပါဝင်မှုနည်းသော နို့ (သို့မဟုတ်) ဒိန်ချဉ်များကို စားသောက်ခြင်းသည် ပရိုတင်း၊ ကယ်လ်ဆီယမ်၊ ဗီတာမင်ဒီဓာတ်တို့ကို ပိုမိုရရှိစေနိုင်သည်ဟု အိုမင်းရင့်ရော်မှု သုတေသနဌာနမှ အဆိုပါ လေ့လာချက်အား ပူးတွဲရေးသားသူ ရှိဗာနီ ဆာရီက ပြောကြားသည်။

တင်ပါးဆုံရိုးကျိုးသော ဝေဒနာကို ခံစားရသူ လေးပုံတစ်ပုံသည် တစ်နှစ်အတွင်း ထိုဝေဒနာဖြင့်ပင် သေဆုံးကြရသည်ဟု ဆိုသည်။ အမေရိကန်နိုင်ငံ တစ်နိုင်ငံတည်းမှာပင် လူဦးရေ ၃၄ သန်းခန့်သည် အရိုးသိပ်သည်းမှုနည်းပါး၍ အရိုးပွရောဂါနှင့် အရိုးနုကျိုးခြင်းတို့ ဖြစ်ပွားမှုနှုန်း မြင့်တက်လာခြင်းများဖြင့် ရင်ဆိုင်နေကြရပြီး အဓိကအားဖြင့် တင်းပါးဆုံရိုး၊ ကျောရိုးနှင့် လက်ကောက်ဝတ်အရိုးတို့တွင် အဖြစ်များသည်။

အရိုးကျန်းမာရေးအတွက် အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေသည့် အရေးပါသော အာဟာရဓာတ်များစွာကို နို့ထွက်အစားအစာများမှ ရရှိနိုင်သည်ဟု ဆာရီက ဆိုသည်။

ခဲနေသည့် နို့မလိုင်ကဲ့သို့သော မလိုင်များမှာ အာဟာရပါဝင်မှုနှုန်း နည်းပါးပြီး အဆီနှင့် သကြားဓာတ် ပါဝင်မှုနှုန်း မြင့်မားသည်ဟု သိရသည်။

တစ်နေ့လျှင် နို့ (သို့မဟုတ်) ဒိန်ချဉ်ကို နှစ်ခွက်ခွဲမှ သုံးခွက် သောက်သုံးခြင်းသည် အရိုးများကို ပိုမိုသန်မာစေသည်ဟု အိုမင်းရင့်ရော်မှုသုတေသနဌာန၏ ထုတ်ပြန်ချက်အရ ဆာရီကပြောကြားသည်။

အရိုးပွရောဂါနှင့် အရိုးကြွပ်ဆတ်ခြင်းတို့ကို တိုက်ဖျက်ရာတွင် အသုံးဝင်သည့် သင့်တင့်သော အာဟာရဓာတ်ရရှိရေး အဆိုပါ သုတေသနပြု တွေ့ရှိချက်က အထောက်အပံ့ဖြစ်စေနိုင်သည်ဟု အကြံပြုထားသည်။

အရိုးပွရောဂါသည် အသက် (၅၀) နှင့်အထက် လူဦးရေ တစ်ဝက် (သို့မဟုတ်) အမေရိကန်တစ်နိုင်ငံတည်း၌ပင် ခန့်မှန်းခြေ ၄၄သန်းခန့်ရှိ ပြည်သူများ၏ကျန်းမာရေးကို အဓိက ခြိမ်းခြောက်လျက်ရှိသည့် ရောဂါဟု ယူဆကြသည်။

ကြင်ဖော်မဲ့လူပျိုများ ချစ်သူများနေ့တွင် လက်ဆောင်ပစ္စည်းရနိုင်ရန် ကူညီပေးမည့်ကုမ္ပဏီ

ချစ်သူများအတွက် တစ်နှစ်တာ ကာလအတွင်း စိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ရာအကောင်းဆုံးနေ့တစ်နေ့ ဖြစ်သော ချစ်သူများနေ့သည် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သကဲ့သို့ အချို့သောသူများအတွက် ၎င်းတို့၏ ချစ်ခြင်းမေတ္တာကို ဖော်ကျူးသည့် အမှတ်သင်္ကေတ တစ်ခုဖြစ်သည့် လက်ဆောင်ပစ္စည်းများ၊ ပန်းများနှင့် ချောကလက်တို့ကို ချစ်သူများထံ ပေးပို့ရန် မစောင့်ဆိုင်းနိုင်လောက်အောင် ရှိနေစဉ် အချို့အချို့သော သူများအတွက်မှာမူ အထီးကျန်ဝေဒနာများနှင့်အတူ သာမန်နေ့တစ်နေ့သာ ဖြစ်ဖွယ်ရှိသည်။

သို့သော် ဂျပန်နိုင်ငံမှ ကိုကိုကာလသား ကြင်ဖော်မဲ့များအတွက် ချစ်သူများနေ့တွင် အထီးကျန်ဆန်ငြီးငွေ့နေစရာမလိုဘဲ Valentine's Day Insurance ကုမ္ပဏီ၏ ကျေးဇူးကြောင့် အများနည်းတူ ပျော်ရွှင်ဖွယ်နေ့တစ်နေ့ကို ဖြတ်သန်းနိုင်တော့မည်ဖြစ်သည်။

မည်သို့မည်ပုံ ကူညီဖြေရှင်းပေးမည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာတော့ရှိသည်။ ရိုးရိုးရှင်းရှင်း လွယ်လွယ်လေးသာ ဖြစ်သည်။ Valentine's Day Insurance ဝက်ဘ်ဆိုက်ကို ဝင်လိုက်ပါ။ ဂျပန်ယန်း ငွေ ၅၀၀ ပေးချေပြီး ချစ်သူများနေ့တွင် လက်ဆောင်ပေးပို့နိုင်မည့် လိပ်စာထားခဲ့ရုံသာဖြစ်သည်။ ဖေဖော်ဝါရီ ၁၄ ရက်တွင် ချောကလက် ပါဆယ်ထုပ်နှင့်အတူ ရီကိုဟုအမည်ရှိသည့် မိန်းမချောလေး၏ ကိုယ်ရေးကိုယ်တာ သဝဏ်လွှာ တစ်စောင် ပေးပို့ရန် အာမခံသည်ဟု ဆိုသည်။

ယင်းသို့ဆိုလျှင် ချစ်သူများနေ့တွင် ရရှိသည့် လက်ဆောင်ပစ္စည်းမှာ မိမိဘာသာမိမိ ဝယ်ယူခဲ့ခြင်းသာ ဖြစ်သည်ဟု ဆိုစရာရှိသည်။ သို့သော် အချို့သော ဂျပန်အမျိုးသားများအတွက် ချစ်သူများနေ့တွင် တစ်ယောက်တည်း ပျင်းရိငြီးငွေ့နေရမည့်အစား အဆိုပါနည်းလမ်းက ပိုမိုကောင်းမွန်စေမည်ဖြစ်သည်ဟု ဆိုသည်။

ဂျပန်နိုင်ငံတွင် ချောကလက် ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီအချို့သည် ချစ်သူများနေ့မတိုင်မီ ရက်သတ္တ အနည်းငယ်အတွင်း ရောင်းချရသည့် ရောင်းအားနှင့် ခြောက်လ ရောင်းရသည့် ရောင်းအား ညီမျှသည်ဟု သိရသည်။

အေဝမ်းစိုး

MTE MYANMAR TOUR EAST TRAVELS & TOURS

Thousand Islands Travels & Tours

ပျော်ပျော်ပါးပါး သင်္ကြန်ခရီးစဉ်များ

ဘန်ကောက် - ဖူးခက်	12 April	840,000 Ks
ဘန်ကောက် - ပတ္တရား	13 April	520,000 Ks
စင်္ကာပူ - မလေးရှား	12 April	1100,000 Ks
ဘာလီကျွန်း - စင်္ကာပူ	12 April	1350,000 Ks
ကမ္ဘောဒီးယား - ဗီယက်နမ်	13 April	1100,000 Ks
ဟောင်ကောင် - မကာအို	12 April	1400,000 Ks
ကိုရီးယား	13 April	1850,000 Ks
အိန္ဒိယ (သံဝေဇနီယလေးဌာန)	12 April	1150,000 Ks
မူဆယ် - ရွှေလီ	12 April	300,000 Ks
ဂျပန်	12/13 April	2800,000 Ks

** ကမ္ဘာ့အဆင့်မီ Star Cruise ဇိမ်ခံသင်္ဘောခရီးစဉ် **

ဝယ်ယူနိုင်သောနေရာများ

Thousand Islands Travels & Tours
Ph : 011 220 834, 09 51 17891,
09 4210 47022, 09 4500 1676.

Myanmar Tour East Travels & Tours
Ph : 381 334, 392 697, 09 51 38402,
09 731 12217, 09 431 26270.

အထူးအစီအစဉ်အနေဖြင့် ခရီးစဉ်များကို February လအတွင်း ကြိုတင်စာရင်းပေးသူများအား ၁၀,၀၀၀ ကျပ် လျှော့ပေးပါမည်။

နိုင်ငံတကာသတင်း

ပါကစ္စတန်ရှိ မဟာဗျူဟာအရ အရေးပါသောဆိပ်ကမ်း၏ စီမံခန့်ခွဲရေးလုပ်ငန်းကို တရုတ်သို့ လွှဲပြောင်းပေးမည်

ဘင်္ဂလို ဖေဖော်ဝါရီ ၇

ပါကစ္စတန်ရှိ မဟာဗျူဟာအရ အရေးပါသော ရေနက်ပင်လယ်ဆိပ်ကမ်း၏ စီမံခန့်ခွဲရေးလုပ်ငန်းကို တရုတ်သို့ လွှဲပြောင်းပေးအပ်ရန် ပါကစ္စတန်နိုင်ငံက ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးက ဖေဖော်ဝါရီ ၅ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် အာရေဗျပင်လယ်သို့ ဝင်ရောက်နိုင်သော ဂဝါဒါပင်လယ်ဆိပ်ကမ်း၏ စီမံခန့်ခွဲရေး လုပ်ငန်းကို စင်ကာပူကုမ္ပဏီတစ်ခုထံမှ တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ရန် ဇန်နဝါရီ ၃၀ရက်က ဆုံးဖြတ်ခဲ့သည်။ ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်ရှိ ဂဝါဒါပင်လယ်ဆိပ်ကမ်းတည်ဆောက်ရန် ရန်ပုံငွေအများစုကို တရုတ်နိုင်ငံက ထောက်ပံ့ပေးခဲ့သည်။ တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းလျက်ရှိသည်။

တရုတ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံရှိ ပင်လယ်ဆိပ်ကမ်းတစ်ခုအတွက်လည်း ရန်ပုံငွေထောက်ပံ့ပေးခဲ့သည်။ ၎င်းအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌လည်း ရေနက်ဆိပ်ကမ်းတစ်ခုတည်ဆောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။**ဆင်ဟွာ။**

မွမ်ဘိုင်းလေဆိပ်တွင် ဆောက်လုပ်ဆဲမိုးပျံတံတားပြိုကျ သုံးဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

မွမ်ဘိုင်း ဖေဖော်ဝါရီ ၇

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့လေဆိပ်တွင် ဆောက်လုပ်ဆဲမိုးပျံတံတားတစ်စင်းပြိုကျရာ လူသုံးဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိကြောင်း အိန္ဒိယနိုင်ငံရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၇ရက်တွင် ပြောကြားသည်။

မွမ်ဘိုင်းမြို့ရှိ အဓိကကျသော လေဆိပ်ကြီး၌ ဆောက်လုပ်လျက်ရှိသော မိုးပျံတံတားမှ ကြီးမားသောကွန်ကရစ်အခင်း ရုတ်တရက်ပြိုကျမှု ဖေဖော်ဝါရီ ၇ရက် ညပိုင်းကဖြစ်ပွားကြောင်း၊ အောက်တွင် အလုပ်လုပ်နေသူများအပေါ်သို့ ပြိုကျမှုကြောင့် ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

အများဆုံး ထိခိုက်ဒဏ်ရာရသူ များမှာ အလုပ်သမားများဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် ဗုံးတစ်လုံး ပြင်းထန်စွာပေါက်ကွဲမှုဖြစ်

ကဘူး ဖေဖော်ဝါရီ ၇

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကန်ဒုဇ်ပြည်နယ်တွင် ဗုံးတစ်လုံးပြင်းထန်စွာပေါက်ကွဲကြောင်း၊ သေကျေမှု နှင့်ပတ်သက်၍ သတင်းမရရှိသေးကြောင်း ဖေဖော်ဝါရီ ၇ရက်သတင်းတွင်ဖော်ပြသည်။

ကန်ဒုဇ်ပြည်နယ် မြို့တော်ကန်ဒုဇ်တွင် ဖေဖော်ဝါရီ၇ရက်က ပြည်နယ်အုပ်ချုပ်ရေးမှူး၏နေအိမ်ရှေ့တွင် အဆိုပါ အင်အားပြင်းဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း၊ လူအသေအပျောက်နှင့် ပတ်သက်သောသတင်းကိုမူ မရရှိသေးကြောင်း ဒေသခံရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

နယ်စပ်ရှိ ပူးတွဲစက်မှုဇုန်ကို ဖျက်သိမ်းရဖွယ်ရှိဟု မြောက်ကိုရီးယားက တောင်ကိုရီးယားကို ခြိမ်းခြောက်

ဆိုးလ် ဖေဖော်ဝါရီ ၇

တောင်ကိုရီးယားနိုင်ငံက မိမိ၏နိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှုများကို ပြုလုပ်မည်ဆိုလျှင် နှစ်နိုင်ငံ ဖက်စပ်ထူထောင်ထားသော စက်မှုဇုန်ကို ဖျက်သိမ်းလိုက်ရဖွယ်ရှိကြောင်း မြောက်ကိုရီးယားစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကော်မတီက ဖေဖော်ဝါရီ ၇ရက်တွင် ထုတ်ပြန်ကြေညာသည်။

နယ်စပ်ဒေသ၏ မြောက်ကိုရီးယား ဘက်ခြမ်း၌တည်ရှိသော ကေဆောင် စက်မှုဇုန်သည် ကိုရီးယားနှစ်နိုင်ငံ အကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု၏ အဓိကပြယုဂ်တစ်ခုဖြစ်သည်။ အဆိုပါစက်မှုဇုန်၌ တောင်ကိုရီးယားကုမ္ပဏီ ၁၂၀ကျော် တည်ရှိပြီး မြောက်ကိုရီးယား အလုပ်သမား ၅၃၀၀၀ အထိ ငှားရမ်းကာ အဝတ်အစား၊ ဖိနပ်၊ မီးဖိုချောင်သုံးပစ္စည်းများကဲ့သို့သော ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

ကေဆောင်စက်မှုဇုန်ရှိ အထည်ချုပ်လုပ်ငန်းစက်ရုံတစ်ရုံကို တွေ့ရစဉ်။

နယ်စပ်ဒေသရှိ စက်မှုဇုန်ကို ၂၀၀၄ ခုနှစ်နှောင်းပိုင်းတွင်ဖွင့်လှစ်ကာ ထုတ်လုပ်မှု စတင်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဒီဇင်ဘာလတွင် ဒုံးပျံလွှတ်တင်မှုကို တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံက ယင်းနိုင်ငံအပေါ် စီးပွားရေးအရ ပြစ်ဒဏ်ခတ်ရန် ခြိမ်းခြောက်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေးဒဏ်ခတ်မှုများ ပြုလုပ်လာမည်ဆိုပါက ကေဆောင်စက်မှုဇုန်သည် စစ်ဘက်ဆိုင်ရာ ဇုန်နယ်မြေအဖြစ်သို့ ပြောင်းလဲသွားမည် ဖြစ်ကြောင်း မြောက်ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **ဆင်ဟွာ။**

အစ္စရေး၏ ဒုံးခွင်းဒုံးစနစ် အိန္ဒိယ၌ ခင်းကျင်းပြသမည်

ဂျေရုဆလင် ဖေဖော်ဝါရီ ၇

အိန္ဒိယနိုင်ငံ၌ကျင်းပမည့် ၂၀၁၃ခုနှစ် လေကြောင်းပြပွဲတွင် အစ္စရေးနိုင်ငံရှိ ကာကွယ်ရေးနည်းပညာဆိုင်ရာ ထိပ်တန်းကုမ္ပဏီများက ဒုံးခွင်းဒုံးစနစ်တစ်ရပ်ကို ပြသရန်စီစဉ်ထားသည်။

ငါးရက်ကြာ ကျင်းပမည့် အိန္ဒိယ လေကြောင်းပြပွဲ၌ အစ္စရေးကာကွယ်ရေး နည်းပညာကုမ္ပဏီ ၁၂ခုခန့်က ပါဝင်ပြသရန် ရွေးချယ်ခံထားရသည်။ အစ္စရေးကာကွယ်ရေး ဝန်ကြီးဌာန အောက်ရှိ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အာဏာပိုင်အဖွဲ့က ကမကထပြုလျက် ပြပွဲ၌ ပါဝင်ပြသမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ ဘင်္ဂလိုမြို့၌ကျင်းပမည့် လေကြောင်းပြပွဲ၌ တိုက်ခိုက်ရေးစစ်ဆင်မှုလုပ်ငန်းများ၌ အသုံးပြုနိုင်သော စစ်လက်နက်ပစ္စည်းများကို ခင်းကျင်းပြသမည့်အပြင် 'သံလိပ်ခုံး' ဟု အမည်ပေးထားသော ဒုံးခွင်းဒုံးစနစ်တစ်ရပ်ကိုလည်း ပြသသွားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေး ဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။ လေကြောင်းပြပွဲ၏ အစ္စရေးပြခန်း၌ ဒုံးခွင်းဒုံးကာကွယ်ရေးနည်းပညာကို အလေးပေးပြသမည်ဖြစ်ပြီး ဒုံးခွင်းဒုံးစနစ်တစ်ရပ်ကို ခင်းကျင်းပြသခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ **အင်တာနက်။**

အစ္စရေးနယ်စပ်ဒေသ၌ ဖြန့်ကြက်ထားသော ဒုံးခွင်းဒုံးစနစ်တစ်ရပ်ကို တွေ့ရစဉ်။

ခရီးစဉ်အားလုံး " Nice " ဖြစ်ရမည် ဈေးနှုန်းလည်း " Fair " ဖြစ်ရမည်။

ပျော်ရွှင်မှု နှင့် အတွေ့အကြုံ သစ်များရရှိခံစားစေဖို့ Nice Fare Travel နှင့်ခရီးသွားကြစို့ ... IATA 05-30 1063

- ၃ ညအိပ် ၈ ရက်ခရီးစဉ်များ (စင်္ကာပူ ⇄ မလေး/ ကိုရီးယား/ ဂျပန်/ ဟောင်ကောင်)
- ၆ ညအိပ် ၇ ရက်ခရီးစဉ် (ဗီယက်နမ်)/၅ ညအိပ် ၆ ရက် ခရီးစဉ် (ဘန်ကောက်၊ပတ္တရား)
- ၄ ညအိပ် ၅ ရက် ခရီးစဉ် (ဘန်ကောက်၊ ဖူးခက်)
- ခရီးစဉ်အားလုံး 4 Star Hotel နှင့်စီစဉ်ထားပြီး April 12 ,13 ထွက်ပါမည်။ Visa အတွက် ကြိုတင် စာရင်းပေးသွင်းပါရန် နှင့် Feb 15 ရက်မတိုင်မီစာရင်းပေးသွင်းပါက Discount ပေးပါမည်။

ခရီးစဉ် အသေးစိတ် သိရှိလိုပါက - ရုံးချုပ် - ၂၅၅၆၉၉ ၊ ၀၉-၅၅၀၀၂၆၀၇၉
ရုံးခွဲ (၁) - ၀၉-၅၃၀၂၀၈၉၀ ရုံးခွဲ (၂) - ၀၉-၇၃၂၁၃၅၀၀ ရုံးခွဲ(၃) - ၀၉-၆၂၀၀၀၉၀၅၅
မန္တလေး ရုံးခွဲ - ၀၂-၃၀၈၆၆ ၊ ၀၂ - ၃၀၈၃၃

Toe Toe Yadanar Travels & Tours Co., Ltd တိုးတိုးရတနာ TRAVELS & TOURS Co.,Ltd
Your Destinations ...., Our Creations

(မတ်လ ၈ ရက်နေ့ထွက်ပါမည်။)

အဖိုး အဘွား မိဘများကို မဖြူမခေသည့် ကုသိုလ်ယူပို့ဆောင်လိုသော်လည်းပင်ပန်းမည်ကို စိုးရိမ်ကြသောသားသမီးများ ၊အခြေအနေအရ ရက်ရှည်အချိန်မပေးနိုင်သူများအတွက် ဘုရားအဆူဆူပွင့်ရာ ဗောဓိပင်နှင့်ရွှေပလ္လင်သို့သာသီးသန့်သွားပြီးပဌာန်းရွတ်ခြင်း ၊တရားထိုင်ခြင်းတို့ကိုသာကုသိုလ်ယူလိုများအတွက် နာလန္ဒာနှင့်ရာဇဂြိုလ်မြို့အပါအဝင် ၃ ညအိပ် ၄ ရက် ခရီးစဉ်များကိုလစဉ်ကုသိုလ်ယူပို့ဆောင်ပေးနေပါပြီ ။

ပုံမှန် ၁၁ ရက်ခရီးများလည်းရှိပါသည်။ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

အမှတ်-၁၅/၁၇၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်း(BANG BANG အပေါ်ထပ်- ဗလွှာ၊ခါတ်လှေကားနံပါတ်- ၅)
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-503925 , 01-527539 - Hot Line - 095058894

၂၀၁၃၊ ဖေဖော်ဝါရီလထုတ်

- အော်တိုဂီယာ သက်တမ်းကြာရှည်ခံဖို့ နည်းလမ်းများ၊
- ကားအာမခံကြေးထားရန် အဓိကသတိထားရမည့် အချက်များ၊
- ရန်ကုန်မှာရောင်းနေတဲ့ 2012 CADILLIC SRX၊
- ကားရောင်းထွက်ချင် ယတြာဆင်၊
- YAMAHA ZUMA 125၊
- အော်တိုဂီယာနဲ့ ရိုးရိုးဂီယာ ဘယ်ဟာက ပိုကောင်းသနည်း၊
- သက်တောင့်သက်သာဖြစ်စေမယ့် ကားမောင်းနည်း၊
- ကားနှင့်ဈေးနှုန်း
- ကိုယ်ပျောက်ဝတ်စုံ
- ပါနေကျ Car Review များ (2012 Audi A8 4.2/ 2012 Nissan 370 Z Roadster Touring/ 2011 Alfa Romeo Giulietta)

ထွက်ပြီ

Fujiyama Media အမှတ်-၂၇၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉ ၅၀၇၇၄၀၆

UNIQUE STAR Travels & Tours . . .

အမေရိကား ခရီးစဉ် (20Days/19Nights) April 9~28 (6,000,000)
(San Francisco, Los Angeles, Las Vegas, New York, Washington, Harrisburg, Corning, Niagara Fall) + Honolulu

ဥရောပ (၉)နိုင်ငံ + အင်္ဂလန် ခရီးစဉ် April 9~22/9~26, 11~24/11~26 (4,500,000)
(France, Italy, Switzerland, Germany, Netherland, Belgium, Austria, Liechtenstein, Vatican) + United Kingdon

ဩစတြေးလျ ခရီးစဉ် (Sydney, Blue Mountain, Mount Buller, Melbourne, Canberra) April 10~18 (3,400,000)

. ဘန်ကောက်-ပတ္တရား	Every (Sat:)	(550,000)	. ဟောင်ကောင်+မလေး+ထိုင်း	Apr:12,13	(1,700,000)
. ဖူးခက်-ဘန်ကောက်	Apr: 11, 12	(800,000)	. ဟောင်ကောင်+မကာအို	Apr:10,11	(1,400,000)
. စင်္ကာပူ+မလေး+ထိုင်း	Apr: 10,12,13	(1,200,000)	. ဗီကင်း+ရှန်ဟိုင်း+ကူမင်း	Apr:10,11,12,13	(1,300,000)
. ဘာလီ+ဖူးခက်+ထိုင်း+မလေး	Apr: 11, 13	(1,700,000)	. ကိုရီးယားခရီးစဉ် All TG	Apr:10,13	(2,000,000)
. ဘာလီ+စင်္ကာပူ+မလေး	Apr: 10,12	(1,700,000)	. ဂျပန်ခရီးစဉ် All TG	Apr:9,10,13	(2,800,000)

(5), Asia Plaza. 391372, 391373, 708353, 705723, 09 514 8079. / 70/A, Kabaraye Pagoda Rd, Bahan. 09 7310 9133~44~55~66.

ပြည်တွင်း၊ ပြည်ပသတင်း

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

နှစ်ပေါင်း ၈၀ တိတိ သစ္စာရှိစွာ ရွှေလက်တွဲခဲ့ကြတဲ့ ဇနီးမောင်နှံ

အမေရိကန်နိုင်ငံ ကွန်နက်တီကတ်ပြည်နယ် ဖဲဖီးလ်ဒေသမှ ဇနီးမောင်နှံ နှစ်ဦးကို ၂၀၁၃ ခုနှစ်၏ အိမ်ထောင်သက်အရှည်ကြာဆုံးစုံတွဲအဖြစ် ကမ္ဘာတစ်လွှားရှိ ဇနီးမောင်နှံများကို လေ့လာဆန်းစစ်နေသည့်အဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။ ခရစ်ယာန်အဖွဲ့အစည်းတစ်ခုက ကမကထပြုထားသော အဆိုပါအဖွဲ့အစည်းသည် အိမ်ထောင်သက် နှစ် ၈၀ ပြည့်ပြီဖြစ်သည့် ဂျွန်နှင့် အန်ဘီတာတို့ စုံတွဲကို ၂၀၁၃ ခုနှစ်၏ အိမ်ထောင်သက် အရှည်ကြာဆုံး စုံတွဲအဖြစ် သတ်မှတ်ကြေညာခဲ့သည်။ အဆိုပါ ဇနီးမောင်နှံအနက် ဇနီးသည်ဖြစ်သူ အန်ဘီတာမှာ သူမ၏ဖခင်က သူမအား အခြားသောယောကျ်ားတစ်ဦးနှင့် ထိမ်းမြားပေးမည့်အရေးကို ရှောင်လွှဲနိုင်ရန်အတွက် ၁၉၃၂ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က ဂျွန်နှင့် လက်ထပ်ခဲ့ခြင်းဖြစ်သည်။ ယင်းဇနီးမောင်နှံ၏ ရွှေလက်တွဲမှု ခိုင်မာခဲ့ခြင်းအတွက် အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "တကယ့်ကို လေးစားအတုယူဖွယ်ရာပါ။ သူတို့ရဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ ရှည်ကြာတဲ့ ရွှေလက်တွဲမှုအတွက် ကျွန်တော်တို့ ဂုဏ်ပြုကြေညာခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့ထိပ်တန်းရွှေထုတ်လုပ်သူအဖြစ် ခြောက်နှစ်ဆက်တိုက် တရုတ်ရပ်တည်

ကမ္ဘာတစ်ဝန်းတွင် ရွှေထုတ်လုပ်မှုအများဆုံးနိုင်ငံအဖြစ် တရုတ်နိုင်ငံမှာ ခြောက်နှစ်ဆက်တိုက်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ၂၀၁၂ ခုနှစ်အတွင်း ရွှေတန်ချိန် ၄၀၃ ဒသမ ၀၅ တန် စံချိန်တင်ထုတ်လုပ်နိုင်ခဲ့ပြီး ယမန်နှစ်အလားတူကာလထုတ်လုပ်နိုင်မှုထက် ၁၁ ဒသမ ၆၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း ဆိုသည်။ ယင်းသည် ၁၉၄၉ ခုနှစ်က တရုတ်နိုင်ငံ၏ ရွှေထုတ်လုပ်နိုင်မှု ၄ ဒသမ ၀၇ တန်နှင့် နှိုင်းစာပါက အဆ ၁၀၀ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် တောင်အာဖရိကကို ကျော်ဖြတ်ကာ ကမ္ဘာ့ထိပ်တန်းရွှေထုတ်လုပ်သူအဖြစ် ၂၀၀၇ ခုနှစ်က စတင်ရပ်တည်နိုင်ခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံသည် ရွှေသုံးစွဲမှု ဒုတိယအများဆုံးနိုင်ငံအဖြစ်လည်း အိန္ဒိယနိုင်ငံ၏ နောက်တွင် ၂၀၁၁ ခုနှစ်ကတည်းက ရပ်တည်လျက်ရှိသည်။

အင်ဒိုနီးရှား၌ ကိုမိုဒိုနဂါးတိုက်ခိုက်မှုကြောင့် နှစ်ဦးဒဏ်ရာရ

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းရှိ တောရိုင်းတိရစ္ဆာန် ဥယျာဉ်တစ်ခုအတွင်း၌ အလျား ခုနစ်ပေရှိ ကိုမိုဒိုနဂါးတစ်ကောင်၏ တိုက်ခိုက်မှုကြောင့် ဥယျာဉ်ဝန်ထမ်းနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဥယျာဉ်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။ တိုက်ခိုက်ခံရမှုကြောင့် အဆိုပါဝန်ထမ်းနှစ်ဦးမှာ ခြေထောက်များတွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့၍ ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း သိရသည်။ ကိုမိုဒိုနဂါးဟု အမည်တွင်သော ကမ္ဘာ့အကြီးမားဆုံး အိမ်မြှောင်ကြီးများသည် ၁၀ ပေခန့်အရှည်ရှိပြီး ၎င်းတို့၏ ချွန်ထက်ကြီးမားသောသွားများက အန္တရာယ်အပြု နိုင်ဆုံးအရာများဖြစ်ကြောင်း ဆိုသည်။ အဆိုပါ ကိုမိုဒိုနဂါးများသည် ကြီးမားသည့် နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများနှင့် ငှက်များကို စားသုံး၍ ရှင်သန်နေထိုင်ကြောင်း၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်များအတွင်း ရှားပါးသတ္တဝါအဖြစ် စာရင်းဝင်နေပြီး ကောင်ရေ ၄၀၀၀ ခန့်သာ ရှင်သန်လျက်ရှိကြောင်းလည်း သိရသည်။

ဂါဘွန်၌ ဆင်ကောင်ရေထောင်ပေါင်းများစွာ တရားမဝင်သတ်ဖြတ်ခံခဲ့ရ

၂၀၀၄ ခုနှစ်မှစတင်ကာ ယနေ့ကာလအထိ ဆင်စွယ်မှောင်ခိုသမားများ၏ လက်ချက်ကြောင့် ဗဟိုအာဖရိက အနောက်ဘက်ကမ်းခြေရှိ ဂါဘွန်နိုင်ငံ၌ ဆင်ကောင်ရေ ၁၁၀၀၀ ထက်မနည်း သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း လေ့လာချက်အသစ်တစ်ခုက ဆိုသည်။ ယင်းနိုင်ငံ၌ အာဖရိက တောဆင်ရိုင်းကောင်ရေ အားလုံး၏ ထက်ဝက်ခန့် ရှင်သန်ကျက်စားလျက်ရှိနေပြီး အဆိုပါ အာဖရိကဆင်များ၏ အစွယ်များမှာဈေးကောင်းရနေသဖြင့် မှောင်ခိုသမားများက ယင်းသို့ တရားမဝင် သတ်ဖြတ်နေကြခြင်းဖြစ်ကြောင်း ဂါဘွန်အမျိုးသားဥယျာဉ် အေဂျင်စီ (ANPN) နှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်း (WCS) တို့ ပူးပေါင်းလုပ်ဆောင်သော အဆိုပါလေ့လာတွေ့ရှိချက်အသစ်က ဆိုသည်။

ဟိန်းထက်လင်း - စုစည်းသည်

LUMBINI ACADEMY

Enjoy Summer!!

မတ်လ ၇ ရက်နေ့စမည်၊

English 4 Skills

Sports, Music, Maths and Science Activities

- English for Beginners (Age - 5)
- English for Young Learners (Age 6-14)

Grammar, Essay and Letter Writting Classes (Grade 9,10,11 Students)

Monday - Friday (9 a.m. - 12:30 p.m.)

အမှတ် ၂၈၊ သမာဓိ ၄လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊

ဖုန်း -၀၁-၅၆၄၄၅၂၊၀၉-၇၃၁၀ ၇၅၃၆

Transportation available

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ခရိုင်တရားသူကြီးများနှင့် တရားရေးအရာရှိများ ကျမ်းသစ္စာဆို

နေပြည်တော် ဖေဖော်ဝါရီ ၇

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် တရားရုံး အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော တရားသူကြီးများသည် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အဓိကတာဝန်ရှိသူများဖြစ်ကြောင်း၊ ပြည်သူအများ ယုံကြည်ကိုးစားသော တရားစီရင်ရေး ဖြစ်ပေါ်စေရန်အတွက် တရားသူကြီးများအား ကျမ်းသစ္စာဆိုစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်သူအများ ယုံကြည်မျှော်လင့်နေသော အကျင့်သိက္ခာ၊ ပညာ၊ သမာဓိနှင့် ပြည့်စုံသော တရားသူကြီးကောင်းများ ဖြစ်ပေါ်စေရေးအတွက် တရားသူကြီးများ ကျမ်းသစ္စာဆိုရန် လိုအပ်ပါကြောင်းဖြင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး စုဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော ခရိုင်တရားသူကြီးများနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ၏ ကျမ်းသစ္စာဆိုပွဲတွင် ပြောကြားခဲ့သည်။**(အပေါ်ယာပုံ)**

ပြည်ထောင်စုတရားသူကြီးချုပ်က ဆက်လက်ပြောကြားရာတွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အဆင့်အမြင့်ဆုံး တရားလွှတ်တော်ချုပ်မှာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တရားသူကြီးများသည် ကျမ်းသစ္စာဆိုခဲ့ကြသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တာဝန်ပေးအပ်ခြင်းခံရသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်တို့တွင် တာဝန်ပေးအပ်ခြင်းခံရသော တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများအနေဖြင့် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးစဉ်က နိုင်ငံတော်သမ္မတနှင့် သက်ဆိုင်ရာ လွှတ်တော်အသီးသီးတွင် ကျမ်းသစ္စာဆိုခဲ့ကြပြီ ဖြစ်ကြောင်း၊ တရားရုံးအဆင့်ဆင့်တွင် တရားစီရင်ရေး ဆောင်ရွက်လျက်ရှိကြသော တရားသူကြီးများသည် ကျမ်းသစ္စာပါအတိုင်း တစ်သဝေမတိမ်း လိုက်နာကြပြီး တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသော တရားစီရင်ရေးစနစ် ဖြစ်ပေါ်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယနေ့ကျင်းပသည့် ကျမ်းသစ္စာဆိုပွဲတွင် ခရိုင်တရားသူကြီး ၆၈ ဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိ ၆၃ ဦး စုစုပေါင်း ၁၃၁ ဦးတို့က ပြည်ထောင်စုတရားသူကြီးချုပ်၏ ရှေ့မှောက်၌ ကျမ်းသစ္စာဆိုကြသည်။ ကျန်ရှိနေသော ခရိုင်အဆင့် တရားသူကြီးများ၊ မြို့နယ်အဆင့်တရားသူကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ တရားရေးအရာရှိများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များတွင် ကျမ်းသစ္စာဆိုကြမည်ဖြစ်ကြောင်းနှင့် ဝန်ထမ်းအသစ်ခန့်ထားမည့် တရားရေးအရာရှိများသည် တရားသူကြီးတာဝန်ပေးအပ်သည့်အခါ ကျမ်းသစ္စာဆိုခြင်းကို တစ်ပါတည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မစ္စတာ ဖမ်မ်သန်ဇွန်းအား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချူကုန်းဖုန်၏နေရာတွင် မစ္စတာ ဖမ်မ်သန်ဇွန်းအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဖမ်မ်သန်ဇွန်းကို ၁၉၆၂ ခုနှစ် မေ ၁၅ ရက်တွင် မြန်မာနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ဗီယက်နမ်နိုင်ငံ သံတမန်ရေးရာတက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဘာသာဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ၁၉၈၈ ခုနှစ်တွင် ရရှိခဲ့သည်။

၎င်းသည် ၁၉၉၁ ခုနှစ်မှ စတင်၍ ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးသင်တန်းကျောင်းရှိ ဌာနအသီးသီးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဧပြီလမှစတင်၍ ယနေ့အထိ ဗီယက်နမ် သံတမန်သင်တန်းကျောင်း ပြန်ကြားရေးနှင့် မှတ်တမ်းဗဟိုဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဖမ်မ်သန်ဇွန်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦးရှိသည်။

(သတင်းစဉ်)

မစ္စတာ အဲလက်စ် ဂါစီရာချွာအား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာရီယာ ဟယ်လင်န် ဘီ ဒီ လာ ဗီဂါ၏နေရာတွင် မစ္စတာ အဲလက်စ် ဂါစီရာချွာအားခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အဲလက်စ် ဂါစီရာချွာကို ၁၉၅၆ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၂ ခုနှစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ လိုင်စီယမ်ဖိလစ်ပိုင်တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။

၎င်းသည် ၁၉၇၈ ခုနှစ်မှ စတင်၍ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာန၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဌာန၊ ကောင်စစ်ရေးရာဌာန၊ ဥပဒေရေးရာဌာနနှင့် အုပ်ချုပ်ရေးဌာနအသီးသီးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၅ ခုနှစ်မှစတင်၍ ဟောင်ကောင်မြို့၊ ပေကျင်းမြို့နှင့် ကွမ်ကျိုးမြို့ ဖိလစ်ပိုင်သံရုံးနှင့် ဖိလစ်ပိုင်ကောင်စစ်ဝန်ချုပ်ရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှ ယနေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ဖိလစ်ပိုင်နိုင်ငံ သံရုံးတွင် သံမှူးကြီး/သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အဲလက်စ် ဂါစီရာချွာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

Junction Cineplex ၈ . ၂ .၂၀၁၂ တွင် စတင်ပြသမည့် ဇာတ်ကားများ (တစ်ပတ်စာ ကြိုတင် Booking လက်ခံနေပါပြီ)

Junction Square (Ph - 01 527 055)		
Sammy - 2 (3D)	တနင်္ဂနွေ မှ ကြာသပတေး	10 : 30 ၊ 1: 00 ၊ 4 : 00 ၊ 7 : 00
	သောကြာ ၊ စနေ	10 : 30 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 00
ဝင်္ကြေး	တနင်္ဂနွေ မှ ကြာသပတေး	10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
	သောကြာ ၊ စနေ	10 : 00 ၊ 12 : 30 ၊ 3: 30 ၊ 6 : 30 ၊ 9 : 30
အလန်းလွှန် အလွှန်လန်း	တနင်္ဂနွေ မှ ကြာသပတေး	10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
	သောကြာ ၊ စနေ	10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 ၊ 9 : 30
Junction Maw Tin (Ph - 01 225 244)		
Sammy - 2 (3D)	တနင်္ဂနွေ မှ ကြာသပတေး	10 : 30 ၊ 1: 00 ၊ 4 : 00 ၊ 7 : 00
	သောကြာ ၊ စနေ	10 : 30 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 00
ဝင်္ကြေး	တနင်္ဂနွေ မှ ကြာသပတေး	10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
	သောကြာ ၊ စနေ	10 : 00 ၊ 12 : 30 ၊ 3 : 00 ၊ 6 : 00 ၊ 9 : 00
Junction Nay Pyi Taw (Ph - 067 421 615)		
ဆယ့်နှစ်နာရီ သတို့သား	နေ့စဉ်	10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30

ပွဲချိန်

တနင်္ဂနွေ မှ ကြာသပတေး	သောကြာ ၊ စနေ
၁၀ : ၃၀	၁၀ : ၃၀
၁ : ၀၀	၁ : ၀၀
၄ : ၀၀	၄ : ၀၀
၇ : ၀၀	၇ : ၀၀
	၉ : ၀၀

Junction Cineplex Maw Tin နှင့် Square တွင် တပြိုင်တည်း ပြပြီ

နို့ချိုတိုက်ကျွေး ပြည်သူ့ရင်သွေး

ယုဝတီခင်ဦး

"ကြီးကြီးမေ မိခင်တွေ မိခင်နို့ကို တိုက်ကျွေးနေလျက်သားနဲ့ မိခင်နို့ စနစ်တကျ တိုက်ကျွေးရေးစီမံချက်တို့ ဘာတို့ ဘာလို့ ပေါ်လာရတာလဲဟင်"

စားပွဲပေါ်မှ နို့ချိုတိုက်ကျွေး ပြည်သူ့ရင်သွေး ဆောင်ပုဒ်နှင့် မိခင်နို့ စနစ်တကျတိုက်ကျွေးရေးစီမံချက်မှ ထုတ်လုပ်သော သင်ကြားရေးစာအုပ်ကလေးကို တူမနွယ်နီက ကောက်ယူကြည့်လိုက်ပြီး မေးမြန်းပါသည်။

"သမီးရေ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးမိခင်တွေကတော့ သူတို့ရဲ့ရင်သွေးတွေကို နို့ချိုတိုက်ကျွေးကြတာ အစဉ်အလာတစ်ရပ်ရှိပါတယ်၊ ဒါပေမယ့် မိခင်အများစုက သူတို့ကလေးတွေကို သူတို့ နို့တိုက်ကျွေးတဲ့အခါ နည်းလမ်း မမှန်ကန်လို့၊ စနစ်မကျလို့ ကလေးငယ်တွေမှာ အာဟာရမပြည့်တာတို့၊ ဝမ်းပျက်ဝမ်းလျှောဖြစ်တာတို့ ဖြစ်လာကြရတယ်လေ"

"စနစ်တကျတိုက်ကျွေးမှုဆိုတာ ဘာပြောတာလဲ ကြီးကြီးမေရဲ့"

"မွေးပြီးစ နာရီဝက်အတွင်း ကလေးရော မိခင်ပါ နေကောင်းနေရင် နို့ချိုစပြီးတိုက်ကျွေးမယ်၊ မိခင်ကမွေးစကလေးနဲ့အတူ နွေးနွေးထွေးထွေးနေပြီး ပြုစုမယ်၊ တခြားဘယ်အရာကိုမှ မတိုက်ဘဲ ကိုယ့်ကလေးကို နို့ဆာတိုင်း ကိုယ့်နို့ကို တိုက်ကျွေးမယ်၊ နို့တိုက်မိခင်ကလည်း နို့ထွက်အောင်၊ ကျန်းမာအောင်၊ အာဟာရပြည့်အောင် စားမယ်။ ဒါတွေအားလုံး ပါဝင်တာပေါ့ သမီးရဲ့၊ နောက်တော့ အသေးစိတ်ပြောပြမယ်လေ"

"ဒါဖြင့် မိခင်နို့တိုက်ကျွေးရေး စီမံချက်အနေနဲ့ ဘယ်လိုဆောင်ရွက်ကြမှာလဲ ကြီးကြီးမေ"

"ပထမအဆင့်ကတော့ ရန်ကုန်မြို့ပေါ်မှာရှိတဲ့ ဆေးရုံကြီးတွေမှာစပြီး စီမံချက်ကိုဆောင်ရွက်မယ်၊ ဒုတိယအဆင့်ကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဆေးရုံကြီးတွေမှာ ဆောင်ရွက်မယ်၊ တတိယအဆင့်ကတော့ မြန်မာပြည်တစ်ပြည်လုံးမှာရှိတဲ့ မိခင်နှင့် ကလေးစောင့်ရှောက်တဲ့ ဆေးရုံ၊ ဆေးပေးခန်း၊ ပြင်ပဆေးကုခန်းတွေမှာ ဆောင်ရွက်ကြမယ်လေ"

တူမလေးနွယ်နီက အနီး၌ရှိသော မိခင်နို့သာ အကောင်းဆုံးဆောင်ပုဒ်နှင့် မိခင်က တယုတယနှင့် မိမိရင်သွေးငယ်ကို နို့ချိုတိုက်ကျွေးနေသော ပန်းချီကားတစ်ချပ်ကို ဂရုတစိုက်ကြည့်ရှုနေပါသည်။

"အရင်တုန်းကဆိုရင် ဆေးရုံတွေမှာ မွေးပြီးစကလေးနဲ့ မိခင်ကို အတူမထားဘူး၊ ကလေးကိုလည်း နို့ချက်ချင်းမတိုက်ကျွေးဘူး၊ ဂလူးကို့စ်ရည်နဲ့ ရေကျက်အေးကိုသာ တိုက်တာတွေ့တာပဲ၊ အခု မိခင်နို့စနစ်တကျတိုက်ကျွေးရေး စီမံချက်အနေနဲ့ ကလေးဆေးရုံသူနာပြုဝန်ထမ်းတွေကို သက်ဆိုင်ရာသင်ကြားရေးအဖွဲ့က ရက်တိုသင်တန်းပို့ချတော့မယ်၊ စာအုပ်တွေလည်း ထွက်နေပြီ၊ ဒီမှာဖတ်ကြည့်ပါလား၊ မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ ဆေးရုံ၏ မူဝါဒဆိုပြီး ရေးထားတယ်"

-ဆေးရုံတွင်းရှိ ကလေးများကို မိခင်နို့မှလွဲ၍ ဘာမှ မတိုက်ကျွေးရ၊ မွေးကင်းစကလေးများကို (အထူးညွှန်ကြားချက်မှအပ) မိခင်နို့မှလွဲ၍ ရေတိုက်ခြင်း၊ နို့ဘူးတိုက်ခြင်းမပြုရ။

-မွေးလမ်းကြောင်းမှ သာမန်မွေးသောမိခင်များသည် မွေးဖွားပြီး နာရီဝက်အတွင်း ကလေးကို မိခင်နို့ တိုက်စေရပါမည်။

-နို့ဦးရည်ကို ကလေးတိုင်းရရှိနိုင်ရန် မွေးဖွားပြီး ပထမသုံးရက်အတွင်း ထွက်ရှိသော မိခင်၏နို့ရည်ကို ကလေးသောက်စို့ရအောင် ကူညီရမည်။ (မိခင်၏ နို့ဦးရည် [Colostrum]တွင် ရောဂါပိုးတိုက်ဖျက်သော ပဋိဇီဝပစ္စည်းများ ပါရှိသည်)

-ကလေးကို ကလေးနို့ဆာသည့်အခါတိုင်း မိခင်နို့ကို တိုက်ကျွေးရမည်။

-မွေးဖွားပြီးလျှင်ပြီးချင်း ကလေးကိုမိခင်အနားတွင် ထားရမည်။ (အထူးညွှန်ကြားချက်မှအပ ကလေးကို ခွဲမထားရ။)

"ကြီးကြီးမေရေ အဲဒါတွေဘာဖြစ်လို့ လုပ်တာလဲ၊ နားလည်အောင်ပြောပြစမ်းပါဦး"

"ကြီးကြီးမေပြောပြမယ်၊ မိခင်နို့တိုက်ကျွေးခြင်းရဲ့ အကျိုးကျေးဇူးတွေကို သမီးမှတ်ထား"

-မိခင်နို့ဦးရည်ဟာ ကလေးငယ်အတွက် ပထမဦးဆုံး ရရှိတဲ့ ရောဂါကာကွယ်ဆေးဖြစ်တယ်၊ မိခင်နို့ဦးရည်ဟာ ဝမ်းလျှောရောဂါကာကွယ်တယ်၊ အသက်ရှူလမ်းကြောင်းမှာဖြစ်တဲ့ ရောဂါတွေကို ကာကွယ်နိုင်တယ်။

-အသက်လေးလအောက်ကလေး စံနှုန်းပြည့်ရရှိတယ်၊ ကလေးကြီးထွားဖို့ အင်အားဓာတ်တို့၊ အသားဓာတ်တို့၊ ဗီတာမင်ဓာတ်နဲ့ ရေလည်း အချိုးအစားမျှတပြီး ပါဝင်တယ်၊ ကလေးကို ပုံမှန်ကြီးထွားစေတယ်၊ အစာကိုလည်း ကြေလွယ်စေတယ်၊ မိခင်နို့စို့ရတဲ့ ကလေးဟာ ပန်းနာရင်ကျပ်၊ နှင်းခူနဲ့ ယားယံတဲ့ ဝေဒနာတွေ မဖြစ်တတ်ဘူး၊ အသက်ခြောက်လအတွင်း ဝက်သက်၊ ရေကျောက်၊ အကြောသေပိုလီယို ရောဂါတွေကိုလည်း ကာကွယ်ထားတယ်။

-ကလေးနဲ့မိခင်ဟာ နို့တိုက်ကျွေးရင်းနဲ့ အတွေ့အထိများလို့ သံယောဇဉ်ပိုတွယ်တာတယ်လေ၊ လုံခြုံမှု ပိုမိုရရှိတဲ့ အကျိုးတရားတွေဖြစ်စေတယ်။

-နောက်ပြီး မိခင်မှာရရှိတဲ့ အကျိုးကျေးဇူးတွေကတော့ သားအိမ်ကျုံ့စေတယ်။ မွေးဖွားပြီး သွေးသွန်တဲ့ ရောဂါမဖြစ်အောင် ကာကွယ်တယ်၊ မိခင်နို့တိုက်နေစဉ်မှာ နောက်ထပ် ကိုယ်ဝန်မရနိုင်အောင်အထိ သားဆက်ခြားစေတယ် သမီးရဲ့။

-ပြီးတော့ ရင်သားနဲ့ သားအိမ်ကင်ဆာဖြစ်ပွားမှုနှုန်းလည်း နည်းပါတယ်။

"ဟာ. . . ကြီးကြီးမေရေ၊ ကိုယ့်နို့တိုက်တာ ကလေးရော မိခင်ပါ တယ်အကျိုးတွေများပါလားနော်"

"ဆုံးအောင်နားထောင်ပါဦး၊ မပြီးသေးပါဘူး၊ မိသားစုမှာရရှိတဲ့ အကျိုးကျေးဇူးတွေလည်း ရှိသေးတယ်၊ နို့မှုန့်၊ နို့ဘူး၊ ထင်း၊ မီးသွေး မဝယ်ရတဲ့အတွက် မိသားစုစရိတ် ပိုမိုသက်သာတာပေါ့၊ အဲဒီငွေနဲ့ ကျန်တဲ့ကလေးများအတွက် အစားအစာနဲ့ လိုအပ်တဲ့ အိမ်အသုံးအဆောင်တွေကို ပိုဝယ်ယူနိုင်တာပေါ့၊ နောက်ပြီး မိခင်နို့တိုက်လို့ ကျန်းမာတဲ့အတွက် ဆေးရုံ၊ ဆေးခန်းတို့ မသွားလို့ မိသားစုလည်း ပျော်ရွှင်နိုင်တာပေါ့၊ ဒါတင်မကသေးဘူး၊ နိုင်ငံတော်မှာရရှိတဲ့ အကျိုးကျေးဇူးတွေကတော့ မိခင်နို့တိုက်ကျွေးတဲ့အတွက် ကုန်ကျစရိတ်သက်သာတယ်၊ နိုင်ငံတော်အတွက် အရေးကြီးတဲ့ နိုင်ငံခြားငွေချွေတာရာ ရောက်တယ်၊ နို့ဘူးတိုက်လို့ ရောဂါတွေဖြစ်တဲ့အခါ ဆေးရုံတက်ရတယ် မဟုတ်လား၊ မိခင်နို့တိုက်တော့ ဆေးရုံမတက်ရလို့ ဆေးရုံသုံးစရိတ်ကျစေတယ်၊ နောက်တစ်ခုကလည်း နိုင်ငံတော်ရဲ့ ကလေးသေဆုံးမှုနှုန်းတွေ ကျဆင်းလို့ နိုင်ငံတော်အတွက် စိတ်ရောကိုယ်ပါ ကြံ့ခိုင်တဲ့ကလေးတွေရရှိလို့ အနာဂတ်အတွက် အာမခံချက်တွေ အရမ်းကောင်းတာပေါ့"

"ကြီးကြီးမေရေ နားထောင်ရတာလည်း အရမ်းအရမ်းကို ကောင်းတာပဲ၊ သားလေးကို နို့ပြေးတိုက်ရဦးမယ်၊ နောက်တစ်ခါမှ နို့ချိုတိုက်ကျွေး ပြည်သူ့ရင်သွေးအကြောင်း ဆက်ပြီးပြောပြပါဦးနော်"

တူမလေးနွယ်နီသည် လက်ကလေးပြ၍ နှုတ်ဆက်ပြီး သူ့ရင်သွေးကလေးအား နို့တိုက်ရန် ထွက်သွားပါသည်။ ။

ပိုးသတ်ဆေးနှင့် မြေသြဇာဥပဒေ လုပ်ထုံးလုပ်နည်းဆိုင်ရာ ရှင်းလင်းဆွေးနွေး

မန္တလေး ဖေဖော်ဝါရီ ၇

ပိုးသတ်ဆေးနှင့်မြေသြဇာဥပဒေ လုပ်ထုံးလုပ်နည်းဆိုင်ရာရှင်းလင်းဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးမြင့်သန်းက အဖွင့်အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းက ပိုးသတ်ဆေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ မြေအသုံးချရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာရဲတင်ထွန်းက မြေသြဇာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအားလည်းကောင်း၊ လက်ထောက် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအောင်ကျော်ထွန်းက ပိုးသတ်ဆေးနှင့် မြေသြဇာဥပဒေ၊ နည်းဥပဒေဆိုင်ရာများ လိုက်နာဆောင်ရွက်ရန်များကို ရှင်းလင်း ပြောကြား ဆွေးနွေးကြသည်။

(၄၆၉)

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်ဆွယ်

ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဇီဝလုံခြုံမှုဆိုင်ရာ ပညာပေးဟောပြော

ပခုက္ကူ ဖေဖော်ဝါရီ ၇

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၄ရက် နံနက် ၁၀ နာရီတွင် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ ပညာပေးဟောပြောပွဲသို့ ပခုက္ကူမြို့နယ် ကြက်မွေးမြူသူလုပ်ငန်းရှင် ၅၀ တက်ရောက်ခဲ့သည်။ ပညာပေးဟောပြောပွဲတွင် လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်စိုးဦးက ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ရေးနှင့် ရောဂါထိန်းချုပ် ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ကျော်ကပင် ရှိခဲ့ကြောင်း၊ ၁၉၁၈ ခုနှစ်တွင် လူသန်းပေါင်း ၂၀ မှ ၄၀ ဝန်းကျင်အထိ လူအသေအပျောက်ရှိခဲ့ကြောင်း၊ ၁၉၆၈ ခုနှစ်တွင် အာရှတိုက်၌ လူလေးသန်းခန့် သေကျေပျက်စီးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် မတ်လမှဧပြီလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့၌ကြက်ခြံပေါင်း ၅၄၅ ခြံ၊ ကြက်၊ ငုံးကောင်ရေ ၆ ဒသမ ၅သိန်း သေဆုံးပျက်စီးခဲ့ရကြောင်းနှင့် ရောဂါကာကွယ်ခြင်းဆိုင်ရာများကိုလည်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ဆက်လက်ပြီး ကြက်ခြံများ၏ ဇီဝလုံခြုံမှုဆိုင်ရာ ဆောင်ရွက်ခြင်းများကို ဒုတိယမြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းဇော်ဟိန်းက လည်းကောင်း၊ ဒေါက်တာကျော်ထွန်းက ကြက်ငှက်တုပ်ကွေး ရောဂါလက္ခဏာများကို လည်းကောင်း ပြောကြားခဲ့ပြီး တက်ရောက်လာသူ ကြက်မွေးမြူရေး လုပ်ငန်းရှင်များလည်း ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဇီဝလုံခြုံမှုဆိုင်ရာများကို ဆွေးနွေးကြသည်။ ပခုက္ကူမြို့နယ်တွင် ဥစားကြက် ၅၅ ခြံ၊ ကြက်ကောင်ရေ ၁၅၆၀၀ ဝန်းကျင်ရှိပြီး စီပီကြက် အကျိုးတူခြံပေါင်း ၄၇ ခြံ၊ ကြက်ကောင်ရေ ၉၄၀၀၀ ရှိကြောင်း လေ့လာသိရှိရသည်။

(နေဦးမောင်-ပခုက္ကူ)

လွှတ်တော်ရေးရာကဏ္ဍ

✰ ပြည်သူ့လွှတ်တော်အစည်းအဝေးမှ

ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဟု နိုင်ငံတကာ သမိုင်းပညာရှင်များနှင့် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းများက အကြံပြုသည်များ ရှိပါကြောင်း၊ ၎င်းအဆောက်အအုံများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရမည့်လုပ်ငန်းမှာ အသစ်ဆောက်လုပ်သည်ထက် ငွေကုန်ကြေးကျ များပြားမည့်အပြင် အတွေ့အကြုံရှိသည့်ပညာရှင်များကိုပါ ခေါ်ယူအသုံးပြုရမည် ဖြစ်ပါကြောင်း၊ တရားရုံးချုပ်အဆောက်အအုံသည် ၁၉၀၅ ခုနှစ်က ဆောက်လုပ်ခဲ့သော အဆောက်အအုံဖြစ်ပါကြောင်း၊ ရန်ကုန်မြစ်နှင့်နီးသဖြင့် အောက်ခံမြေမှာ နွံ့ညွန်များသာဖြစ်ရာ အုတ်မြစ်ကောင်းမွန်ခိုင်ခံ့စေရန် ပိုင်တိုင် (၆၀၀) စိုက်ခဲ့ရသည်ကို သိရှိရပါကြောင်း၊ စုပေါင်းရုံးကြီးအား ကာလကြာမြင့်စွာ အသုံးပြုခဲ့ပြီး ၂၀၁၀ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် သက်ဆိုင်ရာ ခရိုင်ရုံးအသီးသီးသို့ ပြောင်းရွှေ့ခဲ့ပါကြောင်း၊ အဆိုပါလစ်လပ်နေသောရုံးကြီးအား ဟိုတယ်လုပ်ငန်း လုပ်ကိုင်လိုသူများက လျှောက်ထားလာခြင်းသာဖြစ်ပါကြောင်း၊ ဖော်ပြပါ အဆောက်အအုံများမှာ ကိုလိုနီခေတ်အဆောက်အအုံများဖြစ်ပြီး ဗိသုကာပညာရပ်ဆိုင်ရာ လေ့လာကြည့်ရှုနိုင်ရန် ထိန်းသိမ်းထားရှိခြင်းသာဖြစ်ပါကြောင်း။

ထိုအဆောက်အအုံ နှစ်လုံးသည် သက်တမ်းကြာမြင့်ပြီး အကြီးစားပြင်ဆင်ရမည့် အခြေအနေတွင်ရှိနေရာ နိုင်ငံတော်အစိုးရက ဒေါ်လာသန်းချီ၍ အကုန်အကျခံပြုပြင်မည့်အစား ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် အဆောက်အအုံကို ပြုပြင်မွမ်းမံထိန်းသိမ်းကာ အရှည်သဖြင့် ထိန်းသိမ်းကာကွယ်ထားနိုင်စေရန် လည်းကောင်း၊ တစ်ဖက်ကလည်း ဤအဆောက်အအုံများဖြင့် ကမ္ဘာလှည့်ခရီးသွားများအား ရန်ကုန်မြို့သို့ ဆွဲဆောင်ကာ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူသာမက အခြားဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများပါ ဝင်ငွေတိုးတက်လာစေရန်လည်းကောင်း စဉ်းစားကာ တရားရုံးချုပ်အဆောက်အအုံ အခန်းလွတ်များအား တရားရုံးဆိုင်ရာ ပြတိုက်အဖြစ်လည်းကောင်း၊ စုပေါင်းရုံးကြီးအား ရှေးမူမပျက်မွမ်းမံပြင်ဆင်စေပြီး နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့် ဟိုတယ်အဖြစ် ပြုပြင်ပြောင်းလဲရန်လည်းကောင်း အများပြည်သူအကျိုးငှာ စေတနာကောင်းဖြင့် စီမံစဉ်းစားခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါနေရာသည်လည်း နိုင်ငံခြားခရီးသွားများလေ့လာရာ မြို့လယ်ကောင်နေရာဖြစ်သဖြင့် အချုပ်ကားများ၊ တရားခံများနှင့် မြင်ကွင်းမဆီလျော်သည်ကို တွေ့နိုင်ပါကြောင်း။

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် သတင်းစာများတွင် ကြော်ငြာထည့်သွင်းကာ အထက်ပါ အဆောက်အအုံနှစ်လုံးအတွက် လုပ်ငန်းလုပ်ကိုင်လိုသူများကို တင်ဒါများခေါ်ယူခဲ့ပါကြောင်း၊ ဤသို့ခေါ်ယူခဲ့ရာတွင် တရားရုံးချုပ်အတွက် တင်ဒါတင်သွင်းသူတစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး စုပေါင်းရုံးအဆောက်အအုံအတွက် တင်ဒါတင်သွင်းသူ ၁၆ ဦးရှိခဲ့ရာ ကော်မရှင်သည် တင်ဒါတင်သွင်းသူများအား မျက်နှာစုံညီခေါ်ယူတွေ့ဆုံရှင်းလင်းပြကာ ရန်ကုန်တိုင်းဒေသကြီး စုပေါင်းရုံးအား ဟိုတယ်အဖြစ်ထူထောင်ရေးအတွက် စံသတ်မှတ်ချက်များနှင့်အညီ အကဲဖြတ်ပြီး အမှတ်ပေးရွေးချယ်ခဲ့ကြပါကြောင်း။

အဆိုပါအဆောက်အအုံနှစ်ခုအနက် High Court အတွက် လစ်လပ်မည့် အခန်းအချို့ကို ပြတိုက်အသွင် ဆောင်ရွက်နိုင်ရန် တစ်ဦးတည်းသော တင်ဒါသွင်းသူ ဖြစ်သည့် ထွန်းဖောင်ဒေးရှင်းဘဏ်က တင်ပြရာတွင် မြန်မာနိုင်ငံတွင် ရှိသင့်ရှိထိုက်သည့် တရားဥပဒေဆိုင်ရာ reference library ကြီး တစ်ခုအဖြစ် ဖွင့်လှစ်လျက် နိုင်ငံတကာမှ ဥပဒေစာအုပ်များအပါအဝင် e-book နှစ်သန်းနှင့် နိုင်ငံတကာစာအုပ် နှစ်သိန်းခန့် ထားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပမှ ကျမ်းပြုပညာရှင်များ၊ ဥပဒေပညာရှင်များ မှီငြမ်းနိုင်ရန် ၁၉၄၉ ခုနှစ်မှ ယနေ့အချိန်ထိ ထုတ်ဝေထားသည့် ဥပဒေဆိုင်ရာ (Ruling) ဖြတ်ထုံးများ အပါအဝင် ထားရှိပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် တရားရုံးချုပ်တစ်ခုလုံးအား ပြတိုက်အသွင်ဆောင်ရွက်မည်မဟုတ်ဘဲ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်ကို စိတ်ဝင်စားသူများ လာရောက်လေ့လာကြည့်ရှုနိုင်ရန်အတွက် တရားရုံးများကိုလည်း မူလအတိုင်းထားရှိသွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံအား မူရင်းပုံသဏ္ဌာန်မပျက်စေဘဲ မွမ်းမံပြင်ဆင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားရာ ဆောင်ရွက်မည့် အစီအစဉ်များသည် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိသဖြင့် လည်းကောင်း၊ တရားစီရင်ရေးဆိုင်ရာဥပဒေနှင့် ဆက်စပ်အထောက်အထားများ စုံစုံလင်လင်ရှိစေမည့် စာကြည့်တိုက်ပေါ် ပေါက်လာမည်ဖြစ်သဖြင့်လည်းကောင်း၊ ခေတ်မီစာအုပ်အသစ်၊ အဟောင်းများစုံလင်မည့် စာကြည့်တိုက်ကြီးကို နှစ်ကာလများစွာကပင် စောင့်စားနေကြသော မြန်မာ့ လူကြီး၊ လူငယ်ထု၏ဆန္ဒကို ဖြည့်ဆည်းရာရောက်သဖြင့် လည်းကောင်း ထွန်းဖောင်ဒေးရှင်းဘဏ်အား စိစစ်ရွေးချယ်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး စုပေါင်းရုံးအား ဟိုတယ်အဖြစ် ဆောင်ရွက်ရန် အထက်ဖော်ပြပါအကြောင်းအချက်များကို အခြေခံ၍ အမှတ်ပေးအကဲဖြတ်ကာ မြန်မာနိုင်ငံသား Flying Tiger Co,. Ltd . ကို စိစစ်ရွေးချယ်ခဲ့ပါကြောင်း၊ ၎င်းကုမ္ပဏီအနေဖြင့် စင်ကာပူနိုင်ငံမှ Dymon Asia Capital ကုမ္ပဏီနှင့်ပေါင်းစပ်ကာ ဖက်စပ်လုပ်ငန်းအဖြစ် ဟိုတယ်လုပ်ငန်းကို ဆောင်ရွက်သွားမည်ဟု အထောက်အထားများဖြင့် တင်ပြခဲ့ပါကြောင်း၊ ဤသို့ဆောင်ရွက်ထားမှုများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က နိုင်ငံတော်သမ္မတရုံးသို့ တင်ပြအတည်ပြုချက်ရယူခဲ့ရာ နိုင်ငံတော်သမ္မတရုံးက အတည်ပြုသဖြင့် ၎င်းကုမ္ပဏီနှစ်ခုအား ရွေးချယ်တာဝန်ပေး ဆောင်ရွက်စေခဲ့ပါကြောင်း ပြည်ထောင်စုလွှတ်တော်သို့လည်း သဝဏ်လွှာပေးပို့ခဲ့ပါကြောင်း။

ထို့ကြောင့် တရားရုံးချုပ်အဆောက်အအုံ၏ အခန်းလွတ်အချို့ကိုသာ ပြခန်းအဖြစ် အသုံးပြုလျက် ကျန်အစိတ်အပိုင်းများကို လက်ရှိတရားရုံးများအဖြစ် ဆက်လက်ဆောင်ရွက်ရန်သာ အစီအစဉ်ရှိပါကြောင်း၊ နိုင်ငံတော်ပိုင် အဆောက်အအုံအဖြစ်သာ လက်ရှိအခြေအနေအတိုင်း ထားရှိမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်တရားရုံးများကို သင့်တော်မည့်နေရာများတွင် တရားစီရင်ရေး လိုအပ်ချက်များပြည့်စုံစွာဖြင့် သတ်မှတ်စံချိန်မီတရားရုံးများ အဖြစ် တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စုပေါင်းရုံးကိုလည်း ပြည်သူနှင့် နိုင်ငံ့အကျိုးငှာ အထက်ပါအတိုင်း စဉ်းစားဆောင်ရွက်ခဲ့သည်ကို ပြည်သူများကလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက လည်းကောင်း လက်ခံနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

အရေးကြီးအဆိုကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်မှုအပေါ် အဆိုရှင် **သူရဦးအောင်ကို** က "ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ(၂)ရက်တုန်းက ရန်ကုန်မြို့ UMFCCI မှာ တရားစီရင်ရေးနဲ့ဥပဒေရေးရာကော်မတီနဲ့ မြန်မာနိုင်ငံရှေ့နေကြီးများအသင်းက ဥပဒေပညာရှင်တွေနဲ့ တွေ့ခဲ့ပါတယ်၊ အဲဒီလိုတွေ့ရာမှာ သူတို့ရဲ့တင်ပြချက်၊ အကူအညီတောင်းခံချက်အရ ဒီအဆိုကိုတင်ရခြင်းဖြစ်ပါတယ်။

သို့သော်လည်း အခုအဆိုကိုမတင်ခင်မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ရုံးခန်းမှာ နိုင်ငံတော်အစိုးရကိုယ်စားလှယ် ဒုတိယရှေ့နေချုပ်၊ နောက်ပြီးတော့ သက်ဆိုင်သူတွေနဲ့ တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်၊ ဒီလိုတွေ့တဲ့အခါကျတော့ နိုင်ငံတော်ရဲ့ ဆောင်ရွက်ချက်တွေဟာ လက်ရှိအခြေအနေနဲ့ကိုက်ညီတဲ့၊ သင့်လျော်ကောင်းမွန်တဲ့ ဆောင်ရွက်ချက်ဖြစ်တဲ့အတွက် အဆိုကိုမှတ်တမ်းတင်ဖို့ သဘောတူရခြင်း ဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

အစည်းအဝေးတွင် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်က **နိုင်ငံသားများ၏ မူလအခွင့်အရေး စံချိန်စံညွှန်းပြည့်မီရေးနှင့်ကာကွယ်ရေးဆိုင်ရာဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရေး** အဆိုတစ်ရပ်တင်သွင်းခဲ့ရာ လွှတ်တော်က မှတ်တမ်းတင် စောင့်ကြည့်ပြီး လိုအပ်ပါက သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အတည်ပြုဆုံးဖြတ်ခဲ့သည်။

အဆိုရှင်ဦးသိန်းအောင်က တင်သွင်းရာတွင် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၌ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကိုပြဋ္ဌာန်းထားကြောင်း၊ ပုဒ်မ ၃၅၃တွင်"မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ" ဟုဖော်ပြထားပါကြောင်း၊ နိုင်ငံတော်အစိုးရပိုင်းတွင် လိုအပ်သောအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စစ်ရေး၊ တရားစီရင်ရေးစသောကိစ္စများဆောင်ရွက်ရာတွင် တစ်ခါတစ်ရံ နိုင်ငံသားတစ်ဦးတစ်ယောက်၊ တစ်စု၊ တစ်ဖွဲ့၊ လူအများစသည်ဖြင့် နစ်နာမှုများဖြစ်ပေါ်တတ်ကြောင်း၊ ယင်းကိစ္စမျိုးပေါ်ပေါက်လာပါက နိုင်ငံတော်ဘက်က တာဝန်ယူရမည်ဟူသော ပြဋ္ဌာန်းချက်တစ်ရပ်ရှိရန်လိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၅၃အရ နိုင်ငံသားများ၏မူလအခွင့်အရေး၊ လွတ်လပ်မှုကို ကာကွယ်သော သီးခြားဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် လိုအပ်နေပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားများ၏မူလအခွင့်အရေး၊ လွတ်လပ်ခွင့်၊ လူမှုအခွင့်အရေး စံချိန်စံညွှန်းများကို ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

အဆိုတင်သွင်းရခြင်းနှင့်ပတ်သက်၍ "ကျွန်တော့်အနေနဲ့ကတော့ တကယ့်လက်တွေ့ခံစားရတဲ့ဟာတွေ၊ တကယ့်လက်တွေ့အဖြစ်အပျက်တွေပေါ့၊ ကျွန်တော့် သမီးနှစ်ယောက်ဆိုရင် ရှေ့နေဆိုတော့ ဒီလိုကိစ္စမျိုး၊ အမှားမျိုးတွေ အမြဲကြုံတွေ့နေရတယ်၊ အဲဒါကြောင့် ပြည်သူတွေအတွက် အဲဒီလိုနစ်နာမှုတွေ ပပျောက်အောင်ဆိုပြီး လွှတ်တော်ကနေ အဆိုတစ်ရပ်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ လုပ်ပေးမယ်ဆိုရင် ထိရောက်မှုရှိမယ်လို့ မြင်ပါတယ်၊ ပြည်သူလူထုကောင်းစားဖို့ ရည်ရွယ်ချက်နဲ့ တင်သွင်းရခြင်းဖြစ်ပါတယ်"ဟု အဆိုရှင် **ဦးသိန်းအောင်**က ပြောပြခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့တွင်ပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းက "မြန်မာနိုင်ငံသားများအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်း"ကို အဆိုအဖြစ် ပြောင်းလဲတင်သွင်းဆွေးနွေးပြီး ပြည်သူ့လွှတ်တော်က "မြန်မာနိုင်ငံသားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေကိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း တစ်ခုခုဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်သို့တိုက်တွန်းကြောင်း" အဆိုအဖြစ် ပြောင်းလဲတင်သွင်းဆွေးနွေးပြီး ပြည်သူ့လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့ပါကြောင်း၊ ယင်းအတည်ပြုခဲ့သော အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေကို စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်၍ ယခုတင်သွင်းသည့်အဆိုသည် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း တင်သွင်း၍ လွှတ်တော်က အတည်ပြုခဲ့သောအဆိုနှင့်သဘောထားချင်းတူညီပါသဖြင့် အဆိုကို မှတ်တမ်းအဖြစ်သာထားသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဦးသိန်းအောင်၏အဆိုအပေါ် မဟာအောင်မြေ မဲဆန္ဒနယ်မှ ဦးအုန်းကြိုင်က "ဒီအဆိုကို ထောက်ခံပါတယ်၊ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတော်ဖြစ်ဖို့အတွက် အလွန်လိုအပ်ပါတယ်၊ ဒီမိုကရေစီနိုင်ငံဆိုတာ ပြည်သူတွေရဲ့ဥပဒေနဲ့အညီ မွေးရာပါ အခွင့်အရေးအားလုံးကို ပေါ်ထွက်ဖို့အတွက်ပဲဖြစ်ရပါမယ်၊ ဒါကြောင့် ထောက်ခံရခြင်းဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၁၀)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၁၇)ရက်မြောက်နေ့ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်များသို့ လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့မှ ရှမ်းတိုင်းရင်းသားပြည်သူ ၅၀ တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ ကျင်းပနေပုံကို လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့လည်းကောင်း၊ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့တက်ရောက်မည့် ကချင်၊ ကယား၊ ချင်း၊ ရခိုင်ပြည်နယ်တို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ယဉ်ကျေးမှုအဖွဲ့ဝင် ၁၄၇ ဦးတို့သည် ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် လွှတ်တော်အဆောက်အအုံများသို့ လည်းကောင်း လာရောက်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

✳ အမျိုးသားလွှတ်တော်အစည်းအဝေးမှ

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးဝင်းက ထောက်ခံပြီး ဥပဒေကြမ်းပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက **ဆက်သွယ်ရေးဥပဒေကြမ်း**အား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦးက ထောက်ခံဆွေးနွေးပြီး ယင်းဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်းဆုံးဖြတ်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါက်တာအေးမောင်က **၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်း ရခိုင်ပြည်နယ်၌ ဘင်္ဂါလီဆူပူမှုကြောင့် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအပေါ် ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နယ်စပ်လုံခြုံရေး၊ နယ်မြေအုပ်ချုပ်ရေးနှင့် လူဝင်လူထွက်စီမံခန့်ခွဲရေးဆိုင်ရာ မဟာဗျူဟာမြောက် ရေတို၊ ရေရှည်အထူးအစီအမံတို့ဖြင့် ဦးစားပေးဆောင်ရွက်ရန်** ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းရာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်ရှိသည့်အတွက် မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ဆန္ဒကို ရယူရာ မတ်တတ်ရပ်ပြသည့်လွှတ်တော် ကိုယ်စားလှယ် (၄၀)ဦးမပြည့်သည့်အတွက် အဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဆုံးဖြတ်သည်။

အဆိုနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက "နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ၊ နယ်စပ်လုံခြုံရေး၊ နယ်မြေအုပ်ချုပ်ရေးနဲ့ လူဝင်လူထွက်စီမံခန့်ခွဲရေးတို့ဟာ တိုင်းပြည်အတွက် အရေးကြီးတဲ့အခန်းကဏ္ဍထဲမှာပါဝင်နေပါတယ်။ ဒါတွေကို ရေတိုရေရှည်အစီအမံတွေနဲ့ မဟာဗျူဟာချမှတ်ဆောင်ရွက်ထားဖို့လိုပါတယ်။ မဟာဗျူဟာအောင်မြင်ဖို့အတွက် နည်းဗျူဟာအမျိုးမျိုးကို ဝိုင်းဝန်းစဉ်းစားဆွေးနွေးသင့်ပါတယ်။ ဆွေးနွေးရမည့်အကြောင်းအရာက သိမ်မွေ့ကျယ်ပြန့်ပြီး နိုင်ငံတော်အတွက်အရေးကြီးပါတယ်။ ဒါကြောင့် အဆိုပါဘာသာရပ်ကို ကျွမ်းကျင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ဝင်ရောက်ဆွေးနွေးနည်းလမ်းရှာပေးစေချင်ပါတယ်။ ပြီးခဲ့တဲ့အတိတ်ကာလက အားနည်းချက်တွေကြောင့် အချိန်မီဆောင်ရွက်ကုစားခဲ့တာမရှိတဲ့အတွက် မလိုလားအပ်တဲ့ ပြဿနာကြီးတွေကို ဖိတ်ခေါ်သလိုဖြစ်ခဲ့ရတာပါ။ ယခုလို ခေတ်ပြောင်း၊ စနစ်ပြောင်းကာလမှာ ပြီးခဲ့တဲ့ အမှားအယွင်းတွေကို သင်ခန်းစာယူရပါမယ်။ ပြဿနာဖြစ်ရတဲ့အရင်းအမြစ်တွေကို မပေါ်ပေါက်အောင် ကြိုတင်ကာကွယ်ဖို့လိုပါတယ်"ဟု သုံးသပ်ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက **ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့်လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှုအနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ရန်** ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းရာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဟာရှိန်းဘွေက ထောက်ခံဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့်အဖွဲ့ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းများ ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၃၀ သည် ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပြိုင်ပွဲကျင်းပရေးနှင့် အဆင့်မြင့်မားစွာအောင်မြင်မှုရရှိစေရေးအတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Training Center(2)သို့ ယမန်နေ့မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ဘိလိယက်နှင့် စနူကာ၊ ကရာတေးဒို၊ ဂျူဒို၊ ပန်ကြိပ်ဆီလတ်၊ နပန်း၊ ကျွမ်းဘား၊ အလေးမ၊ ဝူရှူး (ထောက်လု/ဆန်းဆို)၊ သေနတ်ပစ်၊ ပြေးခုန်ပစ်နှင့် Gym & Fitness Center တို့၌ အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ရောက်ရှိပြီး အားကစားကွင်းအတွင်းနှင့် တည်ဆောက်ဆဲအားကစားရုံ၊ ရေကူးကန် တည်ဆောက်နေမှုတို့ကို ကြည့်ရှုလေ့လာကာ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Training Center -1 ရှိ မြားပစ်အားကစားကွင်းနှင့်ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဖူဆယ်၊ လက်ဝှေ့အားကစားသမားများ၏ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် လှေလှော်ပြိုင်ပွဲကျင်းပမည့် ငလိုက်ဆည်၌ အားကစားသမားများ လေ့ကျင့်နေမှု၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ အဆောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် အာမေးနီးယားသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အာမေးနီးယားသမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ထူထောင်ရန် သဘောတူကြသည်။

နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ အာမေးနီးယား အမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အာမေးနီးယားသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၁၁)နိုင်ငံမြောက် သံတမန်အဆက်အသွယ်ထူထောင်သည့် နိုင်ငံဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ သမိုင်းဝင်တဲ့မှ

စတင်မြင်တွေ့နေရပြီဖြစ်ရာ ယင်းတိုးတက်မှုကို နော်ဝေနိုင်ငံက ကြိုဆိုပါကြောင်း။

သတ္တိရှိရှိ ဆုံးဖြတ်ချက်များချမှတ်ပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် ဆွေးနွေးရန်မှာ နှစ်ဖက်စလုံး၏ တာဝန်ပင်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်၌ အပစ်အခတ်ရပ်စဲနိုင်ခဲ့လျှင် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရသည့် အချိန်မှစ၍ ပထမဦးဆုံး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲနိုင်သည့် အောင်မြင်မှုဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် " ဒီသမိုင်းဝင်တဲ့ ငြိမ်းချမ်းရေးအတွက် အခွင့်အရေးတွေကို သေချာစွာ ဆုပ်ကိုင်မိဖို့လိုတယ်" ဟုလည်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ပြီး ပဋိပက္ခဖြစ်ပွားနေသော ဒေသများသို့ သွားရောက်ကူညီခွင့်ပြုရန် နိုင်ငံတော်အစိုးရနှင့် KIO နှစ်ဖက်စလုံးကို တိုက်တွန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်အန္တရာယ် ကင်းရှင်းရေး ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၇

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) ပင်မခန်းမဆောင်၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူး ဦးခင်ဇော်ဦး၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ဦးခင်ဇော်နှင့် ဒုတိယရဲမှူး ဦးတင်ကိုကိုကြီးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာတို့ကို ဆွေးနွေးဟောပြောကြကြောင်း သိရသည်။

(သတင်းစဉ်)

မင်းတပ်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ချင်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၇

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ဖေဖော်ဝါရီ ၁ ရက်တွင် ဘုံဖုံး-ကျန်ဟား-ဆူရ်ခွားကားလမ်းသစ် လမ်းအူကြောင်းရှာဖွေနေမှု၊ ဟားခါး-ဂန့်ဂေါလမ်းမိုင်တိုင် (၆၇/၆-၇) အကြား လမ်းကြိတ်စက်ဖြင့် ကျောက်ညှိခြင်းနှင့် ကတ္တရာခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည် နယ် ဝန် ကြီး ချုပ် သည် ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီခွဲတွင် ကန်ပက်လက်မြို့ ဇလပ်ဝါခန်းမ၌ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏မူဝါဒများ၊ ပြည်နယ်ဖွဲ့စည်းပုံနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကိစ္စရပ်များ၊ နိုင်ငံခြားမှ အထောက်အပံ့ရရှိမှုနှင့် ခွဲဝေမှုများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်သူများကို ဗဟိုပြုပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေး၍ ပြည်နယ်ဝန်ကြီးချုပ်က လက်တွန်းထွန်စက် တစ်စီးနှင့် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဗန်ထောင်းက မျိုးစပါးများ ပေးအပ်လှူဒါန်းကြပြီး အမျိုးသမီးအိမ်တွင်းမှုကျောင်း၊ လူငယ်သင်တန်းကျောင်းနှင့် ဝဉ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂ ရက်တွင် မင်းတပ်မြို့ ၊ ဖေဖော်ဝါရီ ၄ ရက်တွင် မတူပီမြို့နှင့် ဖေဖော်ဝါရီ ၅ ရက်တွင် ရေဇွာမြို့နယ်ခွဲတို့၌ တွေ့ဆုံပွဲများ ကျင်းပပြီး လက်တွန်းထွန်စက်နှင့် မျိုးစပါးများ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည် နယ် ဝန် ကြီး ချုပ် သည် ရေဇွာ-ဟားခါးလမ်းပိုင်း (၁၀၁/၁-၂)ကြားရှိ ရေထုတ်ပြွန်များ၊ မိုင်တိုင် (၆၁/၀-၁) ကြား၌ စက်ယန္တရားကြီးဖြင့် လမ်းတာချဲ့ခြင်းများ၊ မိုင်တိုင်(၂၀/၂-၃)ကြား၌ ကတ္တရာ ခင်းကျင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆူရ်ခွားရွာ၊ ဆတ္တားအုပ်စု၊ ခွာပီးအုပ်စုနှင့် ဘွန်လုံးအုပ်စုတို့၌ ဒေသခံပြည်သူများနှင့် အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မှုခင်း စွမ်းစွမ်းတမံဖော်ထုတ်နိုင်သည့် တပ်ဖွဲ့ဝင်များ ဆုချီးမြှင့်

ပဲခူး ဖေဖော်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းစွမ်းစွမ်းတမံဖော်ထုတ်ဖမ်းဆီးနိုင်သည့် တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ပဲခူးမြို့ ကိုယ်မင်းကိုယ်ချင်းလမ်းရှိ ရဲရိပ်သာ၌ကျင်းပရာ ဆုရရှိရဲတပ်ဖွဲ့ဝင်များအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်း၊ ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ဇော်ခင်အောင်တို့မှ အသီးသီးဆုများကို ချီးမြှင့်ခဲ့ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်ကမ်းစာစောင်များအား ခရိုင်လေးခရိုင်မှ ရဲတပ်ဖွဲ့မှူးများနှင့် ပဲခူးယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး၊ ပြည်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးတို့ထံ ပေးဝေခဲ့ကြကြောင်း သိရသည်။

(၆၉၉)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၂-၂၀၁၃ (သောကြာနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်		-ဖေဖော်ဝါရီလမိုးလေဝသ အခြေအနေနှင့် ဆောင်းနှောင်းကာလသတိပြုဖွယ်ရာများ
၄း၄၀	၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သမိုင်းဘာသာရပ်)		-"အလင်္ကာကျော်စွာ ရွှေပြည်အေး နှစ်(၁၀၀)ပြည့်အစီအစဉ်"
၅း၃၀	အိန္ဒိယရုပ်ရှင်"ဖြူစင်မေတ္တာ" (အပိုင်း-၄၂)		-"ကမ္ဘောဇတစ်ခွင်ဘုရားဖူး ခရီးစဉ်"
၆း၂၀	"ချစ်သောဤကမ္ဘာမြေ"	၁၀း၀၀	ပြည်တွင်းသတင်း
၇း၁၀	နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (ဒုတိယတွဲ) (အပိုင်း - ၁၂)		-လောကနီတိ (၁) "အိုးထိန်းသည်" [ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ စောနိုင်(ရှမ်းပြည်)] (ဒါရိုက်တာ - ခင်ဇော်)
၈း၀၀	ပြည်တွင်းသတင်း		

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၇

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ပဲခူးတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်လှူဒါန်း

မော်လူး ဖေဖော်ဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအုပ်စု ပဲခူးစံပြကျေးရွာတွင် ၂၀၁၂ ခုနှစ်က အလျား၊ အနံ ပေ ၅၀ ပတ်လည် ၁၀ ပေခန်းသုံးခန်း၊ နှစ်ခန်း ကျန်းမာရေးဆေးပေးခန်းကို စတင်ဆောက်လုပ်ခဲ့ရာ ပဲခူးရွာနေ မိခင်ကြီးဒေါ်မယ်သုန်အား အမှူးထား၍ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင် သီတင်းသုံးနေထိုင်တော်မူသော အရှင်ဓမ္မသာမိသည် ကျန်းမာရေးဆေးပေးခန်းအတွက် အလှူငွေ ကျပ် ၁၅ သိန်း မတည်ပေးခဲ့ကြောင်း သိရသည်။

ယင်းကျန်းမာရေးဆေးပေးခန်းအတွက် ဒုတိယအကြိမ် ကွန်ပျူတာတစ်စုံ၊ သွေးတိုင်းကိရိယာနှစ်စုံ ထပ်မံလှူဒါန်းပြီး ကိုယ့်အားကိုယ်ကိုး ကုန်ကျငွေ ကျပ်သိန်း ၁၅၀ ဖြင့် ဇန်နဝါရီလက ဆောက်လုပ်ပြီးစီးပြီဖြစ်ရာ **(အပေါ်ပုံ)**ကျန်းမာရေးဝန်ထမ်းများ ရရှိရန်ဒေသခံတို့မှ မျှော်လင့်နေကြကြောင်း သိရသည်။

(၆၈၅)

✳ နိုင်ငံတော်သမ္မတမှ

တွေ့ဆုံရာ၌ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ ဖွံ့ဖြိုး
ADB မှ ပါဝင်ကူညီဆောင်ရွက်ရေး၊ စားနပ်ရိက္ခာထုတ်
သည့် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးရေးအတွ
ကူညီဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ မြစ်ကြီးသုံးစင်းမှ
ရှိစွာအသုံးချနိုင်ရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေ
ထိန်းသိမ်းရေးကိစ္စရပ်များကို ဝိုင်းဝန်းကူညီဆောင်
နိုင်ငံသည် အရှေ့တောင်အာရှနှင့် တောင်အာရှ ပေါင်း

အဆင့်အတန်းမြင့်သည့်

လူသားတိုင်းအတွက် စားဝတ်နေရေးသည် အဓိ
ဖြစ်ရာ အသက်ရှင်နေထိုင်ရေးအတွက် စားနပ်ရိက္ခာဖူ
အထည်လိုအပ်ချက်မှာ အရေးကြီးသော အခန်းကဏ္ဍမှ ပ
တွင် လူသားတို့၏ တီထွင်လာသည့်နည်းပညာများ ဖွံ့
အလျောက် အဝတ်အထည်များ၏ အရည်အသွေး၊ အ
ဆန်းသစ်တီထွင်မှုတို့မှာလည်း ခေတ်နှင့်အညီ ပြော
သည်။ ယခုအခါ ချည်သားစစ်စစ်ဖြင့် ထုတ်လုပ်လာသ
ရာသီဥတုပြောင်းလဲမှုအခြေအနေနှင့် လိုက်လျောညီ
ကျန်းမာရေးနှင့် ညီညွတ်သော ချည်ထည်များကိုသာ နှစ်
သည်။ ထို့ကြောင့် ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်သည့်အ
ဝါဂွမ်းစစ်စစ်ဖြင့်ထုတ်လုပ်သည့် ချည်ထည်များကိုသာ ဝ
ကြပါသည်။

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှ
တို့တွင် ဝါစိုက်ပျိုးသည့်ရာသီဥတု၊ မြေအနေအထားနှင့်
ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါများကို စိုက်ပျိုးထုတ်လ
ရှည်ဝါမှာ အဝတ်အထည်များအတွက်ဖြစ်ပြီး ချည်မျှင်
ပတ်တီးနှင့် စောင်အမျိုးမျိုးတို့အတွက် စိုက်ပျိုးခြင်းဖြ
BT ဝါ၊ Surabhi ဝါ၊ MCU ဝါစသည့် ဝါအမျိုးမျိုးကို စိ
၂၀၀၇ ခုနှစ်မှစ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြေ
ပိုးချည်လုပ်ငန်းဌာနက သုတေသနပြု ထုတ်လုပ်သည့်
ရှည်ဝါမျိုးသည် ချည်မျှင်ရှည်၍ သီးလုံးဖောက်ပြ
အထွက်နှုန်း ကောင်းသောဝါမျိုးဖြစ်ရာ ဝါစိုက်တောင်
စိုက်ပျိုးသောသီးနှံတစ်ခု ဖြစ်လာပါသည်။

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းတွင် ချ
မှုရရှိသော ဝါဂွမ်းကုန်ကြမ်းကို ချည်မျှင်နှင့်အထည်စက်
ထုတ်လုပ်ခြင်းဖြင့် ပြည်သူလူထုအတွက် အဝတ်အထ
ဈေးနှုန်းချိုသာစွာ ဖြည့်ဆည်းပေးနိုင်ပြီဖြစ်ပါသည်။
အနေဖြင့်လည်း အထွက်နှုန်းကောင်းပြီး အရည်အသွေ
ရှည်ဝါစိုက်ပျိုးခြင်းဖြင့် ဝင်ငွေထိုက်ထိုက်တန်တန် ရရှိ
အတန်းမြင့်မားလာမည် ဖြစ်သည်။ ယခင်က အရည်အ
ထွက်ရှိရာမှ ယခုအခါ အရည်အသွေးကောင်းသော
စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အထွက်နှုန်းတိုးပြီး ဝင်ငွေတိ
တောင်သူများ၏ လူနေမှုအဆင့်မြင့်လာမည်ဖြစ်သ
ဖြစ်ပါသည်။

၂၀၀၈ ခုနှစ်မှစ၍နှစ်စဉ် ငွေချည် (၆)ချည်မျှင်ရှ
ထွက်ရှိရာဒေသအလိုက် စက်မှုဝန်ကြီးဌာနက အဝ
ယူခဲ့ပြီး အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့် အထည်
အဓိကလိုအပ်သော ဝါဂွမ်းကုန်ကြမ်းကို ဖြည့်ဆည်
၂၀၁၂-၂၀၁၃ ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါများကို

❖ မိဘပြည်သူများမှ

ထို့အပြင် နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အားသစ်အင်သစ်ဖြင့် ရွှင်လန်းတက်ကြွစွာ ဆောင်ရွက်နိုင်ရန်နှင့် မိသားစုဝင်များ ပျော်ရွှင်လန်းဆန်း စိတ်အပန်းဖြေရာ နေရာတစ်ခုလည်း ဖြစ်သည်။

ရေပူစမ်း အပန်းဖြေစခန်း တည်နေရာမှာ ပျဉ်းမနား-ပင်လောင်း ကားလမ်းပေါ်ရှိ တောင်ကျရွာ အနီးတွင် တည်ရှိပြီး သဘာဝအတိုင်း ထွက်ပေါ်နေသည့် ရေပူစမ်းဖြစ်သည်။ နေပြည်တော် ရေပူစမ်း အပန်းဖြေစခန်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၅၀၀ ခန့်တွင် တည်ရှိပြီး ရေပူများ တစ်နှစ်ပတ်လုံး ထွက်ရှိကာ တစ်နာရီလျှင် ရေဂါလန် ၈၀၀၀ မှ ၁၀၀၀၀ ခန့် ထွက်ရှိသည်။ ရေ၏ အပူချိန်မှာလည်း ၉၈ ဒီဂရီစင်တီဂရိတ်ခန့်ရှိ၍ ကြက်ဥကို သုံးမိနစ်ခန့်နှင့် အာလူးကို ငါးမိနစ်ခန့် ပြုတ်လျှင် အသင့်စားသုံးနိုင်သည်။

ရေပူစမ်းအလွန် အမြင့်ပေ ၃၀၀၀ ခန့် မိုင်တိုင်အမှတ် ၃၄/၄ မိုင်မှ
၃၆/၄ မိုင်အ
၁၅ ကွေ့ရှိပြီး
ရှုခင်းView Po
ထိုမှဆက်၍သွာ
၄၁/၆ မိုင်တွ
ရှမ်းပြည်နယ်
နယ်မြေ နေပြ
နေရာတွင် လှ
တံတားကို တွေ
ဇင်းရေပူစမ်
များတွင် ရှမ်း
ကယားလူမျိုးမ
ဒေသဓလေ့ ဝ
ရိုးသားစွာ အ
ပြုကြသူများဖြစ်
သီးနှံများဖြစ်ေ
တည်း၊ ရွှေ
ပျားရည်နှင့်
သစ်ဖုများ၊ သစ
နိုင်ပြီး တောင်
လူမျိုးနွယ်များ
သော ယဉ်ကေ
ဓလေ့စရိုက်မျ
မည် ဖြစ်သည်
(၂၇)ကြိမ်
အာရှ အားက
ကို မြန်မာနိုင်င
လက်ခံကျင်းပ

✻ နိုင်ငံတော်သမ္မတမှ

တွေ့ဆုံရာ၌ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ADB မှ ပါဝင်ကူညီဆောင်ရွက်ရေး၊ စားနပ်ရိက္ခာထုတ်လုပ်မှုတွင် အရေးပါသည့် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးရေးအတွက် ADB မှ ဝိုင်းဝန်းကူညီဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ မြစ်ကြီးသုံးစင်းမှ ရေချိုများအား အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် မြစ်ကြောင်းထိန်းသိမ်းရေးကိစ္စရပ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့် တောင်အာရှ ပေါင်းကူးတံတားဖြစ်သည့် အလျောက် အိန္ဒိယ-မြန်မာ-ထိုင်းမော်တော်ကားလမ်းဖောက်လုပ်မှု၊ မြန်မာ-လာအို မဲခေါင်မြစ်ကူးတံတားဆောက်လုပ်မှုနှင့် ဒေသတွင်းပူး ပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် ADB မှ ကူညီဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊ ဆက်သွယ်ရေးလမ်းကြောင်းများ ဖွံ့ဖြိုးမှုနှင့် ရေရှည်စွမ်းအင်ဖွံ့ဖြိုးမှုတို့အတွက် နည်းပညာနှင့် ငွေကြေးအကူအညီများ ပံ့ပိုးရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

အဆင့်အတန်းမြင့်သည့် ချည်မျှင်ရှည်ဝါရောင်းချပါ

ဝင်းနိုင်(တောင်တွင်း)

လူသားတိုင်းအတွက် စားဝတ်နေရေးသည် အဓိကလိုအပ်သောအချက်ဖြစ်ရာ အသက်ရှင်နေထိုင်ရေးအတွက် စားနပ်ရိက္ခာဖူလုံရေးပြီးလျှင် အဝတ်အထည်လိုအပ်ချက်မှာ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ကမ္ဘာပေါ်တွင် လူသားတို့၏ တီထွင်လာသည့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် အဝတ်အထည်များ၏ အရည်အသွေး၊ အရောင်အဆင်း၊ ဒီဇိုင်းဆန်းသစ်တီထွင်မှုတို့မှာလည်း ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာခဲ့ပါသည်။ ယခုအခါ ချည်သားစစ်စစ်ဖြင့် ထုတ်လုပ်လာသည့် ချည်ထည်များသည် ရာသီဥတုပြောင်းလဲမှုအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသည့်အတွက် ကျန်းမာရေးနှင့် ညီညွတ်သော ချည်ထည်များကိုသာ နှစ်သက်စွာသုံးစွဲလာကြပါသည်။ ထို့ကြောင့် ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်သည့်အဝတ်အထည်များအစား ဝါဂွမ်းစစ်စစ်ဖြင့်ထုတ်လုပ်သည့် ချည်ထည်များကိုသာ တန်ဖိုးထားဝတ်ဆင်လာကြပါသည်။

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဝါစိုက်ပျိုးသည့်ရာသီဥတု၊ မြေအနေအထားနှင့် ကိုက်ညီသောကြောင့် ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါများကို စိုက်ပျိုးထုတ်လုပ်ခဲ့ပါသည်။ ချည်မျှင်ရှည်ဝါမှာ အဝတ်အထည်များအတွက်ဖြစ်ပြီး ချည်မျှင်တိုဝါများမှာ ဆေးဂွမ်း ပတ်တီးနှင့် စောင်အမျိုးမျိုးတို့အတွက် စိုက်ပျိုးခြင်းဖြစ်ပါသည်။ ယခင်က BT ဝါ၊ Surabhi ဝါ၊ MCU ဝါစသည့် ဝါအမျိုးမျိုးကို စိုက်ပျိုးခဲ့ကြသော်လည်း ၂၀၀၇ ခုနှစ်မှစ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝါနှင့်ပိုးချည်လုပ်ငန်းဌာနက သုတေသနပြု ထုတ်လုပ်သည့် ငွေချည် (၆)ချည်မျှင်ရှည်ဝါမျိုးသည် ချည်မျှင်ရှည်၍ သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ရည်ရှိပြီး အထွက်နှုန်း ကောင်းသောဝါမျိုးဖြစ်ရာ ဝါစိုက်တောင်သူများမှ အလေးထား စိုက်ပျိုးသောသီးနှံတစ်ခု ဖြစ်လာပါသည်။

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းတွင် ချည်မျှင်ရှည်ဝါကြိတ်ခွဲမှု မှရရှိသော ဝါဂွမ်းကုန်ကြမ်းကို ချည်မျှင်နှင့်အထည်စက်ရုံကြီးများတွင် အသုံးပြုထုတ်လုပ်ခြင်းဖြင့် ပြည်သူလူထုအတွက် အဝတ်အထည် လိုအပ်ချက်အား ဈေးနှုန်းချိုသာစွာ ဖြည့်ဆည်းပေးနိုင်ပြီဖြစ်ပါသည်။ ဝါစိုက်တောင်သူများအနေဖြင့်လည်း အထွက်နှုန်းကောင်းပြီး အရည်အသွေးပြည့်မီသော ချည်မျှင်ရှည်ဝါစိုက်ပျိုးခြင်းဖြင့် ဝင်ငွေထိုက်ထိုက်တန်တန် ရရှိနိုင်ကာ လူနေမှုအဆင့်အတန်းမြင့်မားလာမည် ဖြစ်သည်။ ယခင်က အရည်အသွေးညံ့ ဝါဂွမ်းများသာ ထွက်ရှိရာမှ ယခုအခါ အရည်အသွေးကောင်းသော ချည်မျှင်ရှည်ဝါအား စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အထွက်နှုန်းတိုးပြီး ဝင်ငွေတိုးတက်လာမည်ဖြစ်ရာ တောင်သူများ၏ လူနေမှုအဆင့်မြင့်လာမည်ဖြစ်သဖြင့် ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ်မှစ၍နှစ်စဉ် ငွေချည် (၆)ချည်မျှင်ရှည်ဝါများကို ဝါစိုက်ပျိုးထွက်ရှိရာဒေသအလိုက် စက်မှုဝန်ကြီးဌာနက အဝယ်ဒိုင်များဖွင့်လှစ်ဝယ်ယူခဲ့ပြီး အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့် အထည်စက်ရုံကြီးများအတွက် အဓိကလိုအပ်သော ဝါဂွမ်းကုန်ကြမ်းကို ဖြည့်ဆည်းပေးခဲ့ပါသည်။ ယခု ၂၀၁၂-၂၀၁၃ ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါများကိုလည်း ၂၁-၁၂-၂၀၁၂ ရက်မှစ၍ နေပြည်တော်ကောင်စီနယ်မြေရှိ တပ်ကုန်းမြို့နယ် မြောက်မြိုက်ရွာနှင့် အလယ်ကျွန်းရွာ အစရှိသော ကျေးရွာများတွင် အဝယ်ဒိုင်ဖွင့်၍လည်းကောင်း၊ ရမည်းသင်းခရိုင်ရှိ ဝါစိုက်ပျိုးသောဒေသများအတွက် ရမည်းသင်းဝါကြိတ်စက်၊ ပျော်ဘွယ်ဝါကြိတ်စက်တို့တွင် အခြေပြုဒိုင်များဖွင့်လှစ်၍လည်းကောင်း ဝယ်ယူလျက်ရှိသည့်အပြင် ကျန်ဝါစိုက်ပျိုးရာ ခရိုင်အသီးသီးတွင်လည်း ဝါအဝယ်ဒိုင်များ ဖွင့်လှစ်ဝယ်ယူလျက်ရှိပါသည်။

ချည်ထည်လုပ်ငန်းများအတွက် အရည်အသွေးမြင့်မားသော ဝါများရရှိစေရန် ပထမတန်းစားချည်မျှင်ရှည်ဝါ တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀ နှုန်း၊ ဒုတိယတန်းစား ချည်မျှင်ရှည်ဝါတစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀ နှုန်း ခွဲခြား၍ ဝယ်ယူလျက်ရှိရာ ပထမတန်းစားဝါမှာ ဝါဂွမ်းမွေးအရှည် ၃၆/၃၂ လက်မနှင့်အထက် ရှိရမည်ဖြစ်ပြီး ၁/၄၀ ချည်ဖြင့် ချည်ချောလုံချည်နှင့် ပေါ်ပလင်ပန်းရိုက်ထည်များ ထုတ်လုပ်ရန်ဖြစ်ပါသည်။ ဒုတိယတန်းစားဝါမှာ ဝါဂွမ်းမွေးအရှည် ၃၂/၃၂ လက်မမှ ၃၄/၃၂ လက်မအထိ ရှိရမည်ဖြစ်ပြီး ၁/၃၂ ချည်ဖြင့် ပေါ်ပလင်သက်န်း၊ ၁/၂၁ဖြင့် ပင်နီအင်္ကျီ၊ ချည်ကြမ်းလုံချည်၊ ၁/၁၆ ချည်ဖြင့် ချည်စောင်၊ ၁/၁၀ချည်ဖြင့် ဂျင်းအဝတ်အထည်များ ထုတ်လုပ်ရန် ဖြစ်ပါသည်။

ချည်မျှင်ရှည်ဝါများကို အရည်အသွေးသတ်မှတ်ချက်ဖြင့် ဝယ်ယူရာတွင် အရောင်ပျက်၊ အစွန်းအထင်းပါဝင်မှုမှာ ၁ ရာခိုင်နှုန်း၊ အမှိုက်သရိုက်ပါဝင်မှုမှာ ၁ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် ကျွဲပါဝင်မှုမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအထိ သတ်မှတ်ထားပြီး စိစစ်ဝယ်ယူလျက်ရှိပါသည်။ အဆင့်မြင့်သော ချည်ထည်များ ထုတ်လုပ်ရာတွင် ကုန်ကြမ်းဝါဂွမ်း၏ အစိုဓာတ်ပါဝင်မှုမှာလည်း အရည်အသွေးကို အဓိက ထိခိုက်နိုင်သည့်အချက်ဖြစ်ရာ သတ်မှတ်အစိုဓာတ်ထက် မပိုစေရေးအတွက်လည်း ခေတ်မီအစိုဓာတ်တိုင်းကိရိယာများထားရှိ၍ တိုင်းတာ ဝယ်ယူနေပါသည်။

တောင်သူများ နစ်နာမှုမရှိစေရန်အတွက် ဌာနမှ ကျွမ်းကျင်သည့် ဝန်ထမ်းများဖြင့် တိုင်းတာစိစစ်ပြီး ဒေသပေါက်ဈေးနှင့်အညီ ဈေးကောင်းပေး၍ ဝယ်ယူနေခြင်းသည် ဝါစိုက်တောင်သူများအပေါ်ထားရှိသည့် နိုင်ငံတော်၏ စေတနာဖြစ်သည့်အတွက် ဝါစိုက်တောင်သူများအနေဖြင့် ဈေးကောင်းရ တစ်ဇကဝင်ငွေတိုးသဖြင့် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီသော ချည်မျှင်ရှည်ဝါသည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် စက်မှုကုန်ကြမ်းသီးနှံများတွင် အရည်အသွေး အကောင်းဆုံး ဝါစိုက်ပျိုးသည့် တောင်သူများတွက် စီးပွားရေးတွက်ခြေ အကိုက်ဆုံး သီးနှံဖြစ်ပြီး နေရာဒေသအပေါ် မူတည်ပြီး မိုးကြို/မိုးစိုက်/မိုးနှောင်းဝါစိုက်ရာသီ သုံးမျိုးစလုံး စိုက်ပျိုးနိုင်ပါသည်။ ဝါစိုက်တောင်သူများအနေဖြင့် ချည်မျှင်ရှည်ဝါကို စနစ်တကျ စိုက်ပျိုးပြုစုခြင်း၊ အရည်အသွေး မှန်ကန်အောင် သန့်စင်ရောင်းချခြင်းတို့ဖြင့်ဈေးကောင်းရရှိနိုင်မည်ဖြစ်ပြီး တောင်သူနှင့် နိုင်ငံတော်နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

❖ မိဘပြည်သူများမှ

ထို့အပြင် နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အားသစ်အင်သစ်ဖြင့် ရွှင်လန်းတက်ကြွစွာ ဆောင်ရွက်နိုင်ရန်နှင့် မိသားစုဝင်များ ပျော်ရွှင်လန်းဆန်း စိတ်အပန်းဖြေရာ နေရာတစ်ခုလည်း ဖြစ်သည်။

ရေပူစမ်း အပန်းဖြေစခန်း တည်နေရာမှာ ပျဉ်းမနား-ပင်လောင်း ကားလမ်းပေါ်ရှိ တောင်ကျရွာအနီးတွင် တည်ရှိပြီး သဘာဝအတိုင်း ထွက်ပေါ်နေသည့် ရေပူစမ်းဖြစ်သည်။ နေပြည်တော် ရေပူစမ်း အပန်းဖြေစခန်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၅၀၀ ခန့်တွင် တည်ရှိပြီး ရေပူများ တစ်နှစ်ပတ်လုံး ထွက်ရှိကာ တစ်နာရီလျှင် ရေဂါလန် ၈၀၀၀ မှ ၁၀၀၀၀ ခန့် ထွက်ရှိသည်။ ရေ၏ အပူချိန်မှာလည်း ၉၈ ဒီဂရီစင်တီဂရိတ်ခန့်ရှိ၍ ကြက်ဥကို သုံးမိနစ်ခန့်နှင့် အာလူးကို ငါးမိနစ်ခန့် ပြုတ်လျှင် အသင့်စားသုံးနိုင်သည်။

ရေပူစမ်းအလွန် အမြင့်ပေ ၃၀၀၀ ခန့် မိုင်တိုင်အမှတ် ၃၄/၄ မိုင်မှ ၃၆/၄ မိုင်အတွင်း အကွေ့ပေါင်း ၁၅ ကွေ့ရှိပြီး သဘာဝတောတောင်ရှုခင်းView Point များလည်းရှိသည်။ ထိုမှဆက်၍သွားလျှင် မိုင်တိုင်အမှတ် ၄၁/၆ မိုင်တွင် ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့ ဆုံရာနေရာတွင် လှပသော လိန်းလီကြိုးတံတားကို တွေ့ရမည် ဖြစ်သည်။

၎င်းရေပူစမ်းပတ်ဝန်းကျင်ရှိ ရွာများတွင် ရှမ်း၊ ကယန်း၊ ကရင်၊ ကယားလူမျိုးများ နေထိုင်ကြပြီး ဒေသဓလေ့ တောင်ယာလုပ်ငန်းဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သည်။ ဒေသထွက်သီးနှံများဖြစ်သော နန္ဒင်းခါး၊ ဖာလာ၊ တညင်း၊ ရွှေနီငှက်ပျော၊ မျှစ်ချဉ်၊ ပျားရည်နှင့် ဆေးဖက်ဝင် သစ်ဥ သစ်ဖုများ၊ သစ်ခွပန်းများကို ဝယ်ယူနိုင်ပြီး တောင်ပေါ်ဒေသတိုင်းရင်းသားလူမျိုးနွယ်များ၏ ချစ်စရာကောင်းသော ယဉ်ကျေးမှုများနှင့် သဘာဝဓလေ့စရိုက်များကိုပါ လေ့လာနိုင်မည် ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လာရောက်ကြမည့် နိုင်ငံများမှ အားကစားသမားများအနေဖြင့် နေပြည်တော်ရှိ ရေပူစမ်း အပန်းဖြေစခန်းသို့ လာရောက်အပန်းဖြေလေ့လာပါက မြန်မာ့ရေမြေ တောတောင် သဘာဝအလှရှုခင်းများကို ရင်သပ်ရှုမော ခံစားကြရမည်ဖြစ်သည်။

နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်းတွင် သဘာဝအလျောက် ရေပူထွက်သည့်နေရာ သုံးနေရာရှိပြီး ၎င်းနေရာများမှ ထွက်ရှိသည့် ရေပူများကို ရေပူစီးကြောင်းတစ်ခုဖြင့်စုပြီး ရေပူစုကန်ထဲပေါင်းထည့်ထားသည်။ ထိုကန်မှတစ်ဆင့် ကျား/မ သီးသန့် နှစ်ခန်းတွဲ ရေစိမ်ကန် နှစ်လုံးတွင် မိသားစုအလိုက် သီးခြားအပန်းဖြေနိုင်ရန် စီစဉ်ထားပြီး ပြင်ပရေပူစိမ်ကန် နှစ်ကန်တွင်လည်း အများအသုံးပြုအပန်းဖြေနိုင်ရန် စီစဉ်ထားသည်။ ထို့အပြင် ရေပူစမ်းအပန်းဖြေစခန်း ပတ်ဝန်းကျင်ကိုကြည့်ရှုပြီး နားနေနိုင်သည့် နားနေဆောင်(ဂါဇီဘို) သုံးခုတည်ဆောက်ထားသည်။ ကျား/မ သီးခြားသန့်စင်ခန်းများလည်း တည်ဆောက်ပေးထားသည်။ အများသုံး ပြင်ပရေစိမ်ကန် နှစ်ကန်ကိုလည်း ထပ်မံတိုးချဲ့တည်ဆောက်နေသည်ကို တွေ့ရသည်။ အပန်းဖြေသူများ စားသောက်နိုင်ရန် အဆင့်မြင့်စားသောက်ဆိုင် တစ်ဆိုင်နှင့် ဒေသခံစားသောက်ဆိုင် သုံးဆိုင်ရှိပြီး သစ်ခွပန်းများ၊ ဆေးဖက်ဝင် သစ်ဥ သစ်ဖုများ၊ ပျားရည်များနှင့် ဒေသထွက် ပစ္စည်းများကိုပါ ဝယ်ယူနိုင်သည်။

လျှပ်စစ်မီးအနေဖြင့် ဆိုလာမီးဘုတ်များထားရှိကာ ၇၅၀၀ ဝပ်နှင့် ၃၅၀၀ ဝပ်တို့ဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားပြီး ဆက်သွယ်ရေး စနစ်အနေဖြင့်လည်း I.P Star ဖုန်းများဖြင့် နေရာဒေသမရွေး ဆက်သွယ်အသုံးပြုနိုင်သည်။

ဝန်ဆောင်မှုအနေဖြင့် လူတစ်ဦးလျှင် ၅၀၀ ကျပ်၊ ကားတစ်စီးလျှင် ၂၀၀၀ ကျပ်၊ ဆိုင်ကယ်တစ်စီးလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ကောက်ခံပြီး ပြင်ပစုပေါင်း ရေစိမ်ကန်တွင် အခကြေးငွေမယူဘဲ သီးခြားရေစိမ်ကန်များတွင် လူတစ်ဦး (၁ နာရီ) ၁၀၀၀ ကျပ်နှုန်း ကောက်ခံ၍ သီးခြားအခန်းများတွင် အဝတ်လှန်းစင်၊ ရေချိုးဆပ်ပြာ၊ သန့်စင်ခန်းများ ပါဝင်ဖွဲ့စည်း တည်ဆောက်ပေးထားကြောင်း တွေ့ရသည်။

နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်းကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ယူကြီးကြပ်၍ ပြည်သူများအား စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် ဝန်ဆောင်မှုပေးနေကြောင်း တွေ့ရသည်။

၎င်းရေပူစမ်း အပန်းဖြေစခန်းကို သွားမည်ဆိုလျှင် ရန်ကုန်- မန္တလေး ကားလမ်းအတိုင်း ထွက်ခွာလာပြီး မိုင်တိုင်အမှတ် (၂၇၁/၄)မိုင်ရှိ ကင်းသာလမ်းခွဲ ပင်လောင်းလမ်းအတိုင်း ဝင်လာပြီး ကင်းသာမှ ၂၁ မိုင်အကွာတွင် ကိုးကွေ့ရွာရှိသည်။ နေပြည်တော်-ပင်လောင်း ကားလမ်း နံဘေး ကိုးကွေ့ရွာအနီးတွင် သဘာဝရေတံခွန်တစ်ခုကိုလည်း တွေ့နိုင်သည်။ ကိုးကွေ့ရွာမှ ပင်လောင်းလမ်းအတိုင်းဆက်၍ သွားလျှင် တောင်ကျရွာသို့ရောက်ရှိပြီး တောင်ကျရွာအလွန် မိုင်တိုင်အမှတ် (၂၄/၄) မိုင်မှ လမ်းခွဲ၍ ၁ မိုင် ၆ ဖာလုံရှိ ကတ္တရာလမ်းအတိုင်း ခြေကျင်ဖြင့်လည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ တောင်ကျရွာအနီးရှိ ဆင်စခန်းများမှ အပျော်စီးဆင်များစီး၍ လည်းကောင်း သာယာလှပသော ရေမြေတောတောင် သဘာဝအလှကို ခံစားရင်း လျှောက်လှမ်းလာပါက နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်းကို ရောက်ရှိမည်ဖြစ်သည်။

"တောင်တောရယ်သာ၊
မာလာကင့်ဖူး
တစ်ပင်ကို နှစ်ပင်ယှက်တယ်၊
ကျေးငှက်ကမြူး"

ဆိုသည့် ရှေးစာဆိုတစ်ဦး၏ ကဗျာလေးကဲ့သို့ တောတောင်သဘာဝအလှအပများနှင့် ကျေးငှက်သာရကာများ၏ မြူးထူးပျော်ပါးသီကျူးသံများကို နားသောတဆင်ရင်း နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်းသို့ မိဘပြည်သူများ တစ်ခါတစ်ခေါက် လာရောက်ကာ အပန်းဖြေအနားယူခြင်းဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာလန်းဖြာစေမည် ဖြစ်ပါကြောင်း. . .။

(၆၈၅)

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်အတူတကွ ပူးပေါင်းနေထိုင်ရေး၊

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး၊

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေး။

တွဲလျက်ညီ ချိတ်အဆက်ရယ်နဲ့

သည်ရခိုင် သည်ကယား
သည်ချင်းသား သည်ကချင်၊
သည်ဗမာ သည်မွန်ရှမ်း
စိတ်ဝမ်းဖြူစင်။
သည်မူရာ သည်အသွင်
သည်ကရင် သည်ရပ်မွေး၊
ဒီမိုကရေစီ ခေတ်တစ်ခေတ်ကိုလ
ပြည်တစ်ခိုဝေစည် အသစ်အသစ်တွေနဲ့
ဖွင့်လှစ်ချိန်သာပုံဆန်းအောင်
အေးချမ်းပုံရေး။
သူတစ်သွယ် ကိုယ်တစ်မျိုး
သူ့အကျိုး ကိုယ်ကဆောင်၊
ကိုယ့်အကျိုး သူမြော်တွေး
ချစ်တေး ဖွဲ့နှောင်
သာစေကွဲ့ သည်ပြည်ထောင်
ချောင်မခို ရေသာမလိုက်၊
အေးအတူ ပူအမျှ
နေကြ ပျော်ပိုက်။
သည်မူနဲ့ သည်စနစ်
သည်တစ်ခေတ် သည်မြန်ပြည်၊
သည်အချိန် သည်အလှ
ထိန်းကြဖို့ရည်။
မဆုတ်တမ်း စိတ်ဓာတ်တည်
မြဲခိုင်ကျည် ဖြစ်စေကြောင်း၊
ကိုယ်အမှန် သူမမှားပါဘူး
မြန်ပြည်ဖွား ပီပီရယ်နဲ့
တွဲလက်ညီ ချိတ်အဆက်ရယ်နဲ့
ချီအတက် ပြည်အတွက်ပေမို့
နှစ်သက်ဖွယ်ကောင်း။ ။

ဖိုလေးလုံးသောင်းကိုကို

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

Standard Chartered Bank ကိုယ်စားလှယ်ရုံး ပြန်လည်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၇

Standard Chartered Bank ၏ကိုယ်စားလှယ်ရုံး ပြန်လည်ဖွင့်လှစ်ခြင်းအခမ်းအနား ဂုဏ်ပြုညစာစားပွဲကို ဖေဖော်ဝါရီ ၅ ရက် ည ၇ နာရီတွင် Strand Hotel ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ United Kingdom နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn နှင့် တာဝန်ရှိသူများ၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမှုဆောင်များ၊ Standard Chartered Bank မှ Group Chief Executive Mr. Peter Sands နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Standard Chartered Bank ရန်ကုန် ကိုယ်စားလှယ်ရုံး၏ Chief Representative Ms. Tina Singhsacha နှင့် Group Chief Executive Mr. Peter Sands တို့က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ Group Chief Executive Mr. Peter Sands နှင့် Group Executive Director & Chief Executive Officer, Asia Mr. Jaspal Bindra တို့က စက်ခလုတ်များ တစ်ပြိုင်တည်းနှိပ်၍ ကိုယ်စားလှယ်ရုံး ပြန်လည်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဖွင့်လှစ်ပေးကာ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

Standard Chartered Bank သည် ၁၈၆၂ ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး ယခုပြန်လည် ဖွင့်လှစ်ခြင်းဖြစ်သည်။ Standard Chartered ၏ Consumer Banking လုပ်ငန်းသည် လက်လီလုပ်ငန်း၊ Customer များ၊ ပုဂ္ဂလိက၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဘဏ်လုပ်ငန်းနှင့် သက်ဆိုင်သော လိုအပ်ချက်များကို ပံ့ပိုးပေးခြင်း၊ ငွေချေးခြင်း၊ ပိုင်ဆိုင်မှုစီမံခန့်ခွဲခြင်းနှင့် ငွေလွှဲခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတက္ကသိုလ် သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်

နေပြည်တော် ဖေဖော်ဝါရီ ၇

ပဲခူးမြို့ ပဲခူးတက္ကသိုလ်တွင် အရှေ့ဦးဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်လျက်ရှိသော သုံးထပ်ကျောင်းဆောင်သစ်ကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းကျောင်းဆောင်သစ်သည် အလျား ၁၈၈ ပေနှင့် အနံ ၄၈ ပေရှိပြီး တစ်ထပ်လျှင် စာသင်ခန်းငါးခန်းပါရှိကာ စုစုပေါင်း ၁၅ ခန်းပါရှိသည့် အာစီသုံးထပ်ကျောင်းဆောင်ဖြစ်သည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၂) က ဆောက်လုပ်လျက်ရှိသော အလျား ၁၉၄ ပေနှင့် အနံ ၁၆၄ ပေရှိ အာစီနှစ်ထပ်စုဝေးခန်းမ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးတက္ကသိုလ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဘာသာရပ်အလိုက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲဆုပေးပွဲအခမ်းအနားသို့တက်ရောက်၍ အမျိုးသားပြိုင်ပွဲအဖြစ် မြန်မာစာအသင်းနှင့် သချာအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး အမျိုးသမီးပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ ရုက္ခဗေဒအသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ သချာအသင်းတို့အား ဆုများချီးမြှင့်ခဲ့သည်။**(သတင်းစဉ်)**

ကျေးရွာတိုင်း၌ သမဝါယမအသင်းများ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၇

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ကချင်ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်းနှင့်အတူ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁နာရီတွင် ပြည်နယ် သမဝါယမဦးစီးဌာနရုံး၌ ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိများ၊ သမဝါယမအသင်းစုချုပ်၊ အသင်းစုနှင့် အခြေခံအသင်းအမှုဆောင် ဒါရိုက်တာများနှင့်တွေ့ဆုံ၍ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအရောက်ကွင်းဆင်းကာ ကျေးရွာတိုင်း၌ သမဝါယမအသင်းများဖွဲ့စည်းနိုင်ရေး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ မြစ်ကြီးနားမြို့နယ် သမဝါယမဦးစီးဌာနမှူးရုံး၌ မြစ်ကြီးနားမြို့နယ်အတွင်းရှိ စက်မှုလက်မှုရက်ကန်း ကုန်ထုတ်သမဝါယမအသင်းသားများနှင့်တွေ့ဆုံ၍ ရိုးရာရက်ကန်းထည်များအား အရည်အသွေးမြှင့်တင်၍ ပြည်တွင်း ပြည်ပဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့်ထိုးဖောက်နိုင်ရေးအတွက် အဆင့်မြင့်နည်းပညာ၊ ဒီဇိုင်းဆန်းများ ပေါင်းစပ်ထုတ်လုပ်နိုင်ရန် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးရွှေ့ လမ်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံးရွှေ့ လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီတွင် အဆိုပါလမ်းသစ်ရှိရာ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဝင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် ဒေါ်ခင်အေးနွယ်၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေးနှင့် ဒေါ်ခင်အေးနွယ်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

၂၀၁၂ ဇန်နဝါရီနှင့် ယာဉ်မတော်တဆမှု နှိုင်းယှဉ်ပါက ၂၀၁၃ တွင် လူသေဆုံးမှုလျော့နည်းသော်လည်း ဒဏ်ရာရသူတိုးလာ

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၁၂ ခုနှစ် ဇန်နဝါရီလနှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ခရီးသည်တင်ယာဉ် မတော်တဆဖြစ်ပွားမှုများကို နှိုင်းယှဉ်ရာတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလအောက် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ သေဆုံးမှုများ လျော့ကျကာ ဒဏ်ရာရရှိသူဦးရေတိုးလာကြောင်း မထသ(ဗဟို)တွင် ဖေဖော်ဝါရီ ၆ ရက်တွင် ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါ မတော်တဆဖြစ်ပွားသော ရန်ကုန်စည်ပင်သာယာနယ်နိမိတ် ခရီးသည်တင် ယာဉ်လိုင်းများတွင် ယာဉ်တိုက်မှုတစ်မှု၊ တိမ်းမှောက်မှုတစ်မှု၊ သေဆုံးသူ ရှစ်ဦးလျော့နည်းသွားသော်လည်း ဒဏ်ရာရရှိသူမှာ ၁၇ ဦးတိုးလာခဲ့ကြောင်း သိရသည်။ "ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၆ ရက်ကနေ ၃၁ ရက် ကာလအတွင်းမှာ ထဲမှာ ၁၄ မှုဖြစ်ပြီး ပြင်ပမှာတစ်မှုဖြစ်တာတွေ့ရတယ်။ အဲဒီထဲမှာ မဆင်မခြင်မောင်းလို့ဖြစ်တာက ကိုးမှုပါဝင်ပြီး ယာဉ်ပိုင်းဆိုင်ရာ ချွတ်ယွင်းပြီးကြံ့ခိုင်မှုအားနည်းလို့ ဖြစ်တာက ခြောက်မှုပါဝင်တာကို တွေ့ရပါတယ်" ဟု မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။**ထက်ခိုင်(စမ်းချောင်း)**

နေပြည်တော်စည်ပင် ခွေးလေခွေးလွင့်များ ရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၇

နေပြည်တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုသရေးနှင့် သားသတ်ရုံများဌာနမှ ညွှန်ကြားရေးမှူး ဦးရဲထွဋ်ဦးဆောင်သော တိရစ္ဆာန် ဆေးကုဆရာဝန်များအဖွဲ့က နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဇေယျာသီရိ၊ ဇမ္ဗူသီရိမြို့နယ်များရှိ ဈေးများနှင့် ကျောင်းများ အနီး ပတ်ဝန်းကျင်များသာမက လမ်းကြိုလမ်းကြားမကျန် နေ့စဉ်ညနေ ၅ နာရီမှ ည ၉ နာရီခန့်အထိ ခွေးလေခွေးလွင့်များကို အစာနှင့်ဆေးရောစပ်ကျွေးသည့်စနစ်ဖြင့် လိုက်လံရှင်းလင်းလျက်ရှိသည်။

(၁၀၇)

တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ မှုး ယစ် ကင်း စင် ကျန်း မာ မှ

မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနားဖိတ်ကြားခြင်း

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ (၁၉၉၇) တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား/သူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား/သူဟောင်းများ တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၀.၂.၂၀၁၃ (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - (၀၈ : ၀၀) နာရီ

ကျင်းပမည့်နေရာ - ပညာဗိမာန်ခန်းမ၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး၊ အထက်တန်းကျောင်း၊ ပြည်လမ်း၊ ရန်ကုန်မြို့

သီးခြားဆက်သွယ်လိုပါက - facebook : ၁၉၉၇ ttc ဆရာကန်တော့ပွဲ

ဇော်သက်မောင်	- ၀၉ ၅၁၀၅၁၀၀	နှင်းအိဝင်း	- ၀၉ ၅၀၂၄၅၈၅
အောင်မျိုးဦး	- ၀၉ ၅၄၀၁၈၅၁	မွန်မွန်ရည်ဝင်း	- ၀၉ ၇၃၁၅၅၃၄၇

ပြည်တွင်းရေးရာ

စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သင်တန်းသား ၁၀၀ ကျော် အစ္စရေးသို့ ပညာသင်စေလွှတ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နည်းပညာသင်တန်းသားများကို အစ္စရေးနိုင်ငံသို့ စေလွှတ်ရာတွင် ယခုနှစ်အတွင်း သင်တန်းသား ၁၀၀ ကျော်ကို စေလွှတ်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါစေလွှတ်ခြင်းမှာ ရေလုပ်ငန်းဆိုင်ရာနယ်ပယ်နှင့် အဖွဲ့ချုပ်အသင်းဝင်များ၏ Capacity Building တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏ ခေတ်ပညာတတ် လူငယ်လူရွယ်များအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာများကို လေ့လာသင်ယူနိုင်ရန် စသော ရည်ရွယ်ချက်များဖြင့် ပညာသင်စေလွှတ်ခြင်းလည်းဖြစ်သည်။ သင်တန်းတက်ရောက်ရန် လျှောက်ထားသူများအနက်မှ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများကို တာဝန်ရှိသူများ ပူးပေါင်း၍ လူတွေ့စစ်ဆေးမှုများပြုလုပ်ခြင်းဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများမှာ သတ်မှတ်ထားသော စာရွက်စာတမ်းအပြည့်အစုံဖြင့် ဖေဖော်ဝါရီ ၂၈ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သို့ လျှောက်ထားနိုင်သည်။

ထိုသို့ ပညာသင်စေလွှတ်မှုကို ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့ကာ The Arava International (AICAT) ၁၀ လ သင်တန်းသို့ သင်တန်းသား ကျား သုံးဦး၊ မ နှစ်ဦး စုစုပေါင်း ငါးဦးကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် AICAT ၁၀ လ သင်တန်းအတွက် သင်တန်းသား ကျားခုနစ်ဦး၊ မ သုံးဦး စုစုပေါင်း ၁၀ ဦးနှင့် Ramat Negev Desert Agro Research Centre ၁၁ လ သင်တန်းအတွက် သင်တန်းသား ကျား တစ်ဦး၊ မ နှစ်ဦး စုစုပေါင်း သုံးဦးကို လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် AICAT ၁၀ လ သင်တန်းသို့ ကျား ၃၃ ဦး၊ မ ၁၉ ဦး၊ စုစုပေါင်း ၅၂ ဦးနှင့် ၁၁ လ သင်တန်းသို့ ကျား ၁၅ ဦး၊ မ ခုနစ်ဦး စုစုပေါင်း ၂၂ ဦးကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် AICAT သို့ သင်တန်းသား ကျား ၆၃ ဦး၊ မ ၁၀ဦး စုစုပေါင်း ၇၃ ဦးနှင့် ၁၁လသင်တန်းအတွက် သင်တန်းသား ကျား ကိုးဦး၊ မ သုံးဦး စုစုပေါင်း ၁၂ဦး စသည်ဖြင့် စေလွှတ်ခဲ့သည်။

လွန်ခဲ့သော ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အစ္စရေးနိုင်ငံရှိ Training Center နှစ်ခုသို့ သင်တန်းသား ကျား ၁၃၁ ဦးနှင့် မ ၄၆ ဦး စုစုပေါင်း ၁၇၇ ဦးကို စေလွှတ်ခဲ့ပြီး ယခု ၂၀၁၃ ခုနှစ်တွင် သင်တန်းသား ၁၀၀ ကျော် စေလွှတ်ရန် ဆွေးနွေးကြပြီးလည်း ဖြစ်ကြောင်း သိရသည်။

ထက်ခိုင် (စမ်းချောင်း)

ကမ်းနားလမ်းမသစ်ကြီး လမ်းအသုံးပြုခ ကောက်ခံမှုမရှိသေး

ရန်ကုန် ဖေဖော်ဝါရီ ၇

ကြည့်မြင်တိုင်မြို့နယ် ဟုမ်းလမ်းလမ်းဆုံမှ ဗိုလ်တထောင်မြို့နယ်အထိ ရှိသော အရှည် ငါးမိုင်ကျော်ရှိ ကမ်းနားလမ်းဟောင်းနှင့် အပြိုင်ဖောက်လုပ်ထားသော ကမ်းနားလမ်းမသစ်ကြီးတွင် ဖေဖော်ဝါရီ ၁ ရက်မှ လမ်းအသုံးပြုခကောက်ခံမည် ဆိုသော်လည်း ဖေဖော်ဝါရီ ၅ ရက်အထိ လမ်းအသုံးပြုခကောက်ခံမှု မရှိသေးကြောင်း အဆိုပါလမ်းမှ ဖြတ်သန်းမောင်းနှင်သူ ယာဉ်မောင်းများက ဆိုသည်။

အဆိုပါလမ်းကို ဇန်နဝါရီတစ်လလုံး အခမဲ့ ဖြတ်သန်းခွင့်ပြုထားကြောင်း၊ ကုန်တင်ယာဉ် တစ်စီးလျှင် လမ်းအသုံးပြုခ ကျပ်လေးထောင်နှုန်း၊ ယာဉ်ငယ်တစ်စီးလျှင် ကျပ် ၁၅၀၀ နှုန်း ပေးဆောင်ရမည်ဟု သိရရာ ယာဉ်ကြီးတစ်စီးလျှင် ခရီးတစ်မိုင်အတွက် ကျပ် ၇၀၀ ခန့် ကျသင့်နေကြောင်း၊ ထိုသို့လမ်းအသုံးပြုခ ပြန်လည် ပြင်ဆင်သတ်မှတ်ရန် ရှိသည့်အတွက် ကောက်ခံခြင်းမပြုခြင်းဖြစ်ကြောင်း ကုန်သေတ္တာယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

အဝေးပြေး BOT ကားလမ်းများတွင် ဝင်ရိုးနှစ်ခုပါ ခြောက်ဘီးကုန်ကားတစ်စီးလျှင် ခရီးတစ်မိုင်လျှင် ကျပ် ၁၀၀၊ ဝင်ရိုး သုံးခုပါ ၁၀ဘီးကုန်ကားတစ်စီးလျှင် ၁၂၅ ကျပ်နှုန်း၊ ဝင်ရိုးလေးခုပါ ၁၂ ဘီးကုန်ကားတစ်စီးလျှင် ကျပ် ၁၅၀ နှုန်း၊ ဝင်ရိုး ခြောက်ခု ပါ ၂၂ဘီး နောက်တွဲယာဉ်တစ်စီးလျှင် ကျပ် ၃၅၀ နှုန်းသာ ရှိသဖြင့် အဝေးပြေးလမ်း ခရီးတစ်လမ်းအသုံးပြုခနှုန်းများ မြင့်နေကြောင်း၊ အဝေးပြေး ကုန်ကားများအနေဖြင့် လမ်းအသုံးပြုခ၊ တံတားအသုံးပြုခ ဒဏ်ကြေးငွေများကို ကုန်တင်သူကုန်သည်များပေါ်မှ ကောက်ခံခြင်းမရှိကြောင်း၊ မြို့တွင်းသွား ခေါက်တိုယာဉ်များ၊ အငှားလူစီးယာဉ်များ၊ ကုန်သေတ္တာယာဉ်များတွင်မူ လမ်း၊ တံတားကြေးများ ကားငှား အသုံးပြုသူမှ ပေးဆောင်ရတတ်ကြောင်း ကားငှားသူများက ဆိုသည်။

ရန်ကုန်မြို့တွင်း လမ်းအသုံးပြုခ ပေးဆောင်ရသော လမ်းအဖြစ် အဆိုပါ ကမ်းနားလမ်းမသစ်သည် ပထမဆုံးဖြစ်လာမည်ဟု ဆိုသည်။ ရန်ကုန်အရှေ့ခြမ်း ငမိုးရိပ်ချောင်း (ပုဇွန်တောင်ချောင်း) ဖြတ်တံတားများဖြစ်သော မဟာဗန္ဓုလကြီးတံတား အပါအဝင် တံတားများသည် အခမဲ့ ဖြတ်သန်းခွင့်ရှိပြီး ရန်ကုန်အနောက်ခြမ်း လှိုင်မြစ်ဖြတ် အောင်ဇေယျ ကြိုးတံတားအပါအဝင် တံတားများ တံတားအသုံးပြုခ ပေးဆောင်နေရကြောင်း ယာဉ်ပိုင်ရှင်များက ဆိုသည်။

(မောင်စေအောင်)

လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား ခြင်းအလှုခတ်ဖြင့် ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ခြင်းအလှုခတ် ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ခြင်းလုံးအစ မြန်မာက ဆိုသည့် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနှင့် ယဉ်ကျေးမှုတို့ကို မြန်မာတို့ ဆက်လက်ထိန်းသိမ်းထားနိုင်ရန်နှင့် အခွန့်ရှည်တည်တံ့ခိုင်မြဲစေရန်၊ မျိုးဆက်သစ် လူငယ်မောင်မယ်လေးများ ရိုးရာခြင်းလုံးအားကစားကို ချစ်ခင်မြတ်နိုး ခုံမင်စွာ လေ့ကျင့်ခတ်ကစားကြခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လေလွင့်ပျက်စီးခြင်းများမှ ကင်းဝေးစေရန်၊ မြန်မာ့ခြင်းလုံးအားကစားကို ကမ္ဘာကသိရှိနိုင်စေရန် ရည်ရွယ်လျက် ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၆ ရက်အထိ တစ်ရက်လျှင် ၂၂ ပွဲဖြင့် ၁၅ ရက်တိုင်တိုင် မြန်မာ့ရိုးရာ ဆိုင်းဝိုင်းကြီးဖြင့် နံနက် ၁၁ နာရီမှ ည ၁၁ နာရီ မိနစ် ၅၀ အထိ မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိ ခြင်းလုံးအားကစားရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၆၈၄)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၇ - ၂ - ၂၀၁၃

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၅၉. ၀၀၀	၀. ၀၀၁၁၆
ထိုင်း (ဘတ်)	၂၉. ၇၆၄၉	၀. ၀၃၃၆၀
တရုတ် (ယွမ်)	၆. ၂၃၅၆	၀. ၁၆၀၃၇
အိန္ဒိယ(ရူပီး)	၅၃. ၁၉၅၉	၀. ၀၁၈၈၀
မလေးရှား (ရင်းဂစ်)	၃. ၀၉၅၀	၀. ၃၂၃၀၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၈၂	၀. ၈၀၇၆၁
ဂျပန် (ယန်း)	၉၃. ၇၃၉၆	၀. ၀၁၀၆၇
တောင်ကိုရီးယား(ဝမ်)	၁၀၉၁. ၀၁	၀. ၀၀၀၉၂
ယူရို	၀. ၇၃၇၀၃	၁. ၃၅၆၈၀
ဗြိတိသျှ (ပေါင်)	၀. ၆၃၈၀၇	၁. ၅၆၇၂၄

စီးပွားရေးလုပ်ငန်းကြီး လုပ်ကိုင်နေသူများ၊ စီးပွားရေး စီမံကိန်း ရေးဆွဲသူများ၊ စီးပွားရေးလုပ်ငန်းရပ်ဆိုင်ရာများနှင့် ဆက်စပ်ပတ်သက်နေသူများအတွက် အထောက်အကူပြုစာအုပ်

စီးပွားရေးစီမံကိန်း

အခြေခံ သဘောတရားများနှင့် နည်းလမ်းများ

မြတ်သိန်း



WISDOM HOUSE စာအုပ်တိုက် ☎ ၀၁ ၅၄၅၀၃၆၊ ၀၉ ၅၀၅၈၅၃၃

မော်တင်စွန်း (သီးသန့်အမြန်) (၂)ရက်ခရီး (15/22/25-3-2013) ထွက်မည်။ ၄၀၀၀၀ိ/-

သကြံ့န်ရွှေစက်တော် (သီးသန့်)(12/15-4-2013) ထွက်မည်။ (၂)ညအိပ်(၃)ရက်စရိတ်ငြိမ်း ၅၀၀၀ိ/- Ph:09 450024419

ရွှေစေတီ ဘုရားဖူးပို့ဆောင်ရေး ကျိုက္ကစံဘုရားလမ်းမှတ်တိုင် (၁၂၄)ဘုရင့်နောင်လမ်း ဦးစံဝေရပ်ကွက်၊ သယ်န်းကျွန်း။

ချစ်ပိုင်သစ္စာ အဆင့်မြင့်ခရီးသွားပို့ဆောင်ရေး

- မန်းရွှေစက်တော်(မှန်မှဲ) 35000 14-2-13
- ပုဂံ-ပုပ္ပါး-ပခုက္ကူ 60000 } အပတ်စဉ်
- အလောင်းတော်ကဿပ 60000 } သောကြာ

ချောင်းသာ Hotel Package စီစဉ်ပေးပါသည်။

ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)

ကျိုက်ထီးရိုး(အထူး) ရင်ပြင်တော်အရောက်

စီးလုံးငှားခရီးစဉ်များကို ဈေးနှုန်းချိုသာစွာဖြင့်စီစဉ်ပေးပါသည်။

0973198239, 0943033237, 0973163538

ရွှေနဂါး

ကျိုက်ထီးရိုး-10000/-

ချောင်းသာ -13000/-

စရိတ်ငြိမ်းစီစဉ်ပေးသည်။

Ph.209077, 209388, 09-731 67000

ရွှေစက်တော်ဖွင့်ပွဲ

Air-con Express ကားကြီးများဖြင့်

မကွေး၊ ပြည် ဘုရားစုံဖူး(၁၃-၂-၁၃)ထွက်မည်။

(အလှူအထူးနှုန်း) 25000

420211358, 73051870

ဥဒန်ဝေအောင်

ရွှေခင်းသာ Air-Con Express

အိမ်အရောက်လက်မှတ်ပို့ဝန်ဆောင်မှု

ကားမျိုးစုံစီးလုံးငှားဆောင်ရွက်ပေးသည်။

- ပြည်၊ ထုံးဘိုအကောက်တောင်နှင့် နဂါးရစ်တောင်(၁)ညအိပ်(၂)ရက် Feb 8,10 ည
- ရွှေစက်တော် ခြေတော်ရာဖွင့်ပွဲနှင့် လမ်းဘုရားစုံ (၂)ညအိပ်(၃)ရက် Feb 13ညထွက်မည်
- ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး၊စွယ်တော်လေးဆူ
- ရွှေစက်တော်၊အလောင်းတော်ကဿပ(သီးသန့်)

09420046635, 09421745791,0973123647

ပျောက်ဆုံးကြောင်း

ဦးသိန်းမြင့်[၉/ပမန(နိုင်)၁၁၃၁၃၇]၏ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော သွင်းကုန်ပါမစ်အမှတ် ISP-IDV5 12-13 0614(4-5-12)နှင့် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော သွင်းကုန်ကြေညာလွှာ (Customs ID) 742569(18-may-2012)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

Ph:09-73108039, 09-5412602

ကျေးဇူးအထူးဆပ်ပါမည်

ကျွန်တော်၏ အလွန်အရေးကြီးသော အလုပ် DAZA များပါဝင်သည့် i Pad တစ်လုံး ပျောက်ဆုံးနေပါသည်။ တွေ့ရှိမိပါက ကျေးဇူးပြု၍ ပြန်လည်ပေးအပ်ပါရန် မေတ္တာရပ်ခံပါသည်။ ကျေးဇူးအထူးဆပ်ပါမည်။

ပျောက်ဆုံး i Pad အမျိုးအစား - New i Pad အဖြူရောင် 64 G(အနီရောင် i Pad ခွံ)

ပျောက်ဆုံးနေရာ - ပြည်လမ်းမှ ပန်တျာလမ်းသို့ ငှား၍စီးနင်းသော AD Van အမျိုးအစား TAXI

နေ့ရက် - ဖေဖော်ဝါရီ ၄ ရက် ညနေ ၄ နာရီခန့်

ဆက်သွယ်ရန် - မောင်ကျော်ဇောဗိုလ်

Ph:09421067630, 095034184, 0973130637, 01-382420

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ယာဉ်အပိုပစ္စည်း (၁၆) မျိုး

(ခ) လက်သုံးကိရိယာ (၃) မျိုး

(ဂ) ဘက်ထရီ (၁) မျိုး (အရေအတွက် ၃၀ လုံး)

(ဃ) တာယာဆိုဒ်မျိုးစုံ (၉) မျိုး (အရေအတွက် ၂၄၅ လုံး)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၂-၂၀၁၃ ရက်မှ ၁၈-၂-၂၀၁၃ ရက်ထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါဌာနများတွင် တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း တစ်စောင်လျှင် (၅၀၀၀ ကျပ်)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်-

(က) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

(ခ) စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၃။ အိတ်ဖွင့်တင်ဒါများကို ၁၉-၂-၂၀၁၃ ရက် ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း ရုံးအမှတ်(၃၂)၊ နေပြည်တော်ရှိ ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ၏ ရှေ့မှောက်၌ (တင်ဒါအောင်မြင်သည့်အခါ စာချုပ်ချုပ်ဆိုနိုင်မည့်သူ)ကိုယ်တိုင် လာရောက်ပေးသွင်းရမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်နှင့်လိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ဖုန်း-၀၆၇-၄၀၆၁၆၇၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

(ခ) ဖုန်း-၀၁-၆၅၁၀၃၉၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့

ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန- ပဲခူးမြို့ (ကတ္တရာ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ကတ္တရာ(၈၀/၁၀၀) အမျိုးအစားတန် (၄၈. ၅၆၅) တန် လိုအပ်လျက်ရှိရာတွင် တန်(၁၇. ၁၅)တန်အား တောင်ငူမြို့သို့လည်းကောင်း၊ တန်(၃၁. ၄၁၅) တန်အား ပြည်မြို့သို့အရောက် မြန်မာကျပ်ငွေတန်ဖိုးဖြင့် ဝယ်ယူလိုပါသည်။

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့်ကတ္တရာ အား ထုတ်လုပ်သည့် နိုင်ငံအမည်၊ ကတ္တရာ (၁)တန်ဈေးနှုန်း၊ ကတ္တရာ(၁)တန်တွင် ပါဝင်သည့် ကတ္တရာပီပါ အရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန်(Custom Duty) ပေးဆောင်ထားပြီးကြောင်း ထောက်ခံချက်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ကတ္တရာအရည်အသွေးစစ်ဆေးထောက်ခံချက်တို့နှင့်အတူ အောက်ပါကတ္တရာအရည်အသွေးနှင့်အညီ လျှောက်ထားရပါမည်-

CHARACTERISTICS	SPECIFICATION	TESTMETHOD
Specific Gravity @ 25/25 deg C	1.00-1.06	D-70
Penetration @ 25 deg C	80-100	D-5
Softening Point deg C	41-51	D-36
Ductility at 25 deg C (cm)	100Min;	D-113
Loss on Heating (%)	0.5 Max;	D-6
Droap in Penetration after Heating Point	20 Max;	D-5
Flash Point dge C	225 Min;	D-92
Solubility in Trichloroethane % wt	99.5Max;	D-2042
Organic Matter in Soluble in Trich;wt	0.2 Max;	D-2042
Wax Content PCT	2.O Max;	DIN 52015

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးတွင် ၁၁-၂-၂၀၁၃ ရက်မှ ၁၄-၂-၂၀၁၃ ရက်အထိ ရောင်းချမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၁၄-၂-၂၀၁၃ ရက် ၁၆း၃၀ နာရီဖြစ်ပြီး ဖွင့်လှစ်မည့် အချိန်နှင့် နေရာမှာ ၁၅-၂-၂၀၁၃ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ပဲခူးမြို့၌ ဖြစ်ပါသည်။

၅။ တင်သွင်းမည့် ကတ္တရာဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ကတ္တရာ(၁)တန်၏ ပင်မတန်ဖိုး (ရန်ကုန်အထိုင်ဈေးနှုန်း)အပေါ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးချေရမည့် With Holding Tax ကို ခုနှိမ်၍ ကျန်ငွေအား ပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ၁၁-၂-၂၀၁၃ ရက်မှ ၁၄-၂-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

အင်ဂျင်နီယာမှူးကြီးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ **Ph:052-21523, 24572, 21220**

အော်စကာဆု ဆန်ခါတင်ရွေးချယ်ခံထားရသူများအတွက် ဂုဏ်ပြုနေ့လယ်စာစားပွဲကျင်းပ

ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျင်းပမည့် (၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် ဆန်ခါတင်ရွေးချယ်ခံထားရသော အနုပညာရှင်များ၏ နေ့လယ်စာစားပွဲအခမ်းအနားကို ကယ်လီဖိုးနီးယားပြည်နယ် Beverly Hills ရှိ Beverly Hilton ဟိုတယ်၌ ကျင်းပခဲ့ရာ အော်စကာ ဆန်ခါတင်ဆုရှင် အနုပညာရှင်များအပါအဝင် ဟောလိဝုဒ်အနုပညာရှင်ပေါင်း ၁၆၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ အော်စကာဆုအတွက် ဆန်ခါတင်ရွေးချယ်ခြင်းခံထားရသည့် ဂျက်စီကာချက်စတိန်း၊ ဂျနီဖာလောရန့်စ်၊ ဘရက်တလီကူးပါး၊ ဒန်နီယယ်ဒေးလူးဝစ်၊ ဒန်ဇယ်ဝါရှင်တန်နှင့် အေမီအေဒမ် အစရှိသည့် အော်စကာဆန်ခါတင် ဆုရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထို့အပြင် ယမန်နှစ်က အော်စကာဆုရှင်များဖြစ်သည့် သည့် မိုင်ရယ်လ်စတိဗ်၊ Jean Dujardin၊ Octavia Spencer နှင့်ခရစ္စတိုဖာပလမ်မာတို့အား မကြာမီကျင်းပမည့် အော်စကာဆုပေးပွဲစင်မြင့်ထက်၌ အစီအစဉ်တင်ဆက်သူများအဖြစ် ထပ်မံမြင်တွေ့ရမည်ဖြစ်ပြီး အခမ်းအနားတစ်ခုလုံး၏ စီစဉ်တင်ဆက်သူအဖြစ် ဒါရိုက်တာနှင့် သရုပ်ဆောင် ဆတ်မာ့ဖလိန်းက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဟောလိဝုဒ်ရုပ်ရှင်လောက၏ ၂၀၁၂ ခုနှစ်အတွင်း အကောင်းဆုံးရုပ်ရှင်ဇာတ်ကားများ၊ အနုပညာရှင်၊ အတတ်ပညာရှင်များကို ရွေးချယ်ဂုဏ်ပြုချီးမြှင့်သည့် (၈၅) ကြိမ်မြောက်အော်စကာဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့ Hollywood & Highland စင်တာရှိ Dolby ပြဇာတ်ရုံ၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

Psy ၏ အယ်လ်ဘမ်အသစ် ဧပြီလတွင် ထွက်ရှိနိုင်ဖွယ်ရှိ

'ဂမ်နမ်စတိုင်လ်'မြင်းစီးအကဖြင့် ကမ္ဘာကျော်လာခဲ့သူ Psy က ၎င်း၏အယ်လ်ဘမ်အသစ်မှာ ဧပြီလတွင် ထွက်ရှိနိုင်ဖွယ်ရှိကြောင်း တောင်ကိုးရီးယားနိုင်ငံ၏ အကြီးဆုံးလေဆိပ်တစ်ခုဖြစ်သည့် Incheon အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ နှင်းများထူထပ်၍ လေယာဉ်ကြန့်ကြာမှုကြောင့် ခေတ္တစောင့်ဆိုင်းနေစဉ် သတင်းထောက်အဖွဲ့ကို ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် (၃၅)နှစ်အရွယ်ရှိ ရက်ပ်အဆိုတော် Psy က အဆိုပါ အယ်လ်ဘမ်အတွက် သီချင်းများအားလုံးမှာ ပြီးစီးနေပြီဖြစ်ပြီး တေးသီချင်းဗီဒီယိုအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် Psy အနေဖြင့် အမေရိကန်၌ Super Bowl ပွဲတွင် ပါဝင်ဖျော်ဖြေခဲ့ရမှုအတွက် ဂုဏ်ယူပါကြောင်းနှင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပမည့် တောင်ကိုးရီးယားနိုင်ငံသမ္မတ၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင်လည်း ပါဝင်ဖျော်ဖြေရန် စီစဉ်ထားကြောင်း သိရသည်။

KARA ပေါ့ပ်ဂီတအဖွဲ့မှ အဖွဲ့ဝင်များ။

K- Swiss ၏မျက်နှာသစ်မော်ဒယ်လ်များ ဖြစ်လာသည့် KARA အဖွဲ့

ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ KARA အား အမေရိကန်နိုင်ငံ၏ နာမည်ကျော် အမှတ်တံဆိပ်တစ်ခုဖြစ်သော K-Swiss ၏ မျက်နှာသစ်သရုပ်ဆောင်များအဖြစ် ရွေးချယ်ခဲ့ကြောင်းသိရသည်။

အမျိုးသမီးအဖွဲ့ဝင်ငါးဦးပါဝင်သည့် အဆိုပါ KARA တေးဂီတအဖွဲ့၏ ဆွဲဆောင်မှုရှိသော အကများနှင့် အဖွဲ့ဝင်တစ်ဦးချင်းစီ၏ သွက်လက်တက်ကြွသော ချစ်စဖွယ်ဟန်ပန်အမူအရာများက ၎င်းတို့ ဖျော်ဖြေသည့်ပွဲတိုင်းအတွက် စံပြဖြစ်စေခဲ့သည်ဟု K- Swiss မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆိုသည်။

KARA အဖွဲ့သည် K- Swiss အမည်ရှိ အားကစားအဝတ်အစားနှင့် ဖိနပ်များအတွက် ကြော်ငြာရိုက်ကူးခြင်းကို ကိုရီးယားတက္ကသိုလ်ရှိ Gymnasium ၌ မကြာခင်က ရိုက်ကူးပြီးစီးခဲ့ပြီး ယင်းကုန်အမှတ်တံဆိပ်အတွက် အရောင်းမြှင့်တင်ခြင်းလုပ်ငန်းများကို ယခုလအတွင်း စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြိုးစန္ဒာမြင့် စုစည်းသည်

အမျိုးဘာသာ၊ ဆင်းရဲချမ်းသာမရွေး၊ အဖွဲ့အစည်းပါတီခေါင်းဆောင်မရွေး၊ သတင်းအမှန်ဖော်ပြရန်အသင့်
မြန်မာ့ သံတော်ဆင့်
THE MYANMAR HERALD
အပတ်စဉ်သတင်း
အပတ်စဉ် စနေနေ့ထုတ် သတင်းဂျာနယ်၊ အတွဲ(၁)၊ အမှတ် (၄၈)
– (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အချပ်ပိုများဖြင့် ပင်လုံမှသည် ယနေ့တိုင် ခေတ်အဆက်ဆက် ပြည်ထောင်စုနေ့ အခမ်းအနားများ ကျင်းပခဲ့ပုံ။
– ပြည်ထောင်စုနေ့ အနှစ်သာရ ဘူမိနက်သန်တစ်ခုဖြစ်သော ရန်ကုန်ကျိုက္ကဆံကွင်း။
– နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော် နာယကတို့ ပါတီအစွဲရှိမရှိ။
– တိုင်းလွှတ်တော် ဥက္ကဋ္ဌ ဦးဆန်းဆင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖြစ်သွားတဲ့ အတွက် ပိုကောင်းပါတယ်ဟု အစိုးရတာဝန်ရှိသူ ပြောကြား။
– မိုးအေး (DVB အယ်ဒီတာ)၏ အာဏာရှင်နှင့် အင်တာနက် . . . .
မြန်မာသံတော်ဆင့်သတင်းဌာနရုံး – အမှတ် (၆၀/၆၄)၊ ၃ လွှာ၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁–၃၉၈၄၇၅၊ ၀၉–၄၃၀ ၈၅၅၉၉၊ ၀၉–၄၂၀၀၈၉၈၆၁။

စီးပွားရေးတက္ကသိုလ် ၁၉၉၄-၁၉၉၅ ဘွဲ့ရများအသင်း၏ (၂၈)ကြိမ်မြောက် ပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲဖိတ်ကြားခြင်း
ဟောပြောမည့်ပုဂ္ဂိုလ် - ဦးအေးကျော် (Principle of MHR Institute)
ဟောပြောမည့်အကြောင်းအရာ - People Development
နေ့ရက်၊အချိန် - ၁၀.၂.၂၀၁၃(တနင်္ဂနွေ) ညနေ(၃:၀၀)နာရီ
နေရာ - လင်းရောင်နီခန်းမ
အမှတ်(၄/၆/၁၉၅၄)၊တပင်ရွှေထီးလမ်းသွယ်(၁)၊တပင်ရွှေထီးတာဝါအနီး၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
ဆက်သွယ်ရန် - ၀၉-၅၁၀၄၆၇၅ ၊ ၀၉-၄၂၃၆၇၄၂၂၄ ၊ ၀၉-၅၀၁၁၄၄၃

အလိုရှိသည်
အိမ်စီးကားမောင်းရန်
ယာဉ်မောင်း(၁)ဦး အလိုရှိသည်။
၀၉၄၂၂၄၅၃၇၃၂
၀၉၇၃၁၄၃၆၈၇

Asian Diary Travels & Tours
* မကွေး၊ မန်းရွှေစက်တော်၊ 45000 , Mar 1/22/25
သောကြာညထွက်၊ တနင်္ဂနွေညပြန်ရောက်၊ အဆင့်မြင့်စား/တည်းငြိမ်း
* မကွေး၊ မန်းရွှေစက်တော်၊ပုဂံ၊စွယ်တော်လေးဆူ၊ပုပ္ပား 125000, Mar 23
၄ညအိပ် ၅ရက်၊အဆင့်မြင့်ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး၊ စက်လှေခြင်း
Asian Diary အဆင့်မြင့်ခရီးသွားလုပ်ငန်း
Ph : 0973069568 , 095120546, 092201196, 01-394711
အမှတ်(၄၀)၊ ပ–ထပ်၊ ၈၉–လမ်း၊ ကန်တော်လေး၊ ရန်ကုန်မြို့။

ဖခင် အမည်မှန် မောင်စိုးမိုးထွန်း[၃/ဖပန(နိုင်)၀၁၂၄၉၅]၏ ဖခင်အမည်မှာ ဦးအောင်မြင့်(ခ) ဦးညိုသိန်းထွန်းဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည် ကျွန်မ မရှောက်ဝူ(ခ)ဝင်းဝင်းထိုက် မှတ်ပုံတင်အမှတ်[၁၃/ လရန(နိုင်)၁၇၆၈၃၅] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်၉၀၉၆၈၄သည် လမ်းသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉၇၃၁၄၆၆၉၆

နိုင်ငံတကာအသိအမှတ်ပြု ကွန်ပျူတာဘွဲ့ကို ပြည်တွင်း၌ ရယူလိုသူများအတွက်
GUSTO INSTITUTE
International Universities Pathway Programs
edexcel
Approved Centre No.93683

HND DIPLOMA IN COMPUTING (UK)
- ယခင်က UK သို့သွားရောက် သင်ယူနေရသော၊ နိုင်ငံတကာ တက္ကသိုလ်ကြီးများ၏ ဒုတိယနှစ်နှင့် ညီမျှသည့် Higher National Diploma (HND) ကို ပြည်တွင်းရှိ Gusto Institute တွင် လေ့လာသင်ယူနိုင်ပြီ ဖြစ်ပါသည်။
- HND Diploma ရရှိပြီးပါက ပြည်တွင်းရှိ Gusto Institute ၌ဖြစ်စေ၊ နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်၍ဖြစ်စေ နောက်ဆုံးတစ်နှစ်သာ တတ်ရောက်ပြီး B.Sc. (Hons) Computing (UK) ဘွဲ့ကို ရယူနိုင်ပါသည်။
- ပြည်တွင်း၊ ပြည်ပတွင် အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး IT/Computer ပညာရှင်ဖြစ်ရန် ကြိုးစားလိုသူများ လျှောက်ထားနိုင်ပါသည်။
မိမိ၏ ပညာအရည်အချင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ ယူဆောင်ပြီး February Intake အတွက် လျှောက်ထားနိုင်ပါပြီ
Gusto Institute : #332(D), Pyay Road, Sanchaung Tsp.,Yangon. Ph: 01-503715, 0986-28806.

အားကစား

ရှန်းနီနှင့် လမ်းပတ်တို့၏ သွင်းဂိုးများဖြင့် ဝင်ဘလေမှာ အောင်ပွဲခံခဲ့သည့် အင်္ဂလန်

နိုင်ငံတကာခြေစမ်းပွဲစဉ်များကို ဖေဖော်ဝါရီ ၅ ရက်၊ ၆ ရက်တို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အင်္ဂလန်အသင်းနှင့်ဘရာဇီးအသင်းတို့၏ ခြေစမ်းပွဲစဉ်တွင် တိုက်စစ်မှူး ရှန်းနီနှင့် ကွင်းလယ်ကစားသမား လမ်းပတ်တို့၏ သွင်းဂိုးများဖြင့် ဧည့်သည်ဘရာဇီးအသင်းကို အနိုင်ရရှိခဲ့သည်။

အင်္ဂလန်အသင်း၏ ယခုနိုင်ပွဲသည် ၂၃ နှစ်တာကာလအတွင်း ဝင်ဘလေ၌ ပထမဆုံးနိုင်ပွဲလည်းဖြစ်သည်။ ယင်းပွဲစဉ်တွင် အင်္ဂလန်အသင်းသည် ရှန်းနီ၊ ဝဲလ်ဘက်၊ ကလီဗာလေ၊ ဝီရှိုင်းယား၊ ဝဲလ်ကော့၊ ဂျာရတ်၊ ကာဟေးလ်၊ အက်ရှလေကိုးလ်၊ ဂျွန်ဆင်စသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

အင်္ဂလန်အသင်း၏ အဖွင့်ဂိုးကို တိုက်စစ်မှူးရှန်းနီက ပွဲကစားချိန် ၂၆ မိနစ်တွင် သွင်းယူပေးခဲ့ပြီး နိုင်ငံအသင်းအတွက် ၎င်း၏ ၃၃ ဂိုးမြောက် သွင်းဂိုးလည်း ဖြစ်လာခဲ့သည်။

အင်္ဂလန်အသင်း၏ ဂိုးသမားဂျိုးဟတ်၏ လက်စွမ်းပြခဲ့ခြင်းက ဘရာဇီးဝါရင့်တိုက်စစ်မှူး ရော်နယ်လ်ဒင်ဟို၏ ပင်နယ်တီသွင်းဂိုးကိုပင် ကာကွယ်နိုင်ခဲ့သော်လည်း နောက်ခံလူကာဟေးလ်၏ အမှားသည် တိုက်စစ်ပိုင်းတွင် လျင်မြန်မှုရှိသည့် တိုက်စစ်မှူး ဖရတ်က ပွဲကစားချိန် ၄၉ မိနစ်တွင် တစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် ဘရာဇီးအသင်းအတွက် ချေပဂိုးလည်းပြန်လည်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် ပွဲ ၁၀၀ ပြည့်ကစားခဲ့ရသည့် အက်ရှ်လေကိုးလ်၊ အသင်းခေါင်းဆောင် ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်တို့နှင့်အတူ ပထမဆုံးကစားခွင့်ရရှိခဲ့သည့် ဝီရှိုင်းယား၊ ဝဲလ်ကော့နှင့်ဝဲလ်ဘက်တို့၏ တောင်ပံတိုက်စစ်များနှင့်အတူ နည်းပြစကော်လာရီ၏ ဘရာဇီးအသင်းကို အကောင်းဆုံးပုံစံဖြင့် ကစားနိုင်ခဲ့သော်လည်း နေမာ၊ ရော်နယ်လ်ဒင်ဟို၊ ပေါလင်ဟို၊ အော်စကာ၊ ရာမီးရက်စ်၊ ဒေးဗစ်လူးဝစ်၊ ဖရတ် စသည့် ကစားသမားဖြင့် ပွဲထွက်လာသည့် ဘရာဇီးအသင်း၏ တန်ပြန်ထိုးဖောက်မှုကို ထိန်းချုပ်နိုင်ခဲ့ခြင်းမရှိဘဲ ပထမပိုင်းပွဲကစားချိန်ပြီးဆုံးသည့်အချိန်အထိ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်နေခဲ့ရသည်။

ထို့ကြောင့် အိမ်ရှင်အင်္ဂလန်အသင်းသည် ပွဲကစားချိန် ၄၆ မိနစ်တွင် အက်ရှ်လေကိုးလ်နေရာတွင် ဘေးနက်စ်အားလည်းကောင်း၊ ကလီဗာလေနေရာတွင် လမ်းပတ်အားလည်းကောင်း ထည့်သွင်းကာ လူစားလဲမှုတစ်ပြိုင်တည်းပြုလုပ်ပြီး အသင်း၏ဗျူဟာကိုပြောင်းလဲခဲ့ရာ လူစားဝင်လာသည့် ကွင်းလယ်ကစားသမား လမ်းပတ်က ပွဲကစားချိန် မိနစ် ၆၀ တွင် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။

အင်္ဂလန်အသင်းနှင့် ဘရာဇီးအသင်းတို့သည် တစ်ဖက်နှင့်တစ်ဖက် အနိုင်ရရှိရေး အကြိတ်အနယ်ကစားခဲ့ကြပြီး ပွဲကစားချိန် မိနစ် ၉၀ ပြည့်ချိန်တွင် ထပ်မံဂိုးသွင်းယူနိုင်ခဲ့ကြခြင်း မရှိဘဲ မိနစ် ၆၀ ရလဒ်ဖြစ်သည့် နှစ်ဂိုး- တစ်ဂိုးဖြင့်ပင် ပွဲပြီးဆုံးခဲ့သဖြင့် အိမ်ရှင်အင်္ဂလန်အသင်းက ဘရာဇီးအသင်းကို အနိုင်ရရှိခဲ့သည်။

၂၆ နှစ်တာကာလအတွင်း ပြင်သစ်ကို ပထမဆုံးနိုင်ခဲ့သည့် ဂျာမနီ

ပါရီမြို့၏ အေးချမ်းသော ဖေဖော်ဝါရီ ၆ ရက်ညချမ်းချိန်ခါသည် ဂျာမနီမြေမှ လာရောက်ကစားခဲ့ရသည့် ဂျာမန်သားတို့ ၂၆ နှစ်တာကာလအတွင်း ပြင်သစ်ကို ပထမဆုံးအနိုင်ယူပြခဲ့၍ ယင်းနိုင်ငံတကာခြေစမ်းပွဲကို မေ့နိုင်တော့မည်မဟုတ်ပေ။

ယင်းပွဲစဉ်တွင် ဂျာမနီအသင်းသည် ပထမပိုင်းပြီးခါနီးတွင် ပြင်သစ်ကစားသမား ဗယ်လ်ဘူနာက အိမ်ရှင်ပြင်သစ်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သဖြင့် ပထမပိုင်းရလဒ်မှာ တစ်ဂိုး-ဂိုးမရှိဖြင့် ဂျာမနီ အသင်းရှုံးနိမ့်ထားခဲ့သည်။

သို့ရာတွင် နိုင်လိုသည့်စိတ်ဓာတ်ပြင်းထန်လှသည့် ဂျာမနီအသင်း၏ ဒုတိယပိုင်းကစားပုံသည် ပိုမိုကောင်းမွန်လာပြီး သောမက်မူလာက ၅၁ မိနစ်တွင် တစ်ဂိုးနှင့် ခီဒီယာက ၇၄ မိနစ်တွင် တစ်ဂိုးတို့ သွင်းယူပေးနိုင်ခဲ့သဖြင့် ဂျာမနီအသင်းက အိမ်ရှင်ပြင်သစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် ဂျာမနီအသင်းသည် ချက်ဝီစတိန်းဂါး၊ ကလိုဆေး၊ မာရီယိုဂေါ့ဇီ၊ မာကိုရုစ်နှင့် ချက်မယ်ဇာတို့ ပါဝင်ခဲ့ခြင်း မရှိသော်လည်း ပွဲကစားချိန် မိနစ် ၉၀ ပြည့်ချိန်တွင် အိမ်ရှင်ပြင်သစ်အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဂျာမန်သားတို့အတွက် ၂၆ နှစ်တာကာလအတွင်း ပထမဆုံးနိုင်ပွဲအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

နိုင်လင်းကြည်

ပရီမီယာလိဂ် ရင်ခုန်သံ – ၂၆

ရှိုင်းမင်းမင်း

ပရီမီယာလိဂ်ပွဲစဉ်(၂၅)မှာ မန်ယူက ဖူလ်ဟမ်ကိုနိုင်ပြီး ထိပ်ဆုံးမှာ ကိုးမှတ်အသာရသွားတယ်။ အခုဖေဖော်ဝါရီ၁၀၊ ၁၂ ရက်မှာ ထပ်ကစားမယ့် ပွဲစဉ်(၂၆)မှာ မန်ယူကပထမအကျော့တုန်းက ရှုံးခဲ့တဲ့ အဲဗာတန်နဲ့ပြန်တွေ့ရမယ်။ ဒီတော့အမှတ်ကွာဟမှု ပြန်ကျဉ်းသွားမလားဆိုတာနဲ့အတူ ပရီမီယာလိဂ်ကိုစောင့်ကြည့်ရမယ်။

ဗီလာ Vs ဝက်စ်ဟမ်း ည ၈း၀၀(၁၀-၂-၁၃)

[ပထမအကျော့ရလဒ်]

(၁၈-၈-၁၂) ဝက်စ်ဟမ်း ၁ - ၀ ဗီလာ

ဗီလာအတွက် တန်းမဆင်းရဖို့ အမှတ်လိုနေတယ်။ ဒါပေမယ့် ခံစစ်ကလုံးဝစိတ်မချရဘူး။ ဝက်စ်ဟမ်းကလည်း ခြေစွမ်းပိုင်းမဆိုးပေမယ့် အဝေးကွင်းမှာဆိုရင် ခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိဘူး။ ဒါကြောင့် ဗီလာအနည်းငယ်ခံသာတဲ့အပြင် ဗီလာကအမှတ်ပိုလိုလို့ ရှုန်းအားကောင်းလာနိုင်တယ်။

မန်ယူ Vs အဲဗာတန် ည ၁၀း၃၀(၁၀-၂-၁၃)

[ပထမအကျော့ရလဒ်]

(၂၀-၈-၁၂) အဲဗာတန် ၁ - ၀ မန်ယူ

ပထမအကျော့မှာ အဲဗာတန်နိုင်ခဲ့တာမှန်တယ်။ ဒါပေမယ့် လက်ရှိခြေက ကွာတယ်။ မန်ယူအနေနဲ့ ဒီပွဲအပြီးမှာ ရီးယဲလ်နဲ့ ချန်ပီယံလိဂ်ရှိပေမယ့် အမှတ်ကွာဟမှု ပြန်နည်းမသွားအောင် နိုင်အောင်တော့ရှုန်းနိုင်တယ်။ အိမ်ကွင်းလည်းဖြစ်တယ်။

လီဗာပူး Vs ဝက်စ်ဘရွန်း နံနက် ၂း၃၀ (၁၂-၂-၁၃)

[ပထမအကျော့ရလဒ်]

(၁၈-၈-၁၂) ဝက်စ်ဘရွန်း ၃ - ၀ လီဗာပူး

မန်စီးတီး၊ အာဆင်နယ်တို့နဲ့ သရေကျခဲ့ရတဲ့ပွဲတွေမှာ လီဗာပူးရဲ့ခြေကအသင်းလိုက်ကစားပုံရော စိတ်ဓာတ်ပါကောင်းတယ်။ ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ရှိတာမှန်ပေမယ့် ပရီမီယာလိဂ်မှာ အမှတ်လိုအပ်နေလို့ ခြေကုန်ထုတ်လာမယ့်အပြင် အိမ်ကွင်းဖြစ်သလို ဝက်စ်ဘရွန်းကလည်း ခြေကျနေတယ်။ လီဗာပူးအိမ်ကွင်းမှာ ခြေစွမ်းပြလာနိုင်တယ်။

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ရွှေထိပ်တန်း
ချောင်းသာ (နေ့စဉ်-နံနက်/ည)
ကားစီးလုံးငှားစီစဉ်ပေးသည် ငွေဆောင် (သောကြာ)
01-701015, 09-5403844
01-710436, 09-5044830

NIEC SUMMER 2013
နိုင်ငံတကာသင်ရိုးညွှန်းတမ်းသင်ကြားလိုသောကျောင်းသားများအတွက်. .
Special Classes Available
Pre-School
Primary
Secondary
IGCSE
English Language
Computer
Art
Chinese
Get Free Polo-Shirt & 5 to 10 % Discount till 20 Feb
No.27,Dhamayon Street,Kanbe`,Yankin Tsp,Yangon.Ph: 01 8550 727 ,8550 728

EMERALD MYANMAR မာ် Travels & Tours
တောင်ကြီး–အင်းလေး–ပင်းတယ–ကလော
ပုဂံ–စွယ်တော်လေးဆူ–ပုပ္ပါး–ပခုက္ကူသီဟိုဠ်ရှင် Mar, 1 (၃ည/၄ရက်)
ကျိုက်ထီးရိုး (အဆင့်မြင့်ဟိုတယ်နှင့်စရိတ်ငြိမ်း)
ချောင်းသာ၊ ငွေဆောင်၊ ငပလီ (နေ့စဉ်)
Ph: 09-49589762
09-49589764
09-421013999
09-421014999
❖ မင်္ဂလာမောင်နှံများ၊ မိသားစုများနှင့် အဖွဲ့အစည်းများအတွက် သီးသန့်ခရီးစဉ်များကို ဈေးနှုန်းချိုသာစွာဖြင့် အဆင့်အတန်းမြင့်မြင့် စီစဉ်ပေးပါသည်။
❖ မြို့တွင်း၊ မြို့ပြင်ခရီးစဉ်များအတွက် ကားမျိုးစုံ၊ ပြည်တွင်း၊ ပြည်ပ လေယာဉ်လက်မှတ်များကို ဈေးနှုန်းမှန်ကန်စွာဆောင်ရွက်ပေးပါသည်။
အမှတ်-၁၃၁၊ ရိပ်သာ (၃)လမ်း၊ ဝေဇယန္တာဥယျာဉ်၊ သဃ်န်းကျွန်း၊ ရန်ကုန်။

THE MOST AMAZING YANGON EXHIBITION & CAR SHOW 1/2013
8.2.2013 to 11.2.2013 MCC(Myanmar Convention Center)
9:00 am to 9:00 pm
Forever Gems by ရွှေနန်းတော်
ခမ်းနားဆန်းပြား
လက်ဝတ်ရတနာဒီဇိုင်းမျိုးစုံ
ကျသင့်ငွေတန်ဖိုး၏ (20%) ပေးသွင်းရုံဖြင့်
နောက်ဆုံးပေါ် ရတနာပစ္စည်းမျိုးစုံ
ချက်ချင်းလက်ဝယ်ရရှိနိုင်မည့်အခွင့်အရေး
UP TO 30% OFF
လက်ငင်းငွေချေစနစ်
KBZ Bank အရစ်ကျငွေချေစနစ်
GIA/HRD Certificate
ချက်ချင်းပေါက်ချက်ချင်းယူ ဇလာမပါကံစမ်းမဲ
TV, Laptop, Hand Set, ရေခဲသေတ္တာနှင့်
ရွှေနဲ့ပလက်တီနမ်ဆွဲသီး (၅၀)နှင့်
အခြားအဖိုးတန်ပစ္စည်းများစွာ...
ကုန်စည်ပြပွဲကြီးအတွင်း
နာမည်ကြီးလူရွှင်တော်များ၏
အဖွဲ့လိုက်ဖျော်ဖြေတင်ဆက်မှု
ဇလာမပါကံစမ်းမဲများ
အချိုရည်မုန့်များဖြင့်ဧည့်ခံခြင်း
နဂါးအကအလှဖြင့်ဖျော်ဖြေခြင်း....

ရှုခင်း

နယ်စပ်ဒေသများမှ ကန့်သတ်ကုန်ပစ္စည်းများ ရှာဖွေစစ်ဆေး

ဝေါ ဖေဖော်ဝါရီ ၇

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး (Mobile Team) အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး စစ်တောင်းတံတားအဟောင်းအသစ်ဆုံရာ ညောင်ခါးရှည်-ဒိုက်ဦးသွား မဟာဗျူဟာလမ်းဆုံတွင် ယာယီဂိတ်ဖွင့်လှစ်၍ နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်လာသည့် လိုင်စင်မဲ့ အကောက်ခွန်မဲ့ ကန့်သတ်ကုန်ပစ္စည်းများကို ရှာဖွေစစ်ဆေးလျက်ရှိသည်။

အဆိုပါ (Mobile Team) အဖွဲ့တွင်ပါဝင်သည့်နယ်စပ်ဒေသ ကုန်သွယ်ရေး ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ဝေါ-ကျိုက်ထို)နှင့် ဝေါမြို့နယ် စာရေးဆရာအသင်းမှ တာဝန်ရှိသူများသည် ဒေသခံပြည်သူများ၏ ပါဝင်ကူညီမှုဖြင့် ရှာဖွေစစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်အထိ သနပ္ပင်မြို့နယ် ရစ်ကန်လေးရဲစခန်းမှ လာရောက်အပ်နှံသည့် ဖမ်းမိပစ္စည်းတန်ဖိုး ၁၁၁ သိန်းကျော်၊ မဟာဗျူဟာလမ်းဆုံမှ ဖမ်းမိပစ္စည်း တန်ဖိုး သိန်းတစ်ထောင်ကျော်တို့အား နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ရရှိအပ်နှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(ဝေါဝင်းမောင်)

မြေတူးယာဉ်အိပ်စောင့်နေသူနှစ်ဦး အရှိန်လွန်ကား ဝင်တိုက်၍ သေဆုံး

ညောင်လေးပင် ဖေဖော်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့ ရှမ်းစုကျေးရွာအာလောကွေ့ မိုင်တိုင်အမှတ် (၉၆/၀) ၌ ဖေဖော်ဝါရီ ၆ ရက် ည ၁၂ နာရီကျော်ခန့်တွင် ရပ်ထားသော မြေတူးယာဉ် (ဘက်ဟိုး)ကို စောင့်အိပ်သူနှစ်ဦးအား အရှိန်လွန်ကား ဝင်တိုက်မိ၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့ရှိ အင်းလုပ်သားများမှ ချောင်းကော၊ မြောင်းကောတူးဖော်ရန် ငှားရမ်းထားသည့် ဘက်ဟိုးမြေတူးယာဉ်သည် ညောင်လေးပင်မြို့နယ် ရှမ်းစုကျေးရွာ အာလောကွေ့ မိုင်တိုင်အမှတ် (၉၆/၀) ရန်ကုန်-မန္တလေး ကားလမ်းဘေးတွင် ညအိပ်ရပ်ထားစဉ် ၎င်းမြေတူးယာဉ်အား စောင့်ရင်းအိပ်နေသော ဝါးရုံကုန်းကျေးရွာနေ တောင်သူ ဦးလှသွင်နှင့် လသာကုန်းကျေးရွာနေ တောင်သူ ဦးအောင်လွင်စိုးတို့နှစ်ဦးအား ရန်ကုန်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်း သံသုမာလမ်းနေ ယာဉ်မောင်း ဇော်ဆန် မောင်းနှင်လာသည့် (Toyota Salon) အဖြူရောင်ယာဉ် အမှတ် ၃ခ/--- သည် အရှိန်လွန်ပြီးဝင်တိုက်မိ၍ ဦးလှသွင်မှာ ဦးခေါင်းကြေမွ၊ ယာဘက်လက်ကျိုး၊ ယာဘက်ခြေထောက်ကျိုးကာ ဦးအောင်လွင်စိုးမှာလည်း ဦးခေါင်းကြေမွ၊ ယာဘက်ခြေထောက်ကျိုးဒဏ်ရာတို့ဖြင့် အခင်းဖြစ်ရာနေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

(ဉမ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၂-၂၀၁၃ (သောကြာနေ့)

- ၇:၀၃ တရားတော်
- ၇:၄၅ ပအိုဝ်းရိုးရာမောင်းထောင်းအက (ပအိုဝ်း)
- ၈:၁၀ ဇာတ်လမ်းတို
- ၄:၄၅ ရှမ်းရိုးရာလမ်းအက (ရှမ်း)
- ၅:၀၀ စည်းလုံးညီညာ အောင်ကြောင်းဖြာ (ဝ)
- ၅:၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၂၀ ဂေါ်ထော်အက (ပအိုဝ်း)
- ၅:၂၈ လည်မယ်. . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
- ၆:၁၅ “ရွာ” ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၈၅) မြတ်ပါသေးတယ် ယောက်ဖရယ် (သူရဇ္ဇ၊ နိုင်ဝင်း၊ လွင်ဘုန်းအောင်၊ ပန်းသော်တာနှင့် သရုပ်ဆောင်များ)
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - -တိမ်လွှာထက်က ဖန်ရဲတိုက် (အပိုင်း ၂၃)
  - -သံစဉ်များနှင့်ကမ္ဘာ
  - -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပြည်သူ့တရားရှင် ပေါင်ချိန်” (အပိုင်း-၇)
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂုဏ်ရည်မတူ (အပိုင်း-၆၆)

နောင်ချိုမြို့၌ ကားဘီးအောက် ဆိုင်ကယ်ရောက်

နောင်ချို ဖေဖော်ဝါရီ ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ မန္တလေး-လားရှိုးကားလမ်း အထကကျောင်းရှေ့တွင် ဖေဖော်ဝါရီ ၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ဆိုင်ကယ်တစ်စီးမှ ဆိုင်ကယ်အပျက်တစ်စီးအား ပြုပြင်ရန်ဂုန်လျှော်ကြိုးဖြင့် နောင်ချိုမြို့သို့ဆွဲခဲ့ရာ ရှေ့မှဆွဲလာသော ဆိုင်ကယ်မှ လမ်းချိုးကွေ့လိုက်ရာ နောက်မှ ဆိုင်ကယ်အပျက်စီးနင်းလိုက်ပါသူ ကျော်နိုင်ဦး အသက်(၂၅) နှစ်သည် အရှိန်လွန်ပြီး ရှေ့မှဆွဲသူ သိန်းဌေး၏ လော့ဂျား ပန်းရောင်ဆိုင်ကယ်အား ဝင်တိုက်ရာ ကျော်နိုင်ဦး ကားလမ်းပေါ်၌ လွင့်စဉ်ကျပြီးနောက် လားရှိုးဘက်မှ ပြင်ဦးလွင်ဘက်သို့ မောင်းနှင်လာသည့် ၁၂ ဘီးကုန်တင်ယာဉ် အမှတ် ၈C/--- ၏ နောက်ဘီးထဲသို့ဝင်သွားရာ ယာဉ်နောက်ဘီးဖြင့် ကြိတ်မိသဖြင့် ကျော်နိုင်ဦးမှာ ဦးခေါင်းကြေမွသွားပြီး နေရာ၌ပင် သေဆုံးခဲ့ကြောင်း သိရသည်။ **(စိုးဝင်း)**

ဇန်နဝါရီ ၂၇ ရက်က ဇလွန်မြို့၏ ကျည်းပင်အထက် ကိုက် ၂၀၀ ဝန်းကျင်တွင် မြစ်ကြမ်းခင်းမှ ရေစူးထိုးနှက်လာမှုကြောင့် ရေစပ်မြေသား ၁၀ ပေခန့် အကွာမှ မြေသား မြေထုနိမ့်ဆင်းသွားသည်ကို ပုံပါအတိုင်း မြင်တွေ့ရသည်။ (အေးခိုင်-ဇလွန်)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ဆိုက်ကားဂိတ်တဲတွင် အမျိုးသားတစ်ဦးသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန် အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ် (၂)ရပ်ကွက် အနော်ရထာအိမ်ရာရှေ့ ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ်ရှိ ဆိုက်ကားဂိတ်တဲတွင် ဖေဖော်ဝါရီ ၆ ရက် ညနေ ၆ နာရီခန့်က အသက် (၆၀)ခန့်ရှိ အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းရရှိသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးပြီး သေဆုံးသူအား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ ရန်ကုန်ဆေးရုံကြီးမှ PR (034)ဖြင့် လက်ခံခဲ့သည်။ ကမာရွတ်ရဲစခန်းမှ တာဝန်မှူး ဒု-ရဲအုပ်မျိုးမြင့်ဦးက သေမှုသေခင်းအမှတ် (၁/၂၀၁၃)ဖြင့် အမှုဖွင့်တိုင်တန်းရာ စခန်းမှူးရဲအုပ်အောင်မော်က အမှုကိုစစ်ဆေးလျက်ရှိကြောင်း သိရသည်။ နောက်ဆုံးရရှိသော ရင်ခွဲစစ်ဆေးချက်သတင်းများအရ သေဆုံးသူမှာ အဆုတ်ရောဂါဖြင့် သေဆုံးခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

GOLDEN STAR Travels & Tours
ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
ငွေဆောင်(သောကြာ) 29,33,45ယောက်စီးကားငှားသည်
Ph:209200, 544383, 430480, 703448, 09-5046000

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ဒီ၊ မြေကွက်အမှတ်V ၆၊ မြေကွက်တည်နေရာအမှတ်၆၊ တန်ဆောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဒေါ်မြမေ၊ ဒေါ်လဂန်လုအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူဒေါ်မြမေနှင့် ခင်ပွန်းဦးသိန်းအောင်တို့ကွယ်လွန်သဖြင့် ဦးမင်းညွန့်[၁၂/ ဒပန(နိုင်)၀၀၄၁၂၉]၊ ဦးသန့်ဇင်[၁၄/ပသန (နိုင်)၀၁၃၅၈၆]၊ဒေါ်သိန်းသိန်းနွယ်[၁၂/ကမရ (နိုင်)၀၁၀၂၀၈]၊ ဦးငွေစိုး[၁၂/ မရက(နိုင်) ၀၄၇၆၁၃]၊ ဦးသူရအောင်[၁၂/ကမတ (နိုင်) ၀၁၇၈၄၃]၊ ဦးဝင်းလွင်[၁၂/ကမတ(နိုင်) ၀၁၇၈၄၇]တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာနှင့် ဒေါ်လဂန်လုထံမှ အရောင်းစာချုပ် ၃၇၆၁/၂၀၁၁ဖြင့်ဝယ်ယူသူ ဦးညွန့်အောင်၏ သိရှိသဘောတူကြောင်း လက်မှတ်တင်ပြ၍ ဒေါ်မြမေအစုအတွက် ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သာရာဒွေး **နွေဦး** အင်္ဂလိပ်စာ
သဒ္ဒါ နှင့် အရေးသီးသန့်
မတ်လ(၅)ရက် စမည်။
၇၊၈၊၉၊၁၀-တန်း လက်ခံနေပြီ
ရေးပြီးသား Essay ဖတ်၍မသင်၊ ကိုယ်တိုင်ရေးတတ်အောင် သင်သည်။
နွေ-၃လနှင့် Essay, Letterကိုယ်တိုင် တွေး/ရေးတတ်ရမည်။ ၄၊၅၊၆-တန်း(သီးသန့်)
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 0950 47516

ရဟန္တာမိုး အိန္ဒိယနိုင်ငံမဇ္ဈိမဒေသဘုရားဖူးခရီးစဉ်
ဖွား - ပွင့် - ဟော - စံ ဣလေးတန် မှတ်ရန်ဌာန သံဝေဇနိယ
သိ - ဟော မြဲနေ ဆင်းနတ်ပြည် လေးထွေဌာန အဝိဇဟိတ
ဤရှစ်ဌာနသို့ ရဟန္တာမိုးဘုရားဖူးအဖွဲ့မှ စုံလင်ပြည့်စုံစွာ ပို့ဆောင်ပေးနေပါသည်။
MAI
အိန္ဒိယ - နီပေါ - နယူးဒေလီ (၁၄)ည (၁၅)ရက် (၇.၅)သိန်း
ဓမ္မမိတ်ဆွေများမဇ္ဈိမဒေသမြေမြတ်မဟာတွင် ဒါနကုသိုလ်များစွာပြုနိုင်ရန်အတွက် အထူးအစီအစဉ်အနေဖြင့် ထပ်မံကုသိုလ်ယူပို့ဆောင်ပေးမည်ဖြစ်ပါသောကြောင့် နိုင်ငံကူးလက်မှတ်ရှိပြီးသူများ Feb 15 ရက်အတွင်းစာရင်းပေးသွင်းနိုင်ပါသည်။ လူဦးရေကန့်သတ်ထားပါသည်။
ခရီးစဉ်ထွက်ခွာမည့်ရက် မတ်လ ၈ ရက်၊ ၂၂ ရက်၊ ဧပြီလ ၁ ရက်၊ ၅ ရက်
ရန်ကုန်ရုံးချုပ် ၊ အမှတ်(၁၁၉/၁၂၁)၊ပထမထပ်၊လသာလမ်း၊လသာမြို့နယ်။ Tel:01-246239,250835,377351, 377352, 09-73029315
မန္တလေးရုံးခွဲ Tel : 09-73188588,09-444026228,09-444027228 ပြင်ဦးလွင်ရုံးခွဲ Tel : 085-29791, 085-29769, 09-2038158

မှုခင်း ရုပ်ထောင့်ဂျာနယ် ဖတ်ကြစို့
မှုခင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်ကြပြီး မှုခင်းအသိပညာရရှိစေဖို့
အမှတ်စဉ် (G/43) ယနေ့ထွက်ပြီ
Ph-01-397164, 297297
❖ခိုးယူလာတဲ့သေနတ်နဲ့ လုယက်ခဲ့တဲ့သူ လူသတ်မှုနဲ့ပါအရေးယူခံရပြီ ❖စိတ်ကြွဆေးရောင်းတဲ့ သစ်စက်ပိုင်ရှင် ❖လှိုင်သာယာမှာ ဖြစ်ပွားခဲ့တဲ့ လူသတ်မှု ❖ ရွှေဆိုင်သိမ်းပြီးအပြန်မှာ ရွှေအိတ်နဲ့ငွေအိတ်အလုခံရတဲ့ဖြစ်ရပ် ❖လင်ဖြစ်သူကဓားနဲ့ထိုး မယားဖြစ်သူကဂေါ်ပြားနဲ့ရိုက်လို့ သေရပါတယ်ဆိုတဲ့ လူသတ်မှု ❖ဒေါပုံနွယ်အေး ရပ်ကွက်ကဖြစ်ရပ် ❖ည(၇)နာရီမှာ ဖြစ်ပွားခဲ့တဲ့ မြရိပ်ညို(၅)လမ်းကဖြစ်ရပ် ❖ကုမ္ပဏီဝန်ထမ်းတစ်ဦး အမှုဖွင့်ရတဲ့ဖြစ်ရပ် ❖၁၀၅မိုင်စခန်းမှာ ပျောက်သွားတဲ့ မတ်တူးကားနဲ့ ရွှေတွေရဲ့ကိစ္စ ❖မေတ္တာညွန့်ရပ်ကွက်က ဓားထိုးမှု ❖ဓားတန်းလန်းနဲ့ဆေးရုံရောက်လာသူရဲ့ဖြစ်ရပ် ❖အလည်သွားရာမှပျောက်ဆုံးနေသူပြန်ရှာတွေ့တော့--- ❖ဈေးရောင်းပြီးပြန်လာတဲ့ဇနီးမောင်နှံ အိမ်ပြန်ရောက်တော့မှ သိလိုက်ရတာက--- စတဲ့ သတင်းများမြင့်ရလင်စွာတော်ရှိနေသည်။

ရဟန္တာမိုး အဆင့်မြင့်ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း
EASY GO TRAVEL & TOURS

ပုပ္ပါး၊ ပုဂံ(စွယ်တော်လေးဆူ)ခရီးစဉ်	22 Feb, 22, 25 Mar, 12, 17 Apr
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကလော	22 Mar, 12, 17 Apr
ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊ရွှေလီ၊ဝမ်တိန်	22 Mar, 12, 17 Apr
ပေလီကမ်းခြေ၊သံတွဲဘုရားစုံ၊ပြည်ဘုရားဖူး	22 Mar, 12, 17 Apr
ဘားအံ၊မြဝတီ၊မဲဆောက်၊ဖဝေါ	28 Feb, 13 Apr
ထားဝယ်ရှင်ကိုးရှင်၊မောင်းမကန်ကမ်းခြေ	22 Mar, 12, 17 Apr
ပြည်ဘုရားစုံ၊ အကောက်တောင် (နေ့ချင်းပြန်)	11 Feb, 25 Mar
မိုးယွန်းကြီးအင်း (ချစ်သူများနေ့အထူးခရီးစဉ်) (နေ့ချင်းပြန်)	14 Feb

Tel:09-73198845, 09-43142178, 01-377351, 377352, 246239

အထက်မြန်မာပြည်သတင်း

မြန်မာနိုင်ငံတွင် အကြွယ်ဝဆုံးမြို့ဖြစ်လာနိုင်ခြေရှိ၊ လူမှုဘဝမြင့်တက်လာစေမည့် ရောဝတီမြစ်ရေလှော်မ်းမိုးမှု ကာကွယ်ရေးစီမံကိန်း

သတင်းနှင့်ဓာတ်ပုံ-ကျော်မင်းသော်

ရောဝတီမြစ်ရေလွှမ်းမိုးမှု ကာကွယ်ရေးစီမံကိန်းအား မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးဒေါက်တာမြင့်ကြူက တင်ပြခဲ့ရာ မလေးရှားနိုင်ငံ ကုမ္ပဏီတစ်ခုနှင့် ယခုအခါ MoU ထိုးပြီးဖြစ်ကြောင်း ပြောကြားသည်။

မန္တလေးမြို့ ရေလွှမ်းမိုးမှုကာကွယ်ရေးပရောဂျက်တွင် တိုက်ရိုက်နှင့် သွယ်ဝိုက်ရရှိမည့် အကျိုးအမြတ်များတွင် မန္တလေးမြို့နှစ်စဉ်ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ပြီး သန်းနှင့်ချီသော မန္တလေးမြို့နေပြည်သူများကို သဘာဝဘေးမှ ကင်းလွတ်စေခြင်း မြစ်တစ်လျှောက် အသုံးမပြုနိုင်သော ကျယ်ပြန့်လှသည့် ဟက်တာ ၈၀၀၀ ခန့်ကို ကြောရိုင်းမြေများအဖြစ် ဖော်ထုတ်နိုင်ပြီး ရေရှည်တွင် တွက်ဆမရနိုင်အောင် စီးပွားရေးအရ ဖွံ့ဖြိုးလာစေပြီး အဆိုပါမြေယာများကို စီးပွားရေးအရ တန်ဖိုးမြင့်ဇရိယာများအဖြစ် ဖန်တီးထိန်းသိမ်းနိုင်ခြင်း၊ နိုင်ငံတကာအဆင့် ကမ္ဘာ့ခေတ်သစ် Infrastructure များဖြစ်ပေါ်လာရန် ကြောရိုင်းမြေများကို အရေးပါသော မြို့နယ်သစ်တစ်ခုအဖြစ် ဖွံ့ဖြိုးအသွင်ပြောင်းစေပြီး ယင်းသည် နိုင်ငံတကာအဆင့် ခေတ်မီ Infrastructure များဖြင့်သာယာလှပအောင် ဒီဇိုင်းရေးဆွဲထားရာ (ကောင်းမွန်သော လျှပ်စစ်ဓာတ်အားပေးစနစ်များ၊ ရေဆိုးသန့်စင်မှုများ၊ ကောင်းမွန်သောမိလ္လာစနစ်များ၊ ကမ်းရိုးတန်းလေးလမ်းသွား highway လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ခြင်းများ၊ ထောက်ပံ့ရေးလမ်းကြောင်းစနစ်များ၊ ဥယျာဉ်နှင့်အပန်းဖြေနေရာများအပြင် Internet ကဲ့သို့သော ဆက်သွယ်ရေး ကွန်ရက်များလည်းပါဝင်ရာ) မန္တလေးမြို့နေပြည်သူများအတွက် အမြဲတမ်းနှင့် ရေရှည်လုပ်ကိုင်နိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းများ၊ အခွင့်အလမ်းသစ်များ ဖြစ်ပေါ်လာနိုင်ခြင်း (စီမံချက်လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရာတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာလိုအပ်မည်ဖြစ်ပြီး တစ်သက်တာတွင်လည်း ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ကိုင်ရဦးမည်ဖြစ်သည်)၊ ထိရောက်သောရေကြောင်းပို့ဆောင်ရေးနှင့် ဆိပ်ကမ်းစနစ်ဖြစ်သော နက်ရှိုင်းသောမြစ်ကြောင်းတစ်လျှောက် ရေကြောင်းပို့ဆောင်ရေးကို ပိုမိုအသုံးပြုနိုင်မည်ဖြစ်ပြီး ခေတ်မီကိရိယာများ တပ်ဆင်ထားသည့်ဆိပ်ကမ်းဖြင့် များပြားလှသော ကုန်စည်စလယ်များကို အချိန်တိုအတွင်း တင်ချလုပ်နိုင်ခြင်းဖြင့် အချိန်နှင့်စရိတ်ကို များစွာသက်သာစေသည်။ အစိုးရအတွက် မြေနေရာများ ဖန်တီးပေးခြင်းတွင် အစိုးရသည် ဖော်ထုတ်ကြောရိုင်းမြေ၏ ၂၅ ရာခိုင်နှုန်းကို ရရှိမည်ဖြစ်သဖြင့် စီးပွားရေးအရ အပြည့်အဝအကျိုးအမြတ်ရနိုင်ခြင်း၊ အနာဂတ်တွင် အစိုးရမှ ရရှိမည့်အခွန်ငွေအရင်းအမြစ်များအဖြစ် MoU တွင် ဖော်ပြထားသည့်အတိုင်း အနာဂတ်တွင် အစိုးရသည် သင့်တင့်သောအခွန်ငွေများကို မြေယာလွှဲပြောင်းမှုများ (လွတ်လပ်စွာပိုင်ဆိုင်ခွင့်များကြောင့်)ပိုင်ဆိုင်မှုများအတွက် ရွှေ့ပြောင်းခွန်များနှင့် အခြားသောငွေကြေးအရ အကျိုးအမြတ်များရရှိမည်ဖြစ်ခြင်း၊ မန္တလေးမြို့သည် မြန်မာနိုင်ငံအတွက် ပထမဦးဆုံး အထူးလုပ်ငန်းဇုန်ဖြစ်လာပြီး နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်မှုရှိသည့်ဒေသဖြစ်လာနိုင်၍ အထူးဇုန် SEZ တွင်အထူးအခွန်ငွေပေးဆောင်သည့်စနစ်များ လွတ်လပ်စွာပိုင်ဆိုင်ခွင့်များ ရှိခြင်းကြောင့် မြန်မာနိုင်ငံရှိအခြားဒေသများတွင် ဆက်လက်အကောင်အထည်ဖော်ရန် ခြေရာတစ်ခုဖြစ်လာနိုင်ကြောင်း [လွန်ခဲ့သောနှစ် ၃၀ အတွင်း အထူးဇုန်ကြောင့်တရုတ်ပြည် ကမ်းရိုးတန်းဒေသတွင် ကမ္ဘာပေါ်၌ဒုတိယအကြီးဆုံး စီးပွားရေးလုပ်ငန်းဒေသကြီးအဖြစ် ပြောင်းလဲဖြစ်ပေါ်ခဲ့ရာ အထူးဇုန် SEZ ၏ အကျိုးရလဒ်မှာ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI ကိုယုံမှားသံသယမရှိခြင်း၊ အခြားနိုင်ငံတစ်ခုမှ အောင်မြင်စွာဆောင်ရွက်ပြီးနောက် အာဆီယံနိုင်ငံတစ်နိုင်ငံအနေဖြင့် ၎င်းကဲ့သို့ နောက်မဆုတ်တမ်း ဆောင်ရွက်လျှင် တိုင်းပြည်အတွက် စီးပွားရေးအရ အကျိုးအမြတ်များစွာကို ဖန်တီးနိုင်မည်ဖြစ်သည်]၊ ၎င်းစီမံချက်သည် မန္တလေးမြို့အတွက် အဓိကကျသော ရေရှည်စီးပွားရေးအကျိုးသက်ရောက်မှုရှိခြင်း၊ မန္တလေးမြို့သည် မြန်မာနိုင်ငံတွင် ရှေ့ဆောင်စီးပွားရေးနှင့် ဘဏ္ဍာရေးဗဟိုဌာနအဖြစ် ခုန်တက်နိုင်ခြင်း၊ အဓိကကုန်သွယ်ရေးဗဟိုဌာနအဖြစ် နည်းဗျူဟာအရေးပါမှုကို ရရှိရန် ယခုစီမံချက်မှ ကူညီထောက်ပံ့နိုင်ခြင်း၊ တိုးတက်ကောက်ခံရရှိလာမည့် အခွန်ငွေများ၊ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI ကြောင့် အစိုးရ၏ဘဏ္ဍာငွေသည် မြင့်တက်လျက် မန္တလေးမြို့သည် မြန်မာနိုင်ငံတွင် အကြွယ်ဝဆုံးမြို့ဖြစ်လာနိုင်ခြေရှိပြီး ပြည်သူတို့၏လူနေမှုဘဝကိုပါမြင့်တက်လာစေခြင်းစသော သွယ်ဝိုက်အကျိုးကျေးဇူးများရရှိနိုင်သည်။ ဖို့မြေများကိုဖယ်ထုတ်ခြင်းစီမံချက်အရ ရေလွှမ်းမိုးမှုပြဿနာကိုဖြေရှင်းပေးမည်ဖြစ်သကဲ့သို့ SEZ ပြင်ပမှ အခြားနေရာများ၏ လိုအပ်သောနေရာများတွင်လည်း မြေဖို့ပေးမည်ဖြစ်ရာ ငွေကုန်ကြေးကျသက်သာသော အကျိုးဆက်တစ်ခုဖြစ်လာနိုင်ပြီး SEZ ပြင်ပတွင်လည်း လူတိုင်းအကျိုးရှိစေနိုင်ခြင်း၊ နည်းပညာများတွင် သောင်ခုတ်ခြင်း၊ ကြောရိုင်းမြေဖော်ထုတ်ခြင်းနှင့်အတူ အခြားနည်းပညာများဖြစ်သော လျှပ်စစ်ဓာတ်အားထုတ်ယူခြင်း၊ ရေနှင့်စွန့်ပစ်ခြင်းများအတွက် စီမံခန့်ခွဲမှုများ၊ မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဆိပ်ကမ်းနှင့်ဝန်ချီစက်ကိရိယာများ တပ်ဆင်ခြင်း၊ ဘဏ္ဍာရေးနှင့်အာမခံလုပ်ငန်းများအပြင် အခြားနည်းပညာပေါင်းများစွာပါဝင်ခြင်း၊ မန္တလေးမြို့အား အခြားသောအာရှနိုင်ငံများမှ မြို့ကြီးများဖြင့်ယှဉ်လျှင် ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုအကောင်းဆုံးဖြစ်လာစေမည်ဖြစ်ပြီး ရောဝတီမြစ်ကြောင်းတစ်လျှောက် သာယာလှပသောကမ်းနားပိုင်းတွင် မြို့သစ်နှင့်မြို့ဟောင်းယှဉ်တွဲလျက် ပြိုင်ဘက်ကင်းသည့် မြို့တစ်မြို့ဖြစ်လာမည်ဖြစ်ရာ ရေလွှမ်းမိုးမှုကာကွယ်ရေးစီမံချက်သည် မန္တလေးမြို့မှ သန်းချီသော ပြည်သူများအား ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးသည့် လူသားချင်းစာနာထောက်ထားသည့် ကူညီမှုသာမက စီးပွားရေးအရ အရေးပါသောနေရာသို့ ရောက်ရှိပြီး ဆက်လက်ဖွံ့ဖြိုးစေမည့် စီမံချက်လည်းဖြစ်၊ မြို့နေပြည်သူများ၏ လူနေမှုဘဝမြင့်တက်စေလျက် ၎င်း၏စီးပွားရေးအထူးဇုန် SEZ ကြောင့် (မြန်မာပြည်တွင် ပထမဦးဆုံးမြို့) အနာဂတ်တွင် ခေတ်မီစီးပွားရေးနှင့် ဘဏ္ဍာရေးအရ ဗဟိုကျသောမြို့ ဖြစ်လာစေနိုင်ကြောင်း မန္တလေးမြို့ ရေလွှမ်းမိုးမှု ကာကွယ်ရေးပရောဂျက်အရ သိရသည်။ ။



စီမံကိန်းပြီးနောက် တွေ့မြင်ရမည့် ခေတ်မီဆိပ်ကမ်းပုံစံငယ်။

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မိတ္ထီလာမြို့၊ ကျားမင်း အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီဥက္ကဋ္ဌ သာသနာ့ဒါယိကာမကြီး **သုဓမ္မသိင်္ဂီ ဒေါ်ခင်ရှိန်**အား အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)ဖြင့် သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ် ထင်ဆင့်ချီးမြှင့်ခံရသည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် လောကီအကျိုး၊ သာသနာ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်-

-သဗ္ဗဇေယျ ကိုးတောင်ပြည့် ဝတ်အသင်း

-ရှစ်မျက်နှာ ပရိယတ္တိစာသင်တိုက်၊ မလှိုင်မြို့

ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အသိပေးအကြောင်းကြားခြင်း

အမေ့ဥယျာဉ် ပညာဒါနနည်းပြသင်တန်းမှာ ဘဝရဲ့အချိန်၊ ပညာအလှူစေတနာများစွာဖြင့် သင်ကြားပေးကြသည့် ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ပွဲနှင့် နှစ်ပတ်လည်အခမ်းအနား အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ၁၃-၂-၂၀၁၃ ရက်၌ ဆရာကိုလေး(အင်းဝဂုဏ်ရည်)၊ ဆရာချစ်စရာ(မန္တလေး)တို့က ဟောပြောကြပါမည်။

အမေ့ဥယျာဉ်ကို အားပေးကူညီစိတ်ဝင်စားကြသူများအားလုံးသို့ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

အမေ့ဥယျာဉ်
မြင်းမူမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စီမံကိန်းစခန်း၊ ဘိလပ်မြေစက်ရုံများနှင့် ရန်ကုန်စတိုတို့မှ စီမံကိန်းနေရာများသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၁-၂-၂၀၁၃ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၁၅-၂-၂၀၁၃ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

မန္တလေးမှာ ခြံကျယ်ငှားမည်

အကျယ်အဝန်း ပေ(၄၁၅×၂၅၅) (၂. ၄)ဧကခန့် ရေ၊ မီးစုံ၊ မြေ သီးသန့်၊ မြို့လယ်သို့ ၆ မိနစ်သာ သွားရမည်။ လုပ်ငန်းကြီးများအတွက် သင့်တော်သည်။

ဖုန်း-၀၉-၄၃၁၄၆၂၄၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကျောက်မဲခရိုင်တရားရုံး
၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၅)

ဦးစော နှင့်
၁။ ဒေါ်ကြည်စိန်(ခ)ဒေါ်ခင်မျိုးမေ
၂။ ဦးတင်ဇော်(ခ)ဦးတင်အေး
၃။ ဦးစိုးမင်း
၄။ ဦးမြင့်ဇော်
၅။ ဒေါ်ဝင်းမြင့်

တရားလို **တရားပြိုင်များ**

သီပေါမြို့၊ ဘူတာအရှေ့ဘက်၊ နယ်မြေ(၂) မြန်မာရပ်နေ ဒေါ်ကြည်စိန်(ခ)ဒေါ်ခင်မျိုးမေမှ တစ်ဆင့် (ယခုနေရပ်လိပ်စာမသိ) ဦးစိုးမင်း သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစောက အမွေစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ(၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်) ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်း အထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်တင်ဌေး
ဒုတိယခရိုင်တရားသူကြီး
ကျောက်မဲခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၃၆၁၁၈၊ Kenbo 110, M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးဇော်မင်းထွန်း မှတ်ပုံတင်အမှတ်[၁၃/နမတ(နိုင်)၀၂၉၆၅၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ မချယ်ရီဝင်းသူ[၉/မရတ(နိုင်)၁၅၇၀၀၆] သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏ဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်ဝင်း-ဒေါ်ခင်မြင့်မြင့်
၁၇×၁၈၊ ၈၂×၈၃ လမ်းကြား
ကသဲဝင်းရပ်၊ မန္တလေးမြို့

ညောင်ဦးတွင် ကျောက်မှုန့်မြေဩဇာ ကြဲပက်သရုပ်ပြ

ညောင်ဦး ဖေဖော်ဝါရီ ၈

ညောင်ဦးခရိုင်တွင် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ မြေပဲသီးနှံ စွယ်ချချိန်တွင်(Gypsum) ကျောက်မှုန့်မြေဩဇာ ထည့်သွင်းသုံးစွဲခြင်းအားဖြင့် ပန်းပွင့်နှုန်းကောင်းခြင်း၊ စွယ်ချနှုန်းကောင်းခြင်း၊ အစေ့အဆန်ပြည့်ဖြိုးခြင်း၊ ဆီထွက်နှုန်းကောင်းခြင်းနှင့် တစ်ဧကအထွက် နှုန်းမြင့်မားစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်ကြောင်း တောင်သူများအား အသိပညာပေးဆွေးနွေးခြင်းနှင့် သရုပ်ပြကြဲပက်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက်က ရွှေတွင်းကျေးရွာ တောင်သူဦးခင်စိုး၏ ယာမြေ ၂ ဒသမ ၅၀ ဧက၌ ကျင်းပခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဆောင်းရာသီကာလတွင် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်ဧရိယာတွင် အထွက်ကောင်း ဆင်းပဒေသာ ၁၁ မြေပဲမျိုးအသုံးပြု၍ မျိုးသန့်အကွက်ကျယ်စံပြကွက် ၁၀ ဧကအား စံပြအဖြစ် စိုက်ပျိုးဆောင်ရွက်ထားရှိကြောင်း သိရသည်။

(ရဲသူရ)

ဆွေးမြည့်လျှပ်စစ်ဓာတ်တိုင်များအစား ကွန်ကရစ်တိုင်များလဲလှယ်

ကျောင်းကုန်း ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရန်အတွက် ဆွေးမြည့်သစ်သားတိုင်များအစား စံချိန်စံညွှန်းမီသော သံလက်တန်းပါ ကိုးမီတာကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ဇန်နဝါရီလကုန်ထိ ကျောင်းကုန်းမြို့နယ် အမှတ် (၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းတစ်လျှောက်တွင် လဲလှယ်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးငြိမ်းချမ်းအောင်နှင့် ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၃၆၅)

ဥတု ရာသီ တောကို မှီ၏

စစ်ကိုင်းမြို့နယ်တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး ရေပေးဝေရေးလုပ်ငန်းအောင်မြင်

မုံရွာ ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် စာရေး(အနောက်) ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ရေပေးဝေရေး လုပ်ငန်းတစ်ခု အောင်မြင်လျက်ရှိကြောင်း သိရသည်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေပေးဝေရေးလုပ်ငန်းနှင့် ပတ်သက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်ငွေအား မေးမြန်းရာ "ကျေးရွာကို ရေပေးဝေနိုင်တာကတော့ ဇန်နဝါရီ ၃ ရက်ကစတင်ပြီး ပေးဝေနေပါတယ်။ လာမယ့်နွေရာသီမှာ ရေပြတ်လပ်မှုမရှိစေရအောင် ကော်မတီဖွဲ့စည်းကာ တစ်အိမ်ထောင်ကို ငွေကျပ် ၃၀၀၀၀ ကောက်ယူပြီး ဆောင်ရွက်လိုက်တာပါ။ စာရေး(အနောက်) ကျေးရွာမှာ အိမ်ထောင်စု ၂၇၀ ခန့်ရှိပါတယ်၊ ရေယူမယ့် အိမ်ထောင်စုတွေကို မေးကြည့်တော့ အိမ်ထောင်စု ၂၅၆ စုခန့်က ရေယူကြပါတယ်၊ ကျန်တဲ့အိမ်ထောင်စုတွေလည်း ဆက်ပြီး ရေယူကြမှာပါ၊ ကောက်ယူရရှိတဲ့ငွေတွေနဲ့ အလျား ပေ၂၀၊ အနံ ၁၄ ပေ၊ အမြင့် ခြောက်ပေရှိ ကန်ကြီးကို တည်ဆောက်ပြီး မြင်း ကောင်ရေ ၂၂၀ အားရှိတဲ့ အင်ဂျင်စက်နဲ့ လေးလက်မ သံပိုက်လုံးများနဲ့ ယခင်က ရှိပြီးသားဖြစ်တဲ့ ကျွန်တော်တို့အခေါ် လွန်တွင်းပေါ့၊ အဲဒါကိုပြင်ဆင်ပြီးအသုံးပြုထားပါတယ်၊ ဒီမှာအချိန်ပြည့်လုပ်နိုင်မယ့် သူကိုလည်း ငှားရမ်းထားပါတယ်၊ လျှပ်စစ်မီးလည်းရရှိနေတဲ့အတွက် မီးလာတဲ့အချိန်မှာ ရေကိုမော်တာနဲ့ စုပ်တင်ပေးပါတယ်၊ မီးမလာရင်တော့ အင်ဂျင်စက်မောင်းတင်ပါတယ်၊ အခုရေယူတဲ့အိမ်ထောင်စုတွေကိုတော့ ၂၄ နာရီ အပြည့်အဝပေးထားပြီး သူတို့လိုသလောက်အသုံးပြုလို့ရအောင် ရေမီတာတွေတပ်ဆင်ပေးပြီး တစ်ယူနစ်ကို ၂၀၀ နှုန်း ကောက်ယူပါတယ်၊

အခုလိုဆောင်ရွက်လိုက်တဲ့အတွက် ကျေးရွာ ပြည်သူတွေနေနဲ့ အဝေးတစ်နေရာကိုသွားပြီး ရေသွားခပ်ရတဲ့အချိန်တွေ၊ ဒုက္ခတွေသက်သာသွားကြလို့ အဆင်ပြေကြပါတယ်၊ ကျေးရွာတိုင်း လုပ်ဆောင်နိုင်ကြမယ်ဆိုရင် ပိုကောင်းတာပေါ့"ဟု ပြောကြားခဲ့သည်။

(၆၁၁)

ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးခွင့် တင်ဒါခေါ်ယူခြင်း

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လ၌ ကျင်းပမည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် အကြိမ် (၅၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခွင့် လုပ်ငန်းလျှောက်ထားလိုသူများသည် ဈေးပြိုင်စနစ်ဖြင့် အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာများကို ၂၁-၂-၂၀၁၃ ရက်တွင် တင်သွင်းကြရမည်ဖြစ်ပြီး တင်ဒါစည်းမျဉ်းစည်းကမ်းများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနနှင့် ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက သင်တန်းရေးရာဌာန ဖုန်း-၅၈၅၀၇၅၊ ၀၉ ၇၃၂၄၁၀၀၈ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဓာတ်ပုံရိုက်ကူးခွင့် တင်ဒါခေါ်ယူရေးအဖွဲ့
ရန်ကုန်စီးပွားရေးတက္ကသိုလ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအားပယ်ဖျက်ခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အောက်ဖော်ပြပါ စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို Turn Key Tender (နိုင်ငံခြားငွေ) ဖြင့်ဝယ်ယူရန် ၃-၂-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာများတွင် ကြေညာထားခြင်းအား လုပ်ငန်းအခြေအနေအရ ပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ၆၆/၁၁ကေဗွီ၊ ၂၀အမ်ဗွီအေ ကျောက်ဖြူဓာတ်အားခွဲရုံ တည်ဆောက်ခြင်း။

(၂) ၂၃၀ကေဗွီ၊ ကျောက်ဖြူ GT ကျောက်ဖြူဓာတ်အားလိုင်း (၇)မိုင်တည်ဆောက်ခြင်း။

(၃) ၂၃၀ကေဗွီ၊ ကျောက်ဖြူ GT ဓာတ်အားခွဲရုံတွင် ၆၆ကေဗွီ၊ ကျောက်ဖြူမြို့ Switch Bay (၁)ခု တိုးချဲ့တည်ဆောက်ခြင်း။

အမြန်အလိုရှိသည် (ပြည်တွင်း၌သာနေထိုင်ရန်)

(၁) အမျိုးသမီးဝန်ထမ်း မ (၂၀) ဦး
(က) ဘွဲ့ရ၊ ကျန်းမာရေးကောင်းမွန်ရမည်။
(ခ) ရုပ်ရည်သန့်ပြန့်ပြီး၊ အသက်(၃၀)နှစ်အောက်ဖြစ်ရမည်။
(ဂ) ယဉ်ကျေးစွာစကားပြောဆိုနိုင်ပြီး၊ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။
(ဃ) ရန်ကုန်မြို့တွင်းသွားလာနိုင်သူ၊ အနည်းဆုံး(၆)လအလုပ်လုပ်နိုင်သူဖြစ်ရမည်။

(၂) စာပို့ဝန်ထမ်း ကျား(၃၀) ဦး
(က) ရန်ကုန်မြို့အတွင်းနေထိုင်ပြီး၊ ကျွမ်းကျင်စွာသွားလာနိုင်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီးအသက်(၃၀)နှစ်အောက်ဖြစ်ရမည်။
(ဂ) ပညာအရည်အချင်းအထက်တန်းအဆင့်အောင်မြင်ပြီးသူ (သို့) ဖြေဆိုထားသူ
(ဃ) မှတ်ပုံတင်ရှိပြီး၊ အနည်းဆုံး(၆)လအလုပ်လုပ်နိုင်ရမည်။

(၃) ယာဉ်မောင်း ကျား(၁၀) ဦး
(က) ရန်ကုန်မြို့တွင်းကားကိုကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
(ခ) အသက်(၅၀)နှစ်အောက်၊ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဂ) ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၅)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည်ဓာတ်ပုံ(၁)ပုံ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်လိုအပ်သောစာရွက်စာတမ်းများဖြင့် ကြော်ငြာပါသောနေ့မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာအတိုင်းလူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ROYAL EXPRESS SERVICES LTD.
၁၁၄ / ၁၁၆၊ မြေညီထပ်၊ ၄၈လမ်း (အလယ်) ၊ ဗိုလ်တထောင်မြို့နယ်။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၈၁)နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ပဘတ(နိုင်)၀၀၀၃၀၆]ကိုင်ဆောင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးတင့်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးတင့်နှင့် ဦးဇော်မွန်ဝင်းတို့သည် လွန်ခဲ့သော ၁၅-၂-၂၀၀၇ ရက်က ရန်ကုန်မြို့ တိုင်းတရားရုံးတွင် တရားဝင်လက်ထပ်ပြီး ပေါင်းသင်းနေထိုင်ခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မျိုးတင့်နှင့် ဦးဇော်မွန်ဝင်းတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၁-၂-၂၀၁၃ ရက်တွင် စမ်းချောင်းမြို့နယ်၊ ဒုတိယမြို့နယ်တရားသူကြီးရုံး၌ အသိသက်သေလူကြီးများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြွင်းလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ဖြင့် ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မျိုးတင့်နှင့် ဦးဇော်မွန်ဝင်းတို့သည် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးနောက် လက်ထပ်ပွားပစ္စည်းအားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးတင့်မှ တစ်စုံတစ်ရာ ရယူခဲ့ခြင်းမရှိခဲ့ပါ။

ကျွန်ုပ်မိတ်ဆွေဒေါ်ခင်မျိုးတင့်သည် ၁-၂-၂၀၁၃ ရက်က တရားဝင်ကွာရှင်းခဲ့ပြီးဖြစ်၍ နောက်နောင် ငွေကြေးကိစ္စ Max-D eco ကုမ္ပဏီလီမိတက်ကိစ္စတို့နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မျိုးတင့်နှင့်မသက်ဆိုင်တော့ပါ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းကို အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ချို LL.B (စဉ်-၄၀၁၃)	**ဦးကျော်ဆန်းဝင်း LL.B (စဉ်-၃၂၁၀၆)**
ဦးဇော်ဝင်းထွန်းLL.B, D.B.L (စဉ်-၈၇၀၃)	**ဒေါ်ဇင်မာနွယ်LL.B, D.B.L, D.I.L, C.B.L (စဉ်-၃၄၂၆၆)**
ဒေါ်ဝင်းမာလာ LL.B (စဉ်-၈၆၅၀)	**ဒေါ်ထိုက်ထိုက်အောင် LL.B, D.I.L, C.B.L (စဉ်-၃၆၁၃၀)**
	ဒေါ်ဇင်ဇင်ဖြိုး LL.B (စဉ်-၄၀၀၈၂)
တရားလွှတ်တော်ရှေ့နေများ	**အထက်တန်းရှေ့နေများ**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်း အငြိမ်းစားဝန်ထမ်းများသိသာစေရန်

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတွင် အငြိမ်းစားလစာ ထုတ်ယူခဲ့သည့် ဝန်ထမ်းများအား တိုးမြှင့်ပင်စင်လစာ ခံစားခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ လာရောက်ဆက်သွယ်သတင်းပို့ရန်ကျန်ရှိသော အငြိမ်းစားဝန်ထမ်းများ ရှိနေသေးပါသဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း(အထွေထွေစီမံခန့်ခွဲရေးဌာန)၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံးလာရောက် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဒု-အထွေထွေမန်နေဂျာ(စီမံခန့်ခွဲရေး)
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ ၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၈စီ^၁)၊ မြေကွက်အမှတ် (၃၉ဘီ) ဂရန်ရှိ မြေပိုင်မြေအမျိုးအစား၊ ဧရိယာ (၀. ၀၁၅) ဧက၊ အမှတ် (၄၁)၊ ဇလွန်လမ်း ဟု ခေါ်တွင်သောမြေ၊ ၎င်းမြေပေါ်ရှိ နှစ်ထပ်ခွဲ RC အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအေးကျော် (၈/သရန(နိုင်) ၀၀၅၀၇၄) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေအိမ်အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်ခွင့်အထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဤမြေနှင့်အိမ် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ခင်မာဆွေ (BA.HGP, RL)
အထက်တန်းရှေ့နေ (စဉ်-၁၆၄၂၀)
အခန်း-၅၊ တိုက်-၃၅၊ ဝေဇ္ဇုဝန်အိမ်ရာ၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၃၃၀၄၅၇၂၇၊ ၀၉-၄၉၂၈၉၄၃၄

တရုတ်
ENGLISH
Conversation Practice
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

Fancy~House
HAIR • BEAUTY • NAIL
Academy

Nail SPA
Promotion
လက်သည်းနှင့်ပတ်သက်သော ဘာသာစုံ သင်တန်း
(4) သိန်း
၁၄-၂-၂၀၁၃ နေ့တွင်စတင်ဖွင့်မည်။
ကြိုတင်စာရင်းပေးသွင်းပါရန် ....
Tel : 01- 662636 , 01- 657757 ,
01- 652995 , 01- 650759.

အခန်းဆက်ဝတ္ထု

[ပြောင်းလဲလာသော မီဒီယာ၏အခန်းကဏ္ဍနှင့်အတူ မိမိတို့သတင်းစာကိုလည်း ပြည်သူ့ဝန်ဆောင်မှုသတင်းစာများအဖြစ် အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ ပြောင်းလဲဖော်ဆောင်လျက် ရှိပါသည်။ မိမိတို့သတင်းစာအနေဖြင့် နိုင်ငံအကျိုးပြု သတင်းဆောင်းပါးများကို ဖော်ပြပေးနေသလို ပြည်သူများ ဗဟုသုတဖြစ်စေသော၊ စာဖတ်ပရိသတ်အတွက် ရသစုံဖြည့်စွမ်းလိုသော ဆန္ဒမှန်ဖြင့် သုတ၊ ရသစာများအပြင် ဝတ္ထုကဏ္ဍပါ ဖော်ပြပေးလျက်ရှိရာ တက္ကသိုလ်ဘုန်းနိုင်၏ နွေကန္တာဦးဝတ္ထုမှာ ဖေဖော်ဝါရီ ၈ ရက်တွင် ဖော်ပြမှုပြီးဆုံးသွားပြီဖြစ်ပါသည်။ ယခုတစ်ဖန် မိဘပြည်သူများအလေးထားဖတ်ရှုကြသည့် ဆရာကြီး ပီမိုးနင်း၏ ဝတ္ထုပဒေသာအမှတ်- ၁၄ မှ ကလပ်နောင်ဝတ္ထု ကို ရွေးထုတ်ဖော်ပြပေးလိုက်ပါသည်။(စာတည်းအဖွဲ့)]

ကလပ်နောင်



ကျွန်တော်သည် အထက်မြန်မာပြည် ကသာဒိစကြိတ်နယ်တို့တွင် သစ်တောဝန်ထောက်ရုံးစာရေးအဖြစ်နှင့် ထမ်းရွက်လုပ်ကိုင်နေစဉ် တစ်နေ့သ၌ ၎င်းနယ်စွန်နယ်ဖျားဖြစ်သော ဗူးတောင်းချောင်းဖျားနယ်မှ တောတက်၍အပြန် အုန်းမှင်ရွှေကျောင်းစသော ရွာများသို့ ဝင်ရောက်ပြီး "ကလပ်နောင်"ခေါ်သော တောမြို့ကလေးတစ်မြို့သို့ ရောက်ရှိရာ ထိုမြို့ကလေးမှာ စခန်းချပြီး ရပ်နားကြပါသည်။ နောက်တစ်နေ့ ရုံးအလုပ်အနည်းငယ်အားသည်နှင့် ထိုမြို့၏ အခြေအနေများကို စုံစမ်းကြည့်ရှုရာ အနောက်ဘက်၌ မဲဇာမြစ်ကြီးဆီးလျက် အရှေ့ဘက်၌ လေးတန်ချောင်းကြီး ရှိလေ၏။ ထိုသို့မြစ်ချောင်း နှစ်မွှာဆုံရာ ကြက်လျှာစွန်းသဏ္ဌာန်ရှိညီညာသော မြေမျက်နှာပြင်တွင် တည်ရှိသည်ကို သိရပါသည်။

၎င်းအပြင် အုံ့ဩဖွယ်တစ်ခုတွေ့ရှိရပြန်သည်မှာ ကြီးမားသောကျောင်းတိုင်ဟောင်း၊ အုတ်လှေကားဟောင်းများနှင့် သစ်ကြီးဝါးကြီးတို့ဖြင့် ဆောက်လုပ်ထားသော တိုက်အိမ်ကျောင်း နေရာဟောင်းကို လည်းကောင်း၊ ထို့ပြင် အလွန်ကြီးမား၍ အိုလွန်းသော မန်ကျည်းပင်၊ အုန်းပင်နှင့် အခြားအပင်အို ငုတ်တိုကြီးများကို လည်းကောင်း တွေ့မြင်ရသောကြောင့် ၎င်းနေရာသည် ရှေးနှစ်ပေါင်းများစွာက တစ်စိတ်တစ်ဒေသထင်ရှားခဲ့ဖူးသော မြို့ဟောင်းကြီးများဖြစ်သင့်သည်ဟု အထင်ရပါသည်။ ၎င်းတို့ကို ကြည့်ရှု၍ အတန်ညောင်းလာသည်နှင့် စခန်းသို့ပြန်အလာတွင် အသက်အရွယ်ရှစ်ဆယ်ကျော်ခန့်မျှရှိသော အဘိုးကြီးတစ်ယောက်နှင့် အခန့်သင့်တွေ့သောကြောင့် မိမိသိရှိလိုသော အရာကို ထိုအဘိုးကြီးအား မေးကြည့်ရက သိတန်သရွေ့ သိရမှာပဲဟု ဦးဒွန်းခေါ် အဘိုးကြီးအား နှုတ်ခွန်းဆက်သ၍ မေးကြည့်လေရာ ၎င်းအဘိုးကြီးက အတိုချုပ်ပြောပြသဖြင့် သိရှိရသောကြောင့် ဝတ္ထုသွား၊ စကားပြေနှင့် သင့်လျော်ညီညွတ်အောင် ပြင်ဆင်ရေးသားလိုက်သည် ဖြစ်ပါကြောင်း။

အူဝဲ. . . အူဝဲ ဟူသောအသံဖြင့် မစဲအောင်ငိုလျက်နေရှာသော ပုခက်အတွင်းရှိ သူငယ်ကလေးအား မိခင်ဖြစ်သူ မနှင်းအိသည် မျက်နှာချိုသွေးကာ ချော့မော့၍မြူရှာလေ၏။ ထိုသို့ ချော့မြူပါသော်လည်း တစာစာငိုပြန်လျက်ရှိနေစဉ် ရင်ခွင်ထက်တွင် ပိုက်ပွေ့ထားသော သူငယ်မကလေးကလည်း ထိုသို့ငိုယိုပြန်သောကြောင့် တစ်ဖန်ချော့ရပြန်လေ၏။ ထိုသို့လျှင် ကလေးနှစ်ယောက်တို့အား တစ်လှည့်စီ တစ်လှည့်စီအချိန်ကြာစွာ ချော့ပါငြားသော်လည်း ငိုအားကမလျော့ကြ၊ ကော့ကာလိမ်ကာနှင့် အတော်ပင်ပန်းနွမ်းရှာကြလေ၏။ မိခင်သည် ကြံရာမရ၊ စိတ်ရှုပ်လှ ၍ ထိုပုခက်အတွင်းသို့ ကလေးနှစ်ယောက်စလုံးကို ချသွင်းလိုက်သည်နှင့် တစ်ပြိုင်နက် အံ့ဩခြင်းဖြစ်မိလေ၏။ အကြောင်းမှာ ထိုကလေးနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်၍ မြူကာကစားသည့် ပမာ အငိုကို ရပ်စဲကြပြီးလျှင် ဗူးဗူးဘဲဘဲဖြင့် ပြုံးလားရယ်လားရှိနေသည်ကို မြင်ရလျှင်ပင် မိခင်သည် အလွန်ကြည်ရွှင်လျက် နေလနှစ်ပါးကို ကြည့်မြင်ရသည့်အလား ရွှန်းရွှန်းစားစားနှင့် ဝမ်းသာအားရရှိရှာလေ၏။

၁၀ နှစ်ကျော်မျှ ကြာလေလျှင် မောင်လွန်းကြည်နှင့် မသန်းရီဟူသော မောင်နှမနှစ်ယောက်တို့သည် ပုခက်တွင်းဝယ်ကစ၍ အတူတကွ အမြဲပျော်ရွှင်လျက် ကြီးပြင်းလာခဲ့ရာ ယခုအခါ သူငယ်ဘဝက လွတ်မြောက်ခါစ ၁၂ နှစ်မျှတိုင် ရောက်လာကြလေ၏။ ကစားမြူးတူးခြင်းတို့၌လည်း တိုးတက်၍ ထူးခြားစွာပြင်းပြလာသောကြောင့် မိခင်ဒေါ်နှင်းအိသည် အတွင်းသိ အစင်းသိဖြစ် လေ၍ သားဖြစ်သူအား ဆုံးမလိုသောကြောင့် "မောင်လွန်းကြည်ရေ. . . အမေ့နားခဏလာပါဦးကွဲ့၊ ငါ့သား ယခုလိုနေရတာ သိပ်ပြီးပျော်နေတယ် မှတ်တယ်။

ကြည်။ ။ပျော်တယ် မေမေရယ်၊ နှမကလေးသန်းရီနှင့်အတူတူနေရလျှင် သာလို့ပျော်တာပဲ မေမေရဲ့. . . ရီရီကလေးကလည်း ကျွန်တော်နှင့်အတူနေရလျှင် အလွန်ပျော်သတဲ့၊ ဒါပဲလား မေမေ. . . နှမလေးမျှော်နေရော့မယ်"

အိ။ ။ အိုနေပါဦး သားရဲ့. . . ပျော်ရပါတယ်၊ ပျော်ရပါတယ်။ ဒါထက် မေမေတစ်ခုပြောပြချင်သေးတယ် သားရဲ့၊ ဒီသန်းရီကလေးဟာ မင်းနှမအရင်းမဟုတ်ဘူးကွဲ့၊

> "ရှောက်ဆူးခံဆူး အစရှိသည်တို့သည် မည်သူကမှ ချွန်ထက်အောင် ပြုပြင်ရသည်မရှိ၊ ပကတိအလိုနှင့်သာလျှင် ချွန်ထက်လာဘိသို့ အရွယ်နှင့်မလိုက်အောင် သိုက်မြိုက်ယဉ်ကျေး၊ ပြောရေး၊ လိမ္မာ၊ ဝါစာ သီလိဌချေင်လှသော သန်းရီကလေးအား ဝေးနီးမခြား ချီးမွမ်းကြသော စကားတို့သည် တစ်ဆင့်မှတစ်ဆင့် ကျော်ကြားလျက် ရှိလေ၏။"

ဒီလို ဒီလို" ဟုအကြောင်းမျိုးစုံ ပြောပြရာ မောင်လွန်းကြည်သည် နဖူးကလေးကို တွန့်ရှုံ့ပြီး မျက်ခုံးကလေးကို နှစ်ခါသုံးခါမြင့်လျက် မယုံမကြည်နိုင်သော သဘောဖြင့် အံ့ဩခြင်းဖြစ်နေပြီးနောက် လက်တွင်းရှိပိုးလက်ကိုင်ပဝါကလေးကို လုံးထွေးဆုပ်နယ်ကာပြုပြီးလျှင် မေမေသည် သားကိုချစ်၍ ကစားကျီစယ်လိုက အခြားနည်းအားဖြင့် ကစားဖို့သင့်ပါလျက် ဤကဲ့သို့ မင်္ဂလာမရှိသော စကားကိုမှ ပြောကြားရလေခြင်းဟု မိခင်ဖြစ်သူအား သုန်မှုန်စွာ မျက်နှာထားနှင့် ကြည့်မိလေ၏။ ထိုသို့ကြည့်မိသည်ကို ဝမ်းနည်းခြင်းဖြစ်လာ၍ ဝဲလျက်ရှိသော မျက်ရည်ကို မိခင်မသိမမြင်စေရန် ကိုင်နေလျက်ရှိသော ပဝါဖြူကလေးကိုသာ ဖြန့်လျက်စိုက်ကာ ကြည့်နေလေ၏။

ရှောက်ဆူးခံဆူး အစရှိသည်တို့သည် မည်သူကမှ ချွန်ထက်အောင်ပြုပြင်ရသည်မရှိ၊ ပကတိအလိုနှင့်သာလျှင် ချွန်ထက်လာဘိသို့ အရွယ်နှင့်မလိုက်အောင် သိုက်မြိုက်ယဉ်ကျေး၊ ပြောရေး၊ လိမ္မာ၊ ဝါစာ သီလိဌချေင်လှသော သန်းရီကလေးအား ဝေးနီးမခြား ချီးမွမ်းကြသော စကားတို့သည် တစ်ဆင့်မှတစ်ဆင့် ကျော်ကြားလျက်ရှိလေ၏။ လှပသော ကိုယ်ရည်ကိုယ်သွေးတို့မှာလည်း "ဆေးပန်းချီမင်မဆန့်၊ ယဉ်သန့်သန့်ခန့်တယ်၊ မျိုးဇာတိနတ်နွယ်လို ထင်မှတ်ဖွယ်မခြား" ဆိုသော စာသွားထက်ကြောလောက်အောင် ချောသည်၊ လှသည်၊ ယဉ်ကျေးသိမ်မွေ့သည်များမှာ ဒေဝစ္ဆရီနတ်အလားကဲ့သို့ ယုံမှားထင်မှတ်သင့်ပေ၏။

မောင်လွန်းကြည်သည် မိခင်ပြောပြတားဆီးချက်များအရ မကျေမနပ်ဖြုံးဆပ်ဆပ်ဖြစ်ရသော်လည်း သန်းရီကလေးအား ထိုအကြောင်းကို မပြောရက်ဖြစ်ချေ၏။ ဤသို့ ရက်ရှည်လများ ကာလအားဖြင့် ကြာသောအခါ ယခင်က မိခင်ပြောကြားသော စကားများသည် ဘဝတစ်ပါးလိုလို အိပ်မက်ထဲကလိုလိုပင် ထင်မိတော့၏။ သို့ရာတွင် သန်းရီကလေးအား သနားခြင်းနှင့်မေတ္တာရှိခြင်းတို့သည် ကရုဏာပါ ရောပြွမ်းလျက် သုံးလွန်းတင်ကြိုးကဲ့သို့ တိုးတက်မြဲမြံခြင်း ပြင်းပြလာလေ၏။

အခါကာလသည် သာယာသော နွေဦးပေါက်စ ဂိမာန်ရာသီဖြစ်သော တပေါင်းလဆန်းအခါဖြစ်၍ သဇင်၊ ချရား၊ စံကား၊စံပယ်စသော ပန်းများကလည်း ရာသီအလိုက် အကိုက်အတွန့်၊ ဖူးညွန့်ခက်ဖြာလျက် ပွင့်ထွက်ခါစဖြစ်သောကြောင့် သင်းပျံ့သော ပန်းရနံ့တို့သည် နေခြည်ချမ်း၊ လေပြည်ဖျန်းလျက် ကြည်နူးလွမ်းဆွတ်ဖွယ်ရာရှိလေ၏။

အခြားသော လူပျိုလူရွယ်စသည်တို့မှာ တစ်စုံတစ်ရာသောအဖို့၏ ချစ်ကျွမ်းလွမ်းဆွတ်ဖွယ် မရှိကြသေးမီဘယ်အရာကို တမ်းတ၍လွမ်းရမည်မသိ၊ ကမ္ဘာ၏မျက်နှာပြင်သို့ အချက်မမြင်ဘဲ ယောင်ယောင်ဝါးဝါးနှင့်သာ ပေါ့လျော့စွာ လွမ်းယောင်တမ်းယောင်ရှိကြပေဦးမည်ဖြစ်သော်လည်း မောင်လွန်းကြည်မှာမူကား အသက်အရွယ်အားဖြင့် ၁၆ နှစ်သားအရွယ်သို့ ကျရောက်လာလေပြီဖြစ်သောကြောင့် ဤပန်းဥယျာဉ်ကြီးအတွင်း၌ ထိုသို့သော ယောင်ယောင်ဝါးဝါးအနှံ့တောပျား လွမ်းဆွတ်ရမည့်အစား ဤပထဝီ မြေပြင်ပေါ်တွင် ဘယ်အရာကိုမျှ ထင်ထင်ရှားရှား မမြင်နိုင်အားဘဲ သန်းရီကလေးတစ်ဦးတည်းအပေါ်၌သာ တစ်လုံးတစ်ခဲတည်း စွဲမြဲခြင်းပြုလျက် သတ္တုချကာစုပေါင်းပြီးလျှင် မေတ္တာချောင်းရေအလျဉ်သည် တသွင်သွင် ယိုစီးလျက်ရှိလေ၏။

ဤဥယျာဉ်ကြီးအတွင်း၌ ငယ်ရွယ်စဉ်အခါများကစ၍ ပျော်ပျော်ပါးပါး ပန်းပင်စိုက်ပျိုးခြင်း၊ လှပသော ပန်းကလေးများကို ဆွတ်ခူးနေကြခြင်းများမှာ အားမရနိုင်အောင် ဝမ်းသာစွာ အတူတကွပြုလုပ်ခဲ့ရသော်လည်း ယခုအခါမှာမူကား ထိုကဲ့သို့ ပြုလုပ်ရန် မရဲချေ။ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းအစကိုလည်း ရှာမရချေ။ သန်းရီသည် အရင်ကထက်ပင်သာ၍လှလာသည်ဟု ထင်ရပြန်လေ၏။ ထိုသို့ထင်ရသောကြောင့် မမြင်ရလျှင် မနေနိုင်၊ စိတ်၏သွေးဆောင်ရာဖြစ်လျက် ဥယျာဉ်တွင်းသို့ လျှောက်လာရာ သန်းရီသည် စံပယ်ရုံနားရှိ ခုံတန်းလျားပေါ်၌ ထိုင်နေသည်ကို မြင်ရသဖြင့် မရှုမရဲ ထိတ်ခနဲဖြစ်သွားလေ၏။

သန်းရီသည်လည်း မောင်လွန်းကြည်၏အပေါ်မှာ မိမိ၏ကိုယ်စိတ်နှစ်ဖြာတို့သည် ထူးခြားစွာဖြစ်ပေါ်လာသည့်သဘောများကို အထူးထူးအထွေထွေတွေးတော၍ နေစဉ်တွင် လက်တစ်ဖက်၌ သဇင်ပန်းကလေးကို ကိုင်ကာ မိမိထံလာနေသော မောင်လွန်းကြည်ကို မြင်ရလေလျှင် ရင်ဝ၌ ဖိုရှိန်းလျက် တဒိတ်ဒိတ်ဖြစ်၍ နေလေ၏။

ကြွေ့နွဲ့ရှင်ဖြစ်သော မိန်းကလေးတန်မဲ့နှင့် ယောကျ်ားပျိုများအား ထင်ထင်ရှားရှား မကြည့်သင့်ငြားသော်လည်း ထူးခြားသော ခတ်ကြိုးက ဆွဲနှိုးလိုက်ဘိသကဲ့သို့ မကြည့်ဘဲ မနေနိုင်။ သည်ဟာ ကိုလွန်းကြည် အစစ်ပဲလား၊ အို. . ဟုတ်မယ် မထင်ပါဘူးလေ။ ဒီလူက ကိုလွန်းကြည်ထက် အဆတစ်ရာမကအောင် လှနေတာကလားဟု ထင်ယောင်ထင်မှားတွေးတောလျက် တုန်လှုပ်သော အမူအရာဖြင့် ကိုင်ထားသော ခမ္မစကြာစာအုပ်ကို တစ်ရွက်ပြီးတစ်ရွက် ဟန်လုပ်လျက် ကြည့်နေရာ "ကွဲခံခေါ်ပနဘိက္ခဝေ ဒုက္ခံအရိယသစ္စံ" အစရှိသော စာလုံးကလေးများမှာ မောင်လွန်းကြည်၏ ဖိုတိုဘလောက် ခတ်ပုံကလေးများဖြစ်၍ နွဲ့ကာရွဲ့ကာ မူပါပါနှင့် မြူကာ ပြုံကာ စူကာတစ်ခန်း၊ ရီကာပြီကာ ကြည်စွာသန်းလျက် ညီညာစီကာ သီစွာတန်း၍ နေသည်ကို စိတ်မှန်းတိုင်း မြင်ရလေတော့၏။

မောင်လွန်းကြည်သည် သန်းရီထံသို့ သွားရောက်ရန် မရဲလှသော်လည်း အချစ်ခတ်က ဆွဲငင်ရစ်ပတ်သဖြင့် ခြေနှင့်ပင် သွားရမှန်းမသိဘဲ ထိုခုံတန်းလျားအနီးသို့ ရောက်ရှိနေလေ၏။

ထိုအခါ မောင်လွန်းကြည်က ဘာစာများဖတ်နေသလဲ ရီရီရယ်၊ ပြစမ်းပါဦးဟု သန်းရီလက်ထဲမှ စာအုပ်ကို လှမ်းယူလိုက်ရာ လက်ဖျားချင်းဖြင့် မသိမသာထိခိုက်မိလေ၏။ ထိုသို့ထိခိုက်မိရာတွင် ရှိုးတိုးရှန့်တန့်ဖြစ်သွားလျက် ကြက်သီးများ ထလေ၏။

ဤ၌ ငယ်ရွယ်စဉ်အခါကပင် ထိုကဲ့သို့တစ်ဦးနှင့်တစ်ဦး ကူးလူးဆက်ဆံခြင်းဖြင့် နေထိုင်လာခဲ့ရာ ထိုသို့ထိခြင်း တွေ့ခြင်းများမှာ မထူးခြားလှသော်လည်း ယခုအခါမှာမူကား ထူးထူးခြားခြား သိသိသာသာကြီး ဖြစ်ရှိနေသည်ကို အသီးသီးတွေးတောကာ ရှိနေကြလေ၏။

မျက်စိအချင်းချင်း အတွင်းခတ်ဖြင့် တဖျပ်ဖျပ်လှုပ်ရှားကာ ပြောဆိုနေကြခြင်းများမှာ စကားနှင့်ဖွင့်ဟ၍ ပြောပြရသလောက်မက အသားပါလှလေ၏။ အခြားလူများထက် မောင်လွန်းကြည်နှင့် သန်းရီတို့သည် သာ၍ပင် အဓိပ္ပာယ်အသိဆုံးဖြစ်လေ၏။

(ဆက်လက်ဖော်ပြပါမည်)

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်သံဃမဟာနာယက ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ဝင် ဒေါက်တာမြသီတာဆွေတင် (အက်စ်အိုင်ကုမ္ပဏီပိုင်ရှင်) အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် သုဓမ္မသိင်္ဂီဘွဲ့ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

နိုင်ငံတော်သံဃမဟာနာယကဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့

အလှဏ္ဍာဝါချစ်သူ
ကြိုတင်လက်မှတ်ရောင်းပြီ
သင်္ကြန်အတူ ခရီးစဉ် "ငပလီ" နေ့စဉ်
၁၂-၄-၂၀၁၃ ထွက်မည်
ဖုန်း - ၀၉-၇၃၀၀၂၇၄၃
၀၉-၄၂၀၁၂၇၅၀၂

စမ္ပြူကျော်
- ရွှေစက်တော်(ဖွင့်ပွဲ)၊မကွေး၊ပြည် (၃) ရက် - ၃၅ထောင်/-
- ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး၊ပခုက္ကူ၊မကွေး၊ပြည်၊(၅)ရက် - ၅၅ထောင်/-
Feb 13 ထွက်မည်
ကြိုတင်လက်မှတ်ရောင်းပြီ။
09-73177727,09-5194608

မိဘအမည်မှန်

ရန်ကုန်မြို့၊ သာကေတမြို့နယ် အမက (၃၇)၊ဒုတိယတန်း(က)မှ မသံသာလင်းလက်သူ၏ မိဘအမည်မှန်မှာ ဦးနေလင်းထွန်း-ဒေါ်နီလာဦးဖြစ်ပါကြောင်း။
ဦးနေလင်းထွန်း၊ ၁၂/အစန(နိုင်)၀၁၉၆၆၂
ဒေါ်နီလာဦး၊ ၁၂/သကတ(နိုင်)၁၂၆၅၅၅

ဦးသန့်ဇော်
B.Sc.IC.Q.DA, DMP, MBA, ACCA (Pro)
LCCI I & II (၃)လပြတ်
Sec (E) Feb ဒုတိယပတ်စမည်။
Mon to Wed 3:30 -5:30 pm
MYOB/Excel
ဝါရင့်ဆရာ/ဆရာမကြီးများသင်မည်
စီးပွားရေးတက္ကသိုလ်
MBA/DMA ဝင်ခွင့်
(MPA, MDevs အပါအဝင်)
GMAT, Reasoning & English
Sec (I) & Sec (II) သင်တန်းစပြီ။
■ ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည်။
■ မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည်။
ORION Business School
အမှတ်-၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (အုံ့စင်တာအနီး)။ Call ; 09 73154401, 09 5115997

မင်္ဂလာညီ့ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်းနေ (MD.KSS Group of Companies) ဟာဂျီ ဦးထွန်းမြင့် + ဟာဂျီမ ဒေါ်အေးအေးညွန့်(Finance Director, KSS Group of Companies) (မြန်မာနိုင်ငံ အမျိုးသမီး ရေးရာဖဟို အဖွဲ့ချုပ် အလုပ်အမှုဆောင်၊ မြန်မာအမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက၊ မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း စည်းရုံးရေးမှူး၊ လူမှုထူးချွန်တတိယအဆင့်) တို့၏ သားကြီး

မောင်အာကာကျော် @ Richard

DAB (Sunway University College, Malaysia)

MD (Cafe' KSS), Operation Director (KSS Group of Companies)

Director (Luxury Auto Service Co., Ltd.)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ လမ်း (၁၄၀) နေ ဦးဝင်းကျော်မြင့် @ ဦးဆန်နီ (MD, Golden Era Co., Ltd, ရွှေသဏ္ဍာရာဇ် အီလက်ထရောနစ် ဖြန့်ချိရေး) + ဒေါ်ယဉ်ယဉ်လဲ့ တို့၏ သမီး

မဖြူနှင်းပွင့်

BBM (Q), MBA

တို့၏ ၃-၂-၂၀၁၃၊ (တနင်္ဂနွေနေ့) တွင် SEDONA HOTEL (Grand Ballroom) ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညီ့ခံပွဲအခမ်းအနားတွင် မင်္ဂလာစံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်နှင့် ဇနီး ဒေါ်ခင်လေးနွယ်အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ ဖဟိုအဖွဲ့ချုပ်၊ မြန်မာအမျိုးသမီး အားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ UMFCCI မှ တက်ရောက်လာကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ပါမောက္ခများနှင့် ဆရာဝန်ကြီးများ၊ ကြွရောက် ချီးမြှင့်ပေးပါသော စက်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ မင်္ဂလာညီ့ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဆွေမျိုး မိတ်သင်္ဂဟများ၊ မိတ်ကပ်၊ ဆံပင်နှင့် မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော အလှဖန်တီးရှင် ခင်စန်းဝင်း၊ ဒီဇိုင်နာ မမေသက်လွင် (The Crown Fashion)၊ စိန်ရတနာဖြင့် အလှဆင်ပေးပါသော ဒေါ်ချိုချိုလွင် (စိန်ရွှေရတနာဆိုင်)၊ မင်္ဂလာ အခါ တော် တေးသီချင်းသီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်နှင့် Cupid တေးဂီတအဖွဲ့၊ မင်္ဂလာညီ့ခံပွဲ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ ပန်းအလှပြင်ဆင်ပေးပါသော ကိုဆွေ၊ ဓါတ်ပုံနှင့် ဗွီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ အကျွေးအမွေးဖြင့် ဧည့်ခံပေးပါသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဖက်ဖက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင် လှိုက်လှဲစွာ ကျေးဇူးအထူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်အာကာကျော် @ Richard + မဖြူနှင်းပွင့်

ရွှေတိဂုံစေတီတော်မြန်မာ့ရိုးရာထမနဲပွဲတော်ကျင်းပမည်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် မြန်မာ့ရိုးရာထမနဲလှူဒါန်းခြင်းပွဲတော်ကို (၁၃၇၄ခုနှစ်၊ တပို့တွဲလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။

ထမနဲပွဲတော်ကျင်းပရာ၌ တပို့တွဲလဆန်း ၁၄ ရက် (အဖိတ်နေ့)၊ ဖေဖော်ဝါရီလ ၂၄ ရက် ညနေ ၄နာရီတွင်ရွှေတိဂုံစေတီတော်ဘာသာရေးအသင်းအဖွဲ့များ၊ အခွန်ထမ်းများနှင့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများပါဝင်သော အသင်း(၃၆)သင်းတို့ဖြင့် ထမနဲထိုးပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၂၅ရက် (တပို့တွဲလပြည့်နေ့) နံနက် ၅နာရီတွင် ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ထမနဲဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဩဝါဒပါတိမောက်ဒေသနာရွတ်ဆိုပူဇော်ခြင်း၊ နံနက် ၆နာရီတွင် ဘုရားအမှူးပြုသော သံဃာတော်(၆၂)ပါးတို့အား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ နံနက် ၇နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေခြင်းစသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ဝိ/နှင့်အထက် ပါဝင်ကုသိုလ်ယူလှူဒါန်းသည့် အလှူရှင်များကိုလည်း ထမနဲလက်ဆောင်များ ပြန်လည်ပေးအပ်မည် ဖြစ်ပါသည်။ ထမနဲတစ်ဒယ်လျှင် ၂၅၀၀ဝိ/ကျပ်နှုန်းဖြင့် ရဟန်းရှင်လူ ပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒပါတိမောက် အခါတော်နေ့ကျင်းပ

ကိုးမိုင်မဟာစည်သနာ့ရိပ်သာတွင် ဩဝါဒပါတိမောက် အခါတော်နေ့ အခမ်းအနားကို ၂၅-၂-၂၀၁၃ရက် နံနက်၈နာရီတွင် မဟာစည်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ(၃)ကြိမ်ရွတ်ဆိုကာ အခမ်းအနားကိုဖွင့်လှစ်ပေးပါမည်။ ထို့နောက် အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ဩဝါဒပါတိမောက်အခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားတင်ပြပါမည်။ သံဃာတော်များနှင့် ဟိတေသီအဖွဲ့ဝင် ယောဂီများက ဩဝါဒပါတိမောက် ပါဠိတော်များ၊ အနက်အဓိပ္ပာယ်များ ရှစ်လုံးကဗျာများကို ညီညာဖျဖျ ရွတ်ဆိုပူဇော်ကြပါမည်။

ဩဝါဒါစရိယ ဆရာတော်ဦးကဝိဇ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇ) (အဂ္ဂမဟာပဏ္ဍိတ) အရှင်မြတ်က ဩဝါဒပါတိမောက်တရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူပါမည်။ ရန်ကုန်မြို့ ရွှေဘိုမင်းသမီးသနပ်ခါးလုပ်ငန်းပိုင်ရှင် ဦးတင်မောင်-(ဒေါ်မြကြည်) မိသားစုက ယောဂီကုန်၊ သံဃာကုန် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါမည်။ ကိုနိုင်ဝင်းထူး-မဝင်းနန္ဒာဦးတို့ မိသားစုက သံဃာတော်အရှင်မြတ်အပါး (၅၀)တို့အား အရုဏ်ထမနဲဆွမ်း ဆက်ကပ်လှူဒါန်းပါမည်။ ဒေါက်တာတင်မြင့်ခိုင်က အလှူရှင်များကိုဖတ်ကြားကြော်ငြာပြီး ဂုဏ်ပြုလွှာချီးမြှင့်ပါမည်။ ဆရာတော်ကြီးက အလှူရှင်အသီးသီး၏ ကုသိုလ်များကို ရေစက်သွန်းချ အမျှအတန်းပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းပါမည်။

အမည်ပြောင်းလဲခြင်း

မွန်ပြည်နယ် သထုံမြို့နယ် သရက်တောကျေးရွာနေ (ဘ) ဦးကျော်စိုးနိုင် [၁၀/မလမ(နိုင်) ၀၂၇၆၅၄] (အမိ) ဒေါ်ဌေးနွဲ့ [၁၀/သထန(နိုင်)၀၁၄၈၈၂]တို့၏သား မောင်လွှမ်းဂုဏ်လင်းကျော် [၁၀/သထန(နိုင်)၂၁၆၆၈၁] အား မောင်ဂုဏ်လင်းထင်ဟု ပြောင်းလဲခေါ်ပါရန်။ **ဂုဏ်လင်းထင်**

[၁၀/သထန(နိုင်)၂၁၆၆၈၁]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ် (၃၉)၊ အမည်ပေါက် ဒေါ်စန်းချို နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၆/မအရ(နိုင်)၀၉၈၄၉၈] မှ မြေချပါမစ် ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် (မူရင်း) အားပယ်ဖျက်၍မြေချပါမစ်မိတ္တူမှန် ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) (၄၀)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားဖိတ်ကြားခြင်း

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အင်္ဂပူမြို့နယ်သူ/သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၃၀နာရီ
နေရာ - "သုဂတောဓမ္မာရုံ" စွယ်တော်မြတ်စေတီ(ရန်ကုန်)၊ မရမ်းကုန်းမြို့နယ်

ဆက်သွယ်ရန် ၂၀၁၁-၂၀၁၂ခုနှစ်၊ တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရအသင်းဝင်များ၏သားသမီးများသည် အမှတ်စာရင်းမိတ္တူပူးတွဲလျက် ၁၇-၂-၂၀၁၃ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးပို့ကြပါရန်။

ဦးမြင့်အောင်(ဥက္ကဋ္ဌ)	**ဖုန်း-၀၉၅၁၅၉၁၄၄၊ ၀၁၉၆၆၆၃၅၂**
ဦးသောင်းတင်(အတွင်းရေးမှူး)	**ဖုန်း-၀၉၇၃၀၁၁၂၈၀**
သုဂတောဓမ္မာရုံ	**ဖုန်း-၀၁၆၅၆၂၀၇တို့ကို ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။**

(ဖိတ်စာသီးခြားမပို့ပါ။)

ဘွားဦးရတနာဖွားမြင်ခြင်း

ဖေဖေ ဦးသန်းထိုက်စိုး(နေမင်းဖြိုး)သရုပ်ဆောင်-မေမေ ဒေါ်ဖြူဖြူကျော်ဦး (Christine Ang) တို့၏သားဦးရတနာ Ethan Than Ang အား အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ St.Luke's Roosevert Hospital ၌ ၅-၂-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကျန်းမာစွာ မွေးဖွားပြီးပါကြောင်း ချစ်မြေးဦးသားရတနာလေး၏ မွေးနေ့ရက်မှစ၍ နောင်နှစ်ပေါင်းများစွာ သက်ရှည်ကျန်းမာ၍ ချွေးထွေးလုံ့ခြုံသော မေတ္တာရိပ်ကို ရရှိပိုင်ဆိုင်နိုင်ပါစေ။

ရန်ကုန်မြို့နေ ဘိုးဘိုး ဦးစိုးအောင် အမေရိကန်နိုင်ငံ နယူးယောက်မြို့နေ ဘိုးဘိုး ဦးကျော်ဦး

ဘွားဘွား ဒေါ်ဥမ္မာလှ ဘွားဘွား ဒေါ်ချောဟိုင်

J'International Business School

ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ရန်သွားမည့်သူများအတွက်

EPS(TOPIK) **ဖြေဆိုမည့်သူများအား သင်ရိုးသစ်စာအုပ်ဖြင့်သင်ကြားပါမည်။**

အပတ်စဉ်တန်းခွဲသစ်ဖွင့်သည်။ ရုံးချိန်ပြင်ပတန်းခွဲများရှိသည်။

* နယ်မှသင်တန်းသားများအတွက် အဆောင်စီစဉ်ပေးသည်။

အမှတ်(၃၅၃)၊ ဒုတိယထပ်(ဘယ်)၊ မဟာဗန္ဓုလလမ်း၊ ၃၉လမ်းထိပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၃၈၇၃၇၀၊ ၀၉-၄၂၁၀၅၆၉၉၉

အမည်ပြောင်း

အဖ ဦးစိုးမြင့်၏သား အထက(၅) ပြည်မြို့မှ စတုတ္ထတန်း(င)တွင် ပညာသင်ကြားနေသော အောင်ဟိန်းထက်အား ထွန်းလင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ထွန်းလင်းအောင်

အမည်ပြောင်း

အဖ ဦးရာကိန်း၏သား ချင်းပြည်နယ် ဖလမ်းမြို့မှာနေသော ဦးရန်နောင် [၄/မတပ(နိုင်)၀၀၇၆၂၇]အားအေလန်ရမ်ကုန်[၄/မတပ(နိုင်)၀၀၇၆၂၇]ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မျိုးခင် ချီလေတဲ့ချီလေ ဤမြေမှ ဟိုတောင်တန်း အတွဲ (၂)

မြဝတီစာပေဆုရ အငြိမ်းစားဗိုလ်မှူးကြီးမျိုးခင်၏ တတိယမြောက် ဆွတ်ပျံ့ဖွယ် စစ်အချစ်ဝတ္ထုကြီး

မြရတနာစာပေ ဖုန်း-၃၇၉၇၇၃၊ ၅၇၈၆၇၀ ထွက်ပြီ

တွေ့ရှိကအကြောင်းကြားပါရန်

ကျွန်မ မခင်အုန်းမြင့်၏ (Passport No.M297509) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀၈၁၁၈၂

အဘဘဝ၊ အဘအကြောင်း တစေ့တစောင်း

ဒလဘန်း

ဆရာကြီးမင်းသုဝဏ်၏မှတ်တမ်းမှတ်ရာများကို ကိုးကားလျက်၊ ဆရာကြီး၏သားဖြစ်သူမှ ဆရာကြီး၏ **ဘဝရှုခင်းအဖုံဖုံ**ကို ပုံဖော်ရေးဖွဲ့ထားသည့်စာအုပ်။

ဒုတိယအကြိမ်

နဝဒေးစာပေ

ဖုန်း - ၀၉၇၃၀၅၀၆၉၄ ၊ ၀၁-၃၇၅၆၀၅

အမည်ပြောင်း

ဒဂုံမြို့သစ်တောင်ပိုင်း၊ (၇၀)ရပ်ကွက်နေ အဖ ဦးသန်းဝင်း၏သား အထက(၄) နဝမတန်းမှ မောင်မြင့်ကြိုင်အား ယနေ့မှစ၍ မောင်ဇော်မင်းဟိန်းဟုခေါ်ပါရန်။

မောင်ဇော်မင်းဟိန်း

အမည်ပြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဦးစောနွဲ့မန်းဆား-ဒေါ်ခမ်းတင်တို့၏ သမီးလတ် မနန်းဖွတ်(ခ) စွဲခမ်းရင် [၁/ပတအ(နိုင်) ၀၅၄၀၅၁] အား မယမင်းအိမ့်(ခ)စွဲခမ်းရင်ဟုပြောင်းလဲခေါ်ပါရန်။

မယမင်းအိမ့်(ခ) စွဲခမ်းရင်

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား

နဂါးအမှတ်တံဆိပ်

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -၀၅၁၀ (YR)၀၀၁၅၂၀

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

Certificate TH09/3125 Certificate TH06/3966.01

ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၀၈ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

လက်ထပ်ထိမ်းမြားပြီးစီးကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၁၂၊ အခန်း ၄နေ
ဦးအောင်ဇင်-ဒေါက်တာဒေါ်ဝေဝေသိန်းတို့၏သား

မောင်ပြည့်စုံအောင်

Assistant Engineer, Elite Tech Manufacturing Co.,Ltd
B.Sc,Engg(EC), Dip In Information Technology

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ အောင်ဇေယျလမ်း၊
အမှတ် ၂၇(ဘီ)နေ
ဦးသန်းနိုင်အောင်-ဒေါ်သန်းသန်းမေတို့၏သမီး

မမေသီရိနိုင်

Managing Director, Adorn R.E B Co.,Ltd.
3rd year, B.Sc.In Business, SIM University, Singapore
Dip.In Real Estate Business, Ngee Ann Poly, Singapore

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၃-၂-၂၀၁၃ ရက်တွင် Chatrium Hotel ၌ လက်မှတ်ရေးထိုးပြီး ၄-၂-၂၀၁၃ ရက်တွင် မဟာစည်သာသနာ့ရိပ်သာတွင် မင်္ဂလာဦးဆွမ်းကျွေးနှင့်အတူ ဧည့်ခံပွဲ ပြုလုပ်ပြီးစီးပါကြောင်း။ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ပေးသော Elite Tech Manufacturing Co.,Ltd မှ Executive Director ဦးကျော်ဝင်းနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ တက်ရောက်လာကြသော မိတ်ဆွေသူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိ ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ပြည့်စုံအောင်-မမေသီရိနိုင်

မြန်မာ့ရေလုပ်ငန်းနှင့်မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီလီမိတက်

Myanmar Fisheries & Livestock Development Public (MFLDP)Company Limited

ဖွဲ့စည်းထားပြီးဖြစ်ကြောင်းပြည်သူသို့တင်ပြခြင်း

မြန်မာ့ရေလုပ်ငန်းနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီလီမိတက် Myanmar Fisheries & Livestock Development Public (MFLDP)Company Limitedကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်(၃၇၄၄/၂၀၁၂-၂၀၁၃)ဖြင့် အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

မြန်မာ့ရေလုပ်ငန်းနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီလီမိတက်(MFLDP)သည် မြန်မာ့ရေလုပ်ငန်းနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် အဆင့်မီ စီးပွားရေးအင်အားစုကြီးအဖြစ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအတွက် အစုရှယ်ယာနှင့်ပတ်သက်သော အသေးစိတ်အကြောင်းအရာများအား ဆက်လက်အသိပေး ကြော်ငြာသွားမည်ဖြစ်ပါသည်။

Myanmar Fisheries & Livestock Development Public (MFLDP) Co.,Ltd.

လိပ်စာ -4A-တိုက် ၈၉/၉၀၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
Tel/Fax : +951210337

ပန်းဧကရီ အဆင့်မြင့်ခရီးသွားလုပ်ငန်း
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) (နေ့စဉ်)
:09-73098523, 09-420247006
* အင်လေးတော်ကသပ (သီးသန့်) Feb 8/9
* ပုပ္ပါး ပုဂံ၊ ပခုက္ကူ (၃)ရက် Feb 9, Mar 23
* မန္တလေး၊ပြင်ဦးလွင်၊မုံရွာ(၅)ရက် Feb8,Mar23
* ရွှေစက်တော်ဗွင့်ပွဲ (အထူးဈေး) Feb 13/14

ကားစီးလုံးများ အထူးဈေးနှုန်းဖြင့် စီစဉ်ပေးသည်။(အိမ်အရောက်လက်မှတ်ပို့သည်)

အိမ်အရောက်ဝယ်မည်

ဒဂုံတောင်ပိုင်း၊ဒဂုံဆိပ်ကမ်းနှင့် လေးထောင့်ကန် (စိုက်/မွေး) ရှိ မြေကွက်များဝယ်မည်

Ph: 09-73118208

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
(ညှိနှိုင်းဈေး)

ရော်ဘာခြံ(၁၄. ၆ ဧက) ၂၀၀၀ Series
အပင်ရေ-၂၀၀၀ ကျော်
(ဖောင်ကြီး-အထက)အနီး
Ph:096502687, 092173525

ခရသင်း၊ သမင်ဖြူ ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis** မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊ ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရိုက်၊ ရေယုန်၊ ရိုဖြူ-ရိုနီဆင်းရောဂါ၊ အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊ ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၃၆၂၉
ကျွန်းကလေးကျေးရွာ၊ မင်းလမ်း၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)
မော်လမြိုင်ခရိုင်တရားရုံးတော်၌
၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

ဒေါ်လှဝင်း မူဆလင်စု၊ ကရင်ဝင်းစိန်ကျေးရွာ ချောင်းဆုံမြို့နယ်။ **(တရားလို)**	**နှင့်**	၁။ မဟူစနာဘီ ၂။ ဟာမက်(ခ)ခင်မောင်လှ **(အတူနေသားအမိ)** မူဆလင်စု၊ ကရင်ဝင်းစိန်ကျေးရွာ၊ ချောင်းဆုံမြို့နယ်။ ၃။ ဟဖ်စာ(ခ)မသီတာအေး၊ အမှတ်(၆၈)၊ (၁၄၁)လမ်း၊ ပထမထပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ၄။ မစန်းစန်းအေး(ခ)ခူရ်ရှစ်ဘီ အမှတ်(၃၃၆)၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ချောင်းဆုံမြို့။ ၅။ နူရ်ဂျန်ဘီ၊ အမှတ်(၂၃)၊ ဇေယျာသီရိ(၁)လမ်း၊ မော်လမြိုင်မြို့။ ၆။ အာဒမ်(ခ)ခင်မောင်ဦး၊ အမှတ်(၃/ခ)၊ ရန်အောင်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ၇။ စလေမန် ၈။ ဟူစိန်(ခ) ခင်မောင်ထွေး ၉။ အုစ်မာန်(ခ)ခင်မောင်လေး၊ ၁၀။ အိုမာမာ(ခ) ဥမ္မာဝင်း **(အတူနေမောင်နှမများ)**အမှတ်(၇)ရပ်ကွက်၊ မြို့သစ်ရပ်၊ မြိတ်မြို့။ **(တရားပြိုင်များ)**

အထက်ပါအမှုမှ တရားပြိုင်များဖြစ်ကြသော (၂) တရားပြိုင် ဟာမက်(ခ)ခင်မောင်လှ၊ (၃) တရားပြိုင် ဟဖ်စာ(ခ) မသီတာအေး၊ (၄) တရားပြိုင် မစန်းစန်းအေး(ခ)ခူရ်ရှစ်ဘီ၊ (၅)တရားပြိုင် မနူရ်ဂျန်ဘီ၊ (၆)တရားပြိုင် အာဒမ်(ခ)ခင်မောင်ဦး၊ (၇) တရားပြိုင် စလေမန် ၊ (၈) တရားပြိုင် ဟူစိန်(ခ) ခင်မောင်ထွေး၊ (၉) တရားပြိုင် အုစ်မာန်(ခ) ခင်မောင်လေး၊ (၁၀) တရားပြိုင် အိုမာမာ(ခ) ဥမ္မာဝင်း (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။သင်တို့အပေါ် တရားလိုက တရားရုံးတော်မှ အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ (၁၃၇၄ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။ **ယဉ်ယဉ်သိန်း၊ ဒုတိယခရိုင်တရားသူကြီး(၂)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလဘောင်ရပ်ကွက်၊ အမှတ်(၄)၊ နွယ်နီ(၁) လမ်းရှိ ပေ (၃၀×၁၇၅)ရှိ မြေကွက်အား ဦးအောင်လှမင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ခင်နှင်းပွင့် (အဖ)ဦးဒီအောင်ရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၂/လမတ(နိုင်)၀၂၅၇၅၅]ကိုင်ဆောင်သူမှ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါ၍ မြေပုံကူးယူခွင့်နှင့် ဂရန်အမည်ပြောင်း လျှောက်ထားတော့မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကြည်ကြည်ခိုင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၀၆)
ဖုန်း-၀၉၄၄၈၀၂၁၅၉၈၊
ဒေါ်ဇင်လင်းထွေး LL.B၊
အထက်တန်းရှေ့နေ စဉ်-၃၈၂၃၈
ဖုန်း-၀၉၄၂၁၁၇၉၉၇၅

အဆောက်အအုံဆောက်လုပ်ခွင့်လိုင်စင်
(LC-377) ရရှိထားသူ ဦးဝင်းစိုး
[၁၀/မလန(နိုင်)၁၀၄၇၀၇ အား အသိပေးကြေညာခြင်း]

လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ အင်းယားလမ်း၊ အမှတ်(၁၅) နေ ဦးဝင်းမောင် [၁၂/စခန(နိုင်)၀၅၅၈၀၅]ထံမှ ၎င်းပိုင်ဆိုင်သော လှိုင်မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာရှိ မြေကွက်အမှတ် (၄/၂၇) မြေပေါ်တွင် အဆောက်အအုံ ဆောက်လုပ်ပေးမည်ဟု ယုံကြည်အောင်ပြောဆိုပြီးငွေပေါင်း(၁၃၆၄၁၆၀၀/-) (ကျပ်ငွေတစ်ရာသုံးဆယ့်ခြောက်သိန်းလေးသောင်းတစ်ထောင်ခြောက်ရာတိတိ)ကို ထုတ်ယူသွားပြီး မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆောက်လုပ်ခွင့်ပြုမိန့်တောင်းခံရန် စီစဉ်မည်ဟု ပြောကြားကာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ ဦးဝင်းစိုးနှင့် ဆက်သွယ်မရ ဖြစ်နေပါသည်။ ဦးဝင်းစိုးအနေဖြင့် ယခုကြေညာသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေ ကျေနပ်သည်အထိ လာရောက်စာရင်းရှင်းလင်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးဝင်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ကြီး (LL.B) အထက်တန်းရှေ့နေ (စဉ်-၁၁၆၃၉)
တိုက်-၃၊ အခန်း-၂၈၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉ ၄၂၁၁၀၀၇၆၅

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်ဆန်း[၁၂/မရတ(နိုင်) ၁၁၄၉၁၉] အမှတ်(၃၆)၊ အကွက်(၂၁)၊ ဆည်မြောင်းလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံနတ်မှော်တန်းရပ်၊ မြင်းစီးလမ်း၊ အမှတ်(၁)နေ ဦးမောင်မောင်လွင် (ဘ) ဦးအုံးမြိုင်သည် ၁၄-၁-၂၀၁၃ ရက်တွင် ကွယ်လွန်ခဲ့ရာ မြေတိုင်းအကွက် ၆၈၊ ဦးပိုင်အမှတ်-၁၁၂ (၀. ၀၅၅)ဧကနှင့် ခ/၂၁၁ (၀. ၀၅၆) ဧကပေါင်း ၀. ၁၁၁ရှိ မြေနှင့် မြေပေါ်ရှိ နေအိမ်အရပ်ရပ်အကျိုးခံစားခွင့်များသည် ဦးမောင်မောင်လွင် အမည်ပေါက် ပိုင်ဆိုင်ပါသည်။

ဦးမောင်မောင်လွင်၏သား ဦးအောင်ဆန်း၊ ဦးကိုကို၊ ဦးသိန်းလွင်၊ ဦးဝင်းဆန်းတို့သည် အမွေဆက်ခံသူများဖြစ်လာကြပါသည်။ ဦးအောင်ဆန်းမှာ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားကြီး တစ်ဦးဖြစ်သည့်အားလျော်စွာ အထက်ဖော်ပြပါ အမွေဆိုင်နေအိမ်နှင့်တကွ မြေအရပ်ရပ်အကျိုးခံစားခွင့်များကို ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဆန်း၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ၊ အမွေဆိုင်နေအိမ်နှင့် မြေအကျိုးခံစားခွင့်အရပ်ရပ်ကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်း အစရှိသည့် ကိစ္စအရပ်ရပ်ကို မပြုလုပ်ပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဦးကြီးမြင့် B.A.(Law), LL.B,D.B.L, B.J.S(Rtd)
DVOCATE AND LEGAL CONSULTANT
တရားရုံးချုပ်ရှေ့နေ (စဉ်-၂၂၁၈)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရောဝဏ်လမ်း၊လူနေရပ်ကွက်အမှတ်(မြခွာညိုရိပ်မွန်)၊ မြေတိုင်းရပ်ကွက်မှတ်-ဂ(အနောက်)၊မြေကွက်အမှတ်(၄၄)၊ဧရိယာ(၀.၁ဂ၁)ဧကအကျယ်အဝန်းရှိ မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နှစ်(၆၀)ဂရန်အမည်ပေါက် လျက်တရားဝင်ပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုကြသူ ဒေါ်ခင်ခင်ချို (၁၂/ရကန(နိုင်)၀၆၄၁၉၉)၊ ဒေါ်ခင်ခင်လေး(၁၂/ရကန(နိုင်)၀၆ ၂၀၀ဂ)နှင့် ဦးငွေးရင်(၁၂/ရကန(နိုင်) ၀၆ ၂၀၀၆)တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်သူများမှကန့်ကွက်လိုပါက တရားဝင်နိုင်လိုသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(ဂ)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်နိုင်ဝင်း (စဉ်-၈၂၁၉)	ဒေါ်တင်တင်ခိုင် (စဉ်-၈၀၀၈)
LL.B, D.I.L	LL.B, D.B.L, D.M.L, D.I.L
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ

အမှတ်(၁၀/၁၂)၊အခန်း-၁၀၄(အီး)၊ပထမထပ်၊၃၅-လမ်း(အောက်)၊ကျောက်တံတားမြို့နယ်။
ဖုန်း- ၀၉ ၅၄၁ ၅၄၁ ၀ ၊ ၀၉ ၄၃၀ ၆၅၅ ၄၉ ၊ ၀၉ ၄၄ ၈၀ ၂၅ ၉၉၃

သံတွဲခရိုင်အသင်း(ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားခြင်း

သံတွဲခရိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၂၄-၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ၁၂း၀၀ နာရီတွင် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံစုံညီညီ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကန်တော့ခံ (၇၅)နှစ်နှင့်အထက် အသင်းဝင် ဘိုးဘွားများ၊ ၂၀၁၂-၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများ၊ နိုင်ငံတော်အဆင့်ဆု ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များသည် အထောက်အထားပြည့်စုံစွာဖြင့် ရုံးဖုန်း-၃၈၂၀၈၇၊ ဦးမြမောင် ဖုန်း-၀၉ ၁၉၅၁၂၁၅၂၁၊ ဦးထင်ကျော်လင်း ဖုန်း-၀၉-၄၉၃၀၅၆၇၃၊ ဒေါ်ခင်ကြည်မြင့် ဖုန်း-၀၉-၅၁၃၆၄၀၁ တို့ထံသို့ ၁၇-၂-၂၀၁၃ရက်ထက် နောက်မကျဘဲ စာရင်းပေးကြပါရန် အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂၊ ဦးပိုင်အမှတ်-၂/အ၁၃/၁၊ ဧရိယာ ၀. ၀၉၃ ဧကရှိ မြေပိုင်မြေအမျိုးအစား ဒေါ်ခင်သန်းနု အမည်ပေါက် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်-၆၁၊ သာယာအေးလမ်းသွယ်(၃)၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော အုတ်ခံပျဉ်ကာပျဉ်ခင်း နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ရှင် ဒေါ်ခင်သန်းနုထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူသည် ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်အေးကြူ M.A,R.L.
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၉၅၄/၈၀)
အမှတ်-၂၉၄(က)၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၆၄၁၃၉၂၊ ၀၉၅၀၃၃၄၅၉

ဇင်မာဦး[၁၂/ဥကတ(နိုင်)၁၄၈၉၇၆]၊ ဖခင်ဦးသန့်စင်ဦးနှင့်အများသိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၆၄-၇လွှာ)ကို မြေပိုင်ရှင် ဒေါ်တင်အေး[၈/မဘန(နိုင်)၀၀၃၀၃၈]ထံမှ ဦးဩဂတ်စတင်း-ဒေါ်ညိုညိုဝင်းတို့မှ မြေး Johnathan နှင့် မိခင် ဇင်မာဦးတို့ အတူနေထိုင်ရန်ရည်ရွယ်ပြီး (၃-၈-၂၀၀၉) ရက်တွင် ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဇင်မာဦးမှ Johnathan အား အဘိုးအဘွားတို့ထံ ပေးအပ်လိုက်ပြီး မိမိအား တိုက်ခန်းရောင်းချပေးပါရန် မေတ္တာရပ်ခံတောင်းပန်လာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဇနီးမောင်နှံမှ လက်ခံသဘောတူပြီး တိုက်ခန်းကိုရောင်းချရန် စီစဉ်ပါသည်။

ယခုအခါ တိုက်ခန်းအား မြေပိုင်ရှင် ဒေါ်တင်အေး၏ သားသမီးများမှ ပြန်လည်ဝယ်ယူမည်ဟု သဘောတူညီခဲ့ကြပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ဇင်မာဦးနှင့် ဖခင် ဦးသန့်စင်ဦးတို့အားလည်း ရရန်ရှိသောငွေနှင့် ပေးရန်ရှိသော ငွေတို့ကို ရှင်းလင်းပေးလိုပါသဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်တွေ့ဆုံပါရန် အကြောင်းကြားသိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်ခင်စန်းထွန်း(LL.B)(စဉ်-၁၇၉၈)	**ဒေါ်အေးညိုညိုလွင် (B.A, RL)(စဉ်-၂၄၈၂)**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
	အမှတ်(၇)၊ ဆီဆုံလမ်း၊ မြေညီထပ်(7-B)
	စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

တိုက်အမှတ်(၁၂)၊ ပထမထပ်(ခြေရင်းခန်း)၊ မာလာမြိုင်(၉)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ တိုက်ခန်းကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိ တိုက်ခန်းပိုင်ရှင် "ဦးထက်ထင်ကျော်"[၁၂/ရကန(နိုင်)၀၆၉၂၀၇]သို့ လည်းကောင်း ဖော်ပြပါတိုက်၏ "ဒုတိယထပ်(၃)လွှာ ခြေရင်းခန်း၊ "တိုက်ခန်းကို အပျောက်စနစ်ဖြင့် ဝယ်ယူရန်လက်ရှိ တိုက်ခန်းပိုင်ရှင် "ဒေါ်ခင်မာချို"[၁၁/တကန(နိုင်)၀၁၃၁၆၇]သို့လည်းကောင်း၊ ကျွန်ုပ်တို့၏ မိတ်ဆွေမှစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

ဦးထက်ထင်ကျော် နှင့် ဒေါ်ခင်မာချိုတို့အား စရန်ငွေများပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါတိုက်ခန်း(နှစ်ခန်း)ကို ဆက်လက်၍ အရောင်းအဝယ် စာချုပ်ချုပ်ဆို ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးမြင့်ရီ (စဉ်-၃၁၀၅၄)	**ဦးသိန်းညွန့်**
BSc,DA,HGP,R.L, DBL,DML,DIL	**BA,HGP,R.L,DBL,DML,DIL**
ဒေါ်ချောချောအေး LL.B(စဉ်-၂၇၄၆၇)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)**
ဒေါ်ဝါဝါစံ LL.B(စဉ်-၂၇၈၆၀)	**အမှတ်(၁၅၃)၊ ပထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း**
အထက်တန်းရှေ့နေများ	**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉ ၇၃၀ ၈၅၀၉၀၊ ၀၉ ၄၂၁၀၀၅၂၅၅	**ဖုန်း-၀၉ ၅၀၀၁၈၃၇၊ ၀၉ ၅၀၅၃၁၀၇**

၆-၂-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၈)ပါ ဦးကျော်သိန်း(ထားဝယ်)[၁၂/ပဇတ(နိုင်)၀၂၅၈၈၅]၏ အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း ကြေညာခြင်း

ဦးကျော်သိန်း(ထားဝယ်)နှင့် ကျွန်မဒေါ်မြရီတို့တွင် သားသမီးသုံးဦးဖြစ်သည့် ဒေါ်စန်းစန်း(ခ)ဒေါ်စန်းစန်းနွဲ့၊ ဒေါ်မာမာအေးနှင့် ဦးကျော်မင်းမင်းလတ်(ခ)ကိုစုတို့ ထွန်းကားခဲ့သည်မှာ မှန်ကန်ပြီး သားငယ် ဦးကျော်မင်းမင်းလတ်(ခ)ကိုစု ၁၀ နှစ်သားအရွယ် ၁၉၈၀ ခုနှစ်ကတည်းက တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီးနောက် ဦးကျော်သိန်း(ထားဝယ်) အနေဖြင့် နောက်အိမ်ထောင် ဒေါ်ကျင်သန်းနှင့် တစ်အိုးတစ်အိမ် ထူထောင်ရာ သမီးတစ်ဦးဖြစ်သူ ထွန်းကားခဲ့ပြီး စီးပွားသီးခြားလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ နောက်အိမ်ထောင်နှင့် ပေါင်းသင်းနေထိုင်စဉ် ၁၉၉၃ ခုနှစ်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရစဉ် ဦးကျော်သိန်း(ထားဝယ်)၏ အမှုကိစ္စ၊ နေရေး၊ ထိုင်ရေးနှင့် ကျန်းမာရေးကိစ္စအဝဝတို့အား သမီးကြီးဖြစ်သူ မစန်းစန်း(ခ)ဒေါ်စန်းစန်းနွဲ့မှ အဓိကတာဝန်ယူခဲ့ပြီး ကျန်သားသမီးနှစ်ဦးမှလည်း ထောက်ပံ့စောင့်ရှောက်ခဲ့ပါသည်။ ဦးကျော်သိန်း(ထားဝယ်)အနေဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရစဉ် သားသမီးများမှ ဝတ္တရားနှင့်အညီ စောင့်ရှောက်ခဲ့ခြင်းသာဖြစ်ပြီး ထောင်မှလွတ်မြောက်ပြီးသည့်အချိန် နောက်အိမ်ထောင် ထပ်မံပြု၍ သီးခြားနေထိုင်ပြီး မည်သည့်ပစ္စည်း(ရွှေထည်စိန်ထည်)များ အပ်နှံခဲ့ခြင်းမရှိပါ။ သားသမီးများမှာ ကိုယ့်အိုး ကိုယ့်အိမ်၊ ကိုယ်ပိုင်စီးပွားရေးများဖြင့် မိမိတို့ဘဝ ရပ်တည်နေထိုင်ရေးအတွက် လုပ်ကိုင်ရင်း မိခင်ဖခင်တို့အား ထောက်ပံ့နေခြင်းသာ ဖြစ်ပါသည်။ လ/၉၄၁၅ မော်တော်ယာဉ်မှာလည်း ဦးကျော်သိန်း(ထားဝယ်)ထောင်ကျနေစဉ်အတွင်း ကားကို ဖခင်ကြီး၏ နောက်အိမ်ထောင်နှင့်သမီးမှ ရောင်းချခဲ့ပြီး ယခုကဲ့သို့ မမှန်မကန်ကြေညာနေခြင်းသာ ဖြစ်ပါသည်။ ၂၀၀၁ ခုနှစ် ထောင်မှထွက်ပြီး ယနေ့တိုင် သမီးကြီး ဒေါ်စန်းစန်း(ခ)ဒေါ်စန်းစန်းနွဲ့နှင့် သားသမီးသုံးဦးတို့အား ဖခင်ကြီးအားထောက်ပံ့နေခြင်းအပေါ် ယခုကဲ့သို့အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ကြော်ငြာခြင်းအား မိခင်တစ်ယောက်အနေဖြင့် ကန့်ကွက်ပါကြောင်းနှင့် ဦးကျော်သိန်း(ထားဝယ်)၏ ကြော်ငြာချက်ပါ မိသားစုကိစ္စများသည် ဦးထွန်းထွန်းဦး-ဒေါ်မာမာတို့နှင့် မည်သို့မျှသက်ဆိုင်ပတ်သက်ခြင်းမရှိကြောင်း အများသိစေရန် ပြန်လည် ဖြေရှင်းကြေညာအပ်ပါသည်။

ဒေါ်မြရီ[၆/ထဝရ(နိုင်)၀၀၅၇၇၄]
စမ်းရတနာ စိန်ရွှေရတနာဆိုင်၊ ထားဝယ်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် နိုင်လင်းဇော်[၁၄/ပတန(နိုင်)၁၄၄၂၂၆]၏ C.D.C-86911 နှင့် Passport : M-939221 သည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၂၀၁၁၇၁၆၉၊ ၀၉၄၂၂၅၁၆၀၇၀

ပျောက်ဆုံး

ကျွန်တော် ကိုကိုမောင် မှတ်ပုံတင်အမှတ် [၁၂/ဒပန(နိုင်)၀၄၈၉၆၄]၏ Passport No. A 205644 သည် ၁-၂-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၈၆၂၄၃၉၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ည၊ မြေကွက်အမှတ်(၉၆၆)၊ မြေကွက်တည်နေရာအမှတ်(၉၆၆)၊ ဘူမွာ(၁၅)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် [ဦးကျော်သိန်း၊ (ဝိုင်ဒီအန်-၀၁၅၁၂၄) ဒေါ်လှခင်]အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် မိခင်၊ ဖခင် ကွယ်လွန်သဖြင့် ဒေါ်သန်းမြင့်[၁၄/ညတန(နိုင်)၀၈၁၉၉၀]၊ ဒေါ်မြစီ[၁၂/ဥကမ(နိုင်)၁၄၄၄၃၇]၊ ဒေါ်စန်းမြင့်[၁၂/ဥကမ(နိုင်)၁၄၄၄၃၆]၊ ဒေါ်ကျင်စီ[၁၂/ဥကမ(နိုင်)၀၈၄၄၃၃]၊ ဒေါ်တင်တင်ဌေး [၁၂/ဥကမ(နိုင်)၀၈၄၄၃၄]၊ ဒေါ်မြင့်မြင့်ချို [၁၂/ဥကမ(နိုင်)၀၈၄၄၃၅]တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ (၁၈၈၆၅/၂၇-၁၁-၂၀၁၂)ဖြင့် ရရှိသူ ဒေါ်စန်းမြင့်နှင့် ဒေါ်မြင့်မြင့်ချိုတို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၆၃၁၊ မြေကွက်တည်နေရာအမှတ်(၆၃၁)၊ အင်းဝ (၁၉)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်(ဒေါ်မေသန်းဦး၊ ဦးကိုကိုကြီး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကိုကိုကြီး ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်မေသန်းဦး[၁၂/မဂဒ(နိုင်)၀၄၉၈၇၂]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လေယာဉ်ပျံလက်မှတ် ကိုလံဘတ်(စ်)

Happy 2013 Promotion

ယခုမှစ၍ မတ်လ(၃၁)ရက်နေ့ ထိဝယ်ယူနိုင်ပါပြီ။

ရန်ကုန်မြို့တွင်း အိမ်အရောက်ပို့စနစ်

ရန်ကုန်-ဗန်ကောက် (အသွားအပြန်) US$ 131++

ဟောင်ကောင် US$ 296++
ကိုရီးယား US$ 428++
ဂျပန် US$ 540++

Columbus TRAVELS & TOURS 229245, 216245, 378535, 378549
columbuspromotion@gmail.com

မြေငှားပါမစ်မူရင်းများပြန်လည်အပ်နှံရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အဆင့်မြင့် အိမ်ရာစီမံကိန်းအရ ပြောင်းရွှေ့နေရာချထားသော အောက်ပါ မြေငှားပါမစ်မူရင်းများသည် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိပါသည်။ ကြော်ငြာသည့်နေ့မှ (၁၅) ရက်အတွင်း ပါမစ်မူရင်းလက်ဝယ်ရှိသူများ လှိုင်မြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်အပ်နှံရန်နှင့် အပ်နှံခြင်းမရှိပါက ပါမစ်မူရင်းကို ပယ်ဖျက်ပြီး ပိုင်ရှင်များသို့ မိတ္တူအသစ် ထပ်မံထုတ်ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စဉ်	ပိုင်ရှင်အမည်	မှတ်ပုံတင်အမှတ်	မြို့နယ်	မြေတိုင်း ရပ်ကွက်	မြေကွက် အမှတ်
၁။	ဦးဒူရာမောက်	AKB- ၁၉၂၅၉၀	တောင်ဒဂုံ	၁၀၄	၁၃၉၆(က)
၂။	ဦးသိန်းထွန်းဝင်း	[၁၂/လမန(နိုင်)၀၇၁၂၇၂]	ရွှေပြည်သာ(သံဒင်း)	၄၈	၂၄၀(ခ)
၃။	ဦးတင်စိုး	[၁၂/လမ(နိုင်)၀၇၁၁၉၈]	ရွှေပြည်သာ(သံဒင်း)	၄၈	၃၃၈(ခ)
၄။	ဦးထွန်းကိုကို	HLG-023934	ရွှေပြည်သာ(သံဒင်း)	၄၆	၈၀၅(က)
၅။	ဦးစိုးနိုင်ဦး	KLT-001672	ရွှေပြည်သာ(သံဒင်း)	၄၇	၉၄၅
၆။	ဦးတင်ဆင့်	[၁၂/လမန(နိုင်)၀၇၂၇၀၃]	ရွှေပြည်သာ(သံဒင်း)	၄၆	၉၀၀
၇။	ဦးသိန်းလှ	[၁၂/လမန(နိုင်)၀၇၃၂၇၈]	ရွှေပြည်သာ(သံဒင်း)	၄၈	၆၁၆
၈။	ဦးပေါက်စ	HLG-023738	ရွှေပြည်သာ(သံဒင်း)	၄၇	၃၃၂(က)
၉။	ဦးတင်အောင်	ISN-089711	ရွှေပြည်သာ(သံဒင်း)	၄၇	၃၃၂(ခ)

ရပ်ကွက်အုပ်ချုပ်ရေးမှူး
အမှတ်(၅) ရပ်ကွက်၊ လှိုင်မြို့နယ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စံပြ)၊ မြေကွက်အမှတ်(၉၁)၊ မြေကွက်တည်နေရာ၊ အမှတ်(၉၁)၊ စံပြ(၆)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးသိန်း[၁၂/သဃက(နိုင်)၀၅၅၂၈၈]နှင့် ဦးအောင်သန်း[၉/တသန(နိုင်)၀၆၉၅၅၃] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးသိန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ပိန်[၁၂/သဃက(နိုင်)၀၅၅၂၈၉]မှ ဇနီးတော်စပ်ကြောင်းနှင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးအောင်သန်း (ဖခင်)နှင့် ဒေါ်မြင့်သောင်း(မိခင်) တို့ ကွယ်လွန်သဖြင့် ဦးစံတင်[၁၂/ဒဂတ(နိုင်)၀၈၉၈၆၉]က တစ်ဦးတည်းသော သားတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ သေစာရင်း၊ ထပ်ဆင့် ကျမ်းကျိန်လွှာများတင်ပြ၍ အထွေထွေ ကိုယ်စားလှယ် လွှဲစာအမှတ် ၂၉၄၄/၁-၂-၁၂ ရသူ ဒေါ်သိန်းရွှေကြည်[၁၁/ကဖန(နိုင်)၀၄၀၃၆၃]နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၆၄၃၂/၂၂-၃-၁၂ ရသူ ဒေါ်သန်းသန်းရင်[၁၂/လသန(နိုင်)၀၀၃၀၅၂]တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"အများသိစေရန်ကြေညာခြင်း"

ပဲခူးတိုင်းဒေသကြီး၊ မဒေါက်မြို့နယ်၊ မြို့မ (၁) ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ် (င/၁၁) နေထိုင်သူ မမှုယာမျိုးထိုက် (၇/ညလပ (နိုင်) ၁၁၄၀၀၃)ကိုင်ဆောင်သူကအောက်ပါအတိုင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။ ကျွန်မ မမှုယာမျိုးထိုက်သည် ဦးမျိုးခိုင် (အောင်ဆုပိုင်ဆောက်လုပ်ရေး) (၁၂/လမန (နိုင်) ၀၉၁၉၂၁) ကိုင်ဆောင်သူထံမှ ၄င်းပိုင်တိုက်ခန်းဖြစ်သည့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇) ရပ်ကွက်၊ အမှတ် (၂၀)၊ (အေ-၂) အခန်း၊ အကျယ်အဝန်း (၁၁၃½ × ၄၀) ပေ၊ အမြင့် (၉)ပေ (ယပ်ခိုး)အား (၂၈-၁-၂၀၁၃) ရက်နေ့က နှစ်ဦးသဘောတူ အပြီးအပိုင်အရောင်းအဝယ် စာချုပ်ပြုလုပ်ဝယ်ယူပိုင်ဆိုင်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စင်အေးသန်း	ဒေါ်ဆွေးဆွေးခိုင်
(LL.B, D.B.L, D.I.L) WIPO (Switzerland)	LL.B
အထက်တန်းရှေ့နေ (စဉ်-၂၅၀၈၃)	အထက်တန်းရှေ့နေ (စဉ်-၃၈၆၅၃)

အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၃)လမ်း၊ အမှတ်(၄၈)အမည်တွင်သော (၂၇'×၅၀')ရှိ တစ်ထပ်ပျဉ်ထောင်သွပ်မိုး အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ မြေဖြစ်သည့် မြေတိုင်းရပ်ကွက်အမှတ်-၄၃-စီ၊ မြေကွက်အမှတ်-(၂၀/အေ၊ ၂၁-အေ)၊ အကျယ်အဝန်း ခန့်မှန်းဧရိယာ (၀. ၀၁၃)ဧကရှိ မြေတို့ကိုလွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းကြေညာသူ **(ဒေါ်ရူပါနွယ်စိုး-ပါ-၅)** ဦးတို့မှ ကျွန်ုပ်တို့၏မိတ်ဆွများဖြစ်သော **(ဦးထွန်းအေး-ပါ-၂)**သို့ အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေကာ မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေ/အိမ် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သူအကျိုးခံစားခွင့်ရှိသူများသည် ခိုင်လုံသောတရားဝင် အထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ရှို့စ်မာလာကျော်ငြိမ်း	**ဦးဝင်းမြင့်(H.G.P, LL.B)**
(LL.B, D.B.L, D.I.L) (စဉ်-၃၂၆၁၁)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၈၄၉)**
ဒေါ်မိုးမိုးအောင်(LL.B, D.B.L) (စဉ်-၃၄၅၇၀)	

အထက်တန်းရှေ့နေများ
အမှတ်-၂၅၆/အေ(၁၂-လွှာ)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မစိန္တာလမ်း၊ အမှတ်-၄၊ (ပ-ထပ်)နေ၊ ဦးမြင့်သိန်း (AA-၀၂၀၈၅၀)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ယခင်ကခေါ်ဆိုခဲ့သည့် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အုတ်ကျင်းရပ်ကွက်၊ ပဲမိုကုန်းအနောက်ရှိ မြေအကျယ်(၁၄၀' x ၁၁၀')မြေကွက်အား ဦးဟန်လင်းမင်း (ခ) ဦးသိန်းရွှေထံမှ (၁-၂-၁၉၈၅)ခုနှစ်ကတည်းက ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ ယခုၚင်းမြေကွက်၏လိပ်စာအခေါ်အဝေါ်မှာ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (ထန်းပင်ကုန်း)၊ အောင်သစ္စာလမ်း၊ အမှတ်(၁၃၂)ဟု တရားဝင်ခေါ်တွင်ပြီး ၄င်းမြေကွက်ကို လွန်ခဲ့သောနှစ်ပေါင်း(၂၈)နှစ်ကတည်းက ဝယ်ယူပိုင်ဆိုင်ထားပြီး ယနေ့တိုင် နေထိုင်ပိုင်ဆိုင် လျက်ရှိကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေမှလွဲပြီး ၄င်းမြေကွက်သည် အခြားမည်သူ့တစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးမြင့်သိန်း၏လွှဲအပ်ညွှန်ကြားချက်အရ -

ဦးထွန်းသန့်ဇင်အောင်
LLB., WIPO, DLP (Switzenland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၉)
အမှတ်(၈၃)၊(၁၆-A)၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
Ph - 095150403

အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းစင်တာ(၄)လွှာ၊ C-1 နေ ဒေါ်ကြည်ဟန် [၁၂/ရကန(နိုင်)၀၁၃၄၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ကြည်ဟန်၏သားဖြစ်သူ မောင်ကျော်နိုင်ဦး[၁၂/ရကန(နိုင်)၀၁၅၅၀၈]သည် သားသမီးတို့၏ကျင့်ဝတ်ပျက်ပြားရာပျက်ပြားကြောင်းဖြစ်သည့် မိခင်ကြီး၏ ဩဇာကို နာခံမှုမရှိခြင်း၊ မိခင်ကြီးအား ရန်သူသဖွယ် ပြုမူဆက်ဆံခြင်း၊ စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိခင်ကြီး၏ဂုဏ်သိက္ခာထိခိုက်အောင်ပြုမူခြင်းတို့ကြောင့် မောင်ကျော်နိုင်ဦးအား အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် မောင်ကျော်နိုင်ဦးနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကြည်ဟန်	**ဦးတင်ရှိန်(ရွှေတောင်)**
[၁၂/ရကန(နိုင်)၀၁၃၄၆၂]	**တရားလွှတ်တော်ရှေ့နေ(၂၉၅၇/၈၄)**
	အခန်း(A-4)၊ ပထမထပ်၊ (၅၀)ဘဏ်လမ်း၊
	ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
	ဖုန်း-၀၉၇၃၀၂၇၅၆၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၅၊ မြေကွက်အမှတ် (၉၅၀)၊ မြေကွက်တည်နေရာအမှတ်(၉၅၀)၊ (၁၀၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (ဒေါ်ခင်ခင်သန်း)[၁၂/တမန(နိုင်)၀၈၃၂၈၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ခင်သန်း(မိခင်)နှင့်(ဖခင်) ဦးညဏ်ဝင်းတို့ကွယ်လွန်၍ ၁။ဦးသန်းဝင်းဦး[၁၂/ပဘတ(နိုင်)၀၀၉ ၁၃၁] ၂။ဒေါ်နွယ်နီဝင်း[၁၂/ပဘတ(နိုင်)၀၀၉၀၉၄]၊ ၃။ဒေါ်အေးအေးဝင်း(ခ)ဒေါ်အေးအေးမင်း [၁၂/ပဘတ(နိုင်)၀၀၉၉၉၁]၊ ၄။ ဦးသန်းဝင်းထွန်း(ကွယ်လွန်)၏ဇနီး ဒေါ်အိအိတင်ဇာမော် [၁၂/တမန(နိုင်)၀၈၇၆၄၂]တို့မှ သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ တင်ပြ၍ ဦးသန်းဝင်းဦး၊ ဒေါ်အိအိတင်ဇာမော်၏ SP ၁၃၃၂၉/၃၁-၇-၂၀၁၂ ရသူ ဦးမျိုးသစ်လွင် [၁၂/ပဘတ(နိုင်)၀၀၈၀၄၃]နှင့် ဒေါ်နွယ်နီဝင်း၊ ဒေါ်အေးအေးဝင်း(ခ)ဒေါ်အေးအေးမင်း တို့မှ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃E¹၊ မြေကွက် အမှတ်I-6၊ ဧရိယာ (၁၀၅×၁၀၀') မြေကွက်တည်နေရာ အမှတ်(၁၂၄/၁၃၄) အနော်ရထာလမ်း၊ အမှတ်-၂၂၅/၂၂၇၊ ပန်းဆိုးတန်းလမ်း၊ အမှတ် ၁၉၆/၂၀၀၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ Sohalla Begum & Guzala Begumအမည်ပေါက် မြေပိုင်မြေအား ဒေါ်စိုဟီလာ(၁၂/ကတတ(နိုင်)၀၂၇၉၄၁)နှင့် ဒေါ်ဂါဇာလာ (၁၂/ကတတ(နိုင်)၀၂၈၀၈၆)တို့၏ISLAMABADရှိမြန်မာသံရုံးတွင် မှတ်ပုံတင်ထားရှိသည့် GP ရရှိသူ ဦးတက်တိုး(ခ) မဇ္ဇ(ဒ်)အာမက် က အမည်ပေါက်၏ အရောင်းအဝယ်စာချုပ်အမှတ်-၅၁၆/၆၃၊ (၂၂. ၃. ၆၃)အား တင်ပြ၍ အရောင်းမြေပုံကူးယူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မသက်ဆိုင်တော့ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့ ယုဇနဥယျာဉ်မြို့တော် စစ်တောင်းရိပ်မွန် ယုဇနလမ်း တိုက်(၁၇)၊ အခန်း(၃၀၁)နေ ကျွန်တော် ဦးစောသန်းလှိုင်၏ဇနီးဖြစ်သူ ဒေါ်ခင်စောဝေ [၁၁/စတန(နိုင်)၀၀၈၁၄၇]သည် ကျွန်တော်အား ၎င်းပြုလုပ်ခဲ့သော ငွေကြေးအရှုပ်အထွေးကိစ္စဖြင့် အရှက်ကွဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိသဘောဆန္ဒအလျောက် အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ၎င်းအားလုံးဝစွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစောသန်းလှိုင်
[၁၂/ဗတထ(နိုင်)၀၂၁၃၃၂]

KING STAR ဖုန်း — ၃၉၁၀၀၃ / ၀၉၇၃၀၄၉၇၀၀
ကွန်ပျူတာအတတ်သင် 20000Ks
အောက်ပါဘာသာရပ်များလည်းအဆင့်ဆင့်သင်ကြားနိုင်ပါသည်။ ချိန်ညှိနိုင်းပေးသည်။
ကျွမ်းကျင်မှုကိုအလေးထားသင်ကြားပေးပါသည်။ သင်တန်းကာလ (တစ်လခွဲ)
၁။ အမှတ်(၁၁၈)မြေညီ၊ (၃၈)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
၂။ အမှတ်(၁၀၃)မြေညီ၊ (၃၉)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
- Internet (6000Ks)
- i-Office 2010
- D.T.P ☏ : 391754
- Graphic Design
- A+ Hardware
- Video Editing
- AutoCAD 2D,3D

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်-၁/စီ၊ မြေကွက်အမှတ်-၄၂ မြေကွက်တည်နေရာအမှတ်-၂၁၆၊ ကွက်သစ်(၂)လမ်း၊ ပေါက်တော၊ အင်းစိန် ဒေါ်မေဦးခိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မေဦးခိုင်(အပျိုကြီးဘ၀)ဖြင့် ကွယ်လွန်သဖြင့် (၁)ဦးစိုးလွင်[၁၂/အစန(နိုင်)၀၀၇၂၀၉]၊ (၂)ဒေါ်မေဦးကြိုင်[၁၂/အစန(နိုင်)၀၀၇၆၅၆]၊ (၃)ဒေါ်မေဦးလှိုင်[၁၂/အစန(နိုင်)၀၀၇၂၅၇]၊ (၄)ဒေါ်မေဦးခိုင်[၁၂/အစန(နိုင်)၀၀၉၅၆၉]၊ (၅)ဒေါ်မေဦးမြိုင်[၁၂/အစန(နိုင်)၁၇၇၆၈၇]၊ (၆)ဒေါ်ယုယုကြည်[၁၂/အစန(နိုင်)၀၀၇၆၄၃]တို့က မွေးချင်းညီအစ်ကိုမောင်နှမအရင်းများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဦးစိုးလွင်၊ ဒေါ်မေဦးကြိုင်၊ ဒေါ်မေဦးလှိုင်တို့ထံမှ ကိုယ်စားလှယ်လွှဲစာ-၁၅၆၄၀/၁၂(၂၀-၉-၁၂)၊ ဒေါ်မေဦးခိုင်၊ ဒေါ်မေဦးမြိုင်၊ ဒေါ်ယုယုကြည်တို့ထံမှ ကိုယ်စားလှယ်လွှဲစာ-၁၅၆၄၁/၁၂ (၂၀-၉-၁၂)ဖြင့် G.P ရသူ ဦးဇေယျာဦး[၁၂/အစန(နိုင်)၀၀၉၅၀၁]က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကောင်ရှိန်အိ(ခ)ဒေါ်စန်းရီ

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ASIAN VILLA အိမ်ရာဝင်းနေ ဦးစိုးမြင့်(ခ)ဦးကိုကိုကြီး၏ ဇနီး ဒေါ်ကောင်ရှိန်အိ(ခ) ဒေါ်စန်းရီသည် ၂-၂-၂၀၁၃(စနေနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ASIAN VILLA အိမ်ရာဝင်း
မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်စောဦး

အသက်(၆၈)နှစ်

စစ်သူနာပြုအမှတ်စဉ်(၇)(ငြိမ်း)

သူငယ်ချင်း Captain နန္ဒမိုးဟိန်း၏ မိခင် ဒေါ်ခင်စောဦးသည် ၃-၂-၂၀၁၃(တနင်္ဂနွေနေ့) ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

CD-24/96 မှ သူငယ်ချင်းများ

အထူးဝမ်းနည်းခြင်း

ဒေါ်မြသန်းနွဲ့

အသက်(၆၃)နှစ်

လေးစားရပါသောအစ်ကို ဦးမောင်မောင်ထွေး (ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန)၏ချစ်ဇနီး မမနွဲ့ ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ခံစားရပါသည်။

